# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၃)ရက် ၊ သောကြာနေ့ ၊ (8-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၁၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် မတ် ၇**

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ဒုတိယဝန်ကြီးများနှင့်ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ဖေဖော်ဝါရီလအတွင်း ကျင်းပခဲ့သည့် ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ကော်ဖီနှင့်အသားနို့ထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေးပွဲတွင် မိမိအနေဖြင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၈ ရက်
အယ်ဒီတာ့အာဘော်

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

မတ် ၈ ရက်(ယနေ့)သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်မျှရှိသည့် အမျိုးသမီးများသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဓိကကျသည့် အင်အားစုကြီးဖြစ်ပြီး အမျိုးသမီးများ၏အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှုများကို ပိုမိုအာရုံစိုက်မိလာစေရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အလေးထားအကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ် ကမ္ဘာတစ်ဝန်း၌ ကျင်းပကြပါသည်။

ကုလသမဂ္ဂက ၁၉၇၅ ခုနှစ် မတ် ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနှစ်အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှစ၍ နှစ်စဉ် မတ် ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ် မတ် ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် နိုင်ငံပေါင်း ၂၈ နိုင်ငံတွင် တရားဝင်အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြသည်။

အမျိုးသမီးများအနေဖြင့် အခွင့်အရေးများကို တန်းတူရရှိစေရန်နှင့် ခွဲခြားဆက်ဆံမှုများပပျောက်စေရန်အတွက် နိုင်ငံတကာတွင် ချမှတ်ထားသည့် ကွန်ဗင်းရှင်းများကိုကြည့်လျှင် ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့သည့် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"တွင် အမျိုးသမီးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကိုလည်း ပြဋ္ဌာန်းထားရှိပြီး ကမ္ဘာကြီးတစ်ခုလုံး သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးသည့်အကြောင်းတရားများ ရရှိရန်အတွက် နယ်ပယ်အားလုံးတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများ၏ပါဝင်မှုကို တိုးမြှင့်သလောက်တိုးမြှင့်ပေးရန် လိုအပ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း"တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို အလေးအနက်ထားအကောင်အထည်ဖော်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၆ ဒသမ ၂ သန်းရှိရာ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြသည်။ ထိုကိန်းဂဏန်းအရ အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အလေးပေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်စေမည်ဖြစ်ပါသည်။

ကုလသမဂ္ဂက ယခုနှစ် မတ် ၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် ချမှတ်ထားသောဆောင်ပုဒ်မှာ "အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင်မြှုပ်နှံပေး **(Invest in Women: Accelerate Progress)**" ဖြစ်သည်။ နှစ်စဉ် ကုလသမဂ္ဂက ချမှတ်ထားသောဆောင်ပုဒ်နှင့်အညီ ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားများကို ကျင်းပခြင်းဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးငယ်များ၏ လူမှုစီးပွားဘဝအခြေအနေမြင့်မားရေးတွင် အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကဏ္ဍစုံတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ပါဝင်ခွင့်ရရှိရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက်၌ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၆၀ စိုက်ထူပြသမည်



**မန္တလေး မတ် ၇**

မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက်၌ မတ်လဒုတိယပတ်အတွင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၆၀ စိုက်ထူပြသမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ် မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များသွားလာရာတွင် သောင်တင်မှုများ၊ တိမ်းမှောက်မှုများ မဖြစ်ပေါ်စေရေး ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၈၀ စိုက်ထူပြသပေးမည်ဖြစ်ကြောင်း၊ ထိုသို့ စိုက်ထူပြသရာတွင် ရေလမ်းညွှန်ဌာနမှ ဝန်ထမ်းများက ရေယာဉ်နှစ်စီးဖြင့် လိုက်လံစိုက်ထူမည်ဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိ ရောဝတီမြစ်ရေနည်းချိန်ကာလ ဖြစ်တာကြောင့် သောင်ထွန်းတာတွေဖြစ်ပေါ်နေပြီး ရေလမ်းကြောင်း ပြောင်းလဲကာ အရင်ဖေဖော်ဝါရီလကစိုက်ထူပြသပေးခဲ့တဲ့ ရေလမ်းညွှန်အမှတ်အသားတွေပျက်စီးဆုံးရှုံးတာတွေရှိခဲ့တယ်။ ဒါကြောင့် မတ်လအတွင်းမှာ မန္တလေး-သဖန်းကုန်း-ရွာသစ်ကြီး ရေလမ်းကြောင်းတစ်လျှောက် ရေပေါ်နဲ့ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားတွေ ပိုမိုစိုက်ထူပြသပေးသွားမှာပါ"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုလက်ရှိ ရောဝတီမြစ်အတွင်း မြစ်ရေကျဆင်းနေခြင်းကြောင့် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိသဖြင့် မန္တလေးဆိပ်ကမ်းမှ ခရီးသည်တင်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များ မြစ်အတွင်းသွားလာရာတွင် သောင်ထွန်းမှုများ ဖြစ်ပေါ်နေသည့်ကျေးရွာအနီးရှိ ရေလမ်းညွှန်အမှတ်အသားများကို သတိပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး မတ် ၇**

မန္တလေးကားဈေးကွက်တွင် မော်ဒယ်မြင့်ဘယ်မောင်းကားများနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းအသင့်အတင့်ရှိ ကားအမျိုးအစားများမှာ အရောင်းအဝယ်ဖြစ်နေကြောင်း လမ်း ၆၀ ကားဝိုင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးကားများကို စိတ်ဝင်စားမှုမြင့်တက်နေပြီး ငွေကျပ်သိန်း ၁၅၀၀ ခန့်ပေါက်ဈေးရှိကြောင်း၊ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သောSKD ကားများတွင်လည်း ငွေကျပ်သိန်း ၁၀၀၀ ခန့်ထိရှိခဲ့ရာမှ ယခုအခါ ဈေးနှုန်းများကျဆင်းလာကြောင်း သိရသည်။

အလားတူ ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း၊ ယခုအခါ ငွေကျပ်သိန်း ၅၀၀ အောက် MDY လိုင်စင်ကားဟောင်းများ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဗစ်၊ မာဇဒါဒီမီယို၊ ဝှစ်ရှ်စသည့်ကားများပို၍ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ဝှစ်ရှ်အမျိုးအစားများတွင် ငွေကျပ်သိန်း ၃၅၀ ခန့် ဈေးတန်းရှိကားများပို၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေးဆိုင်ကယ် ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များ လူကြိုက်များလာကာ ဝယ်ယူမှုများနေပြီး အနည်းဆုံး ငွေကျပ် ၁၆ သိန်း ၅ သောင်းမှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် တရုတ်နိုင်ငံထုတ်အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၇ သိန်းမှ ၁၃ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆုံး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၉ သောင်းမှ ၁၅ သိန်းခန့်ထိရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click (ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့်ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ် လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။ (၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပိုလ်စားပဲများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ထွက်ရှိသည့် ဗိုလ်စားပဲများ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းသို့ တောင်ပေါ်ဒေသမှ ထွက်ရှိသည့် ဗိုလ်စားပဲများ နေ့စဉ် ၁၂ ဘီးကား သုံးစီးမှလေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ ဗိုလ်စားပဲများသည် ယခုလက်ရှိတွင် တစ်ပိဿာလျှင်ငွေကျပ် ၂၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဗိုလ်စားပဲက တောင်ပေါ်ဒေသဘက်တွေကပဲထွက်ရှိပြီး ဈေးကို အပြိုင်ဝင်ရောက်နေပါတယ်။ မြေပြန့်ဒေသဘက်က ထွက်တာမရှိတော့ပါဘူး။ တောင်ပေါ်ဒေသတွေကပဲထွက်ပြီး ဈေးကွက်အတွင်းကို နေ့စဉ်ဝင်ရောက်နေတာကြောင့် အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ စိုက်ပျိုးမှုတွေကလဲ အရင်နှစ်တွေနဲ့စာရင် နည်းလာပါတယ်။ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ အာလူး၊ မုန်ညင်း၊ မုန်လာဥ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ မုန်လာဥနီ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်တွေကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိဖွင့်လှစ်ရောင်းချပေးနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကူးမြို့နယ် ဆီဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကူး မတ် ၇**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆီဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်း၊ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းလင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆီဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆီဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၄၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၁၁၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၃၈ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ငွေကျပ် ၄၀၆ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

# မလှိုင်မြို့နယ် ကံသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသစ်ကြီးကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၄၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၅ ဦးကို ငွေကျပ် ၄၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တီလားပီးယား ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပန်းတနော် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း တီလားပီးယားပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်စုက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချရာတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ တစ်လအတွင်း တီလားပီးယား ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းတနော်မြို့နယ်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ တီလားပီးယားငါးတွေ ဝယ်ယူမှုကောင်းနေတာကြောင့် ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရတာပါ။ ငါးပိဿာချိန်တွေ တော်တော်များများ တင်ပို့ရောင်းချနေရတာကြောင့် မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေ အဆင်ပြေနေပါတယ်။ အခုတီလားပီးယား ဝယ်ယူမှုကောင်းလာတာကြောင့် မွေးမြူသူတွေ ငါးအကောင်ရေ ထပ်တိုးမွေးလာတာတွေ့ရပါတယ်။ ငါးဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိပါတယ်"ဟု ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်စုက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် မွေးမြူသည့် တီလားပီးယားငါးနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားပီးယားငါးများ ထွက်ရှိပြီး အဆိုပါ တီလားပီးယားကို သုံးလခန့် မွေးမြူရကြောင်း၊ အဆိုပါ ပန်းတနော်မြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေသည့် တီလားပီးယား တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးပေါက်နေကြောင်း ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်စုထံမှ သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ပေါက်မကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စလင်း မတ် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်မကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ပေါက်မကျေးရွာ၌ 3 HP Submersible Pump+ 5.4KW Solar+ 4 KW Inverter တပ်ဆင်ထားရှိမှုများနှင့် ရေထွက်နှုန်းအနေအထားများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပေါက်မကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၂၅၃၄ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက ယခုနှစ် ဖေဖော်ဝါရီလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန့်သန့်ရိုး**

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၆၂ ဧက စိုက်ပျိုးပြီးစီး

**ဘုတလင် မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၆၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဘုတလင်မြို့နယ်အတွင်း ပဲတီစိမ်း ၁၅၀၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးပြီးပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်စေဖို့၊ ရွက်လိပ်ပိုး၊ စတဲ့ပိုးမွှားအန္တရာယ်တွေ မကျရောက်စေဖို့၊ အရည်အသွေးကောင်းတဲ့သီးနှံဖြစ်စေဖို့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို ဆက်လက်ပြီး ကွင်းဆင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဘုတလင်မြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၅၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

**မတ်လ ၈ ရက်နေ့**

နှစ်စဉ် မတ် ၈ ရက်ကို **"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"**အဖြစ် ကုလသမဂ္ဂအဖွဲ့က ၁၉၇၇ ခုနှစ် မတ် ၈ ရက်တွင် တရားဝင်သတ်မှတ်ပေးခဲ့ပြီး တစ်ကမ္ဘာလုံးရှိ အမျိုးသမီးများ၏ဂုဏ်ရည်ကို မြှင့်တင်ပေးခဲ့သည်။

**အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံ**

ပထမကမ္ဘာစစ်မဖြစ်ပွားမီက အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှအခွင့်အရေးမရခဲ့ကြသဖြင့် ဆန္ဒထုတ်ဖော်ပွဲများနှင့် သပိတ်မှောက်ပွဲများ ဖြစ်ပွားခဲ့ကြသည်။

၁၈၅၇ ခုနှစ် မတ် ၈ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ အထည်ချုပ်လုပ်ငန်းနှင့် အထည်အလိပ်လုပ်သူ အမျိုးသမီးများသည် လုပ်အားနှင့်လုပ်ခ မမျှတသည်ကိုအကြောင်းပြုကာ လမ်းပေါ်ထွက်လာခဲ့ကြပြီး ပထမဆုံးအကြိမ်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထိုသို့ဆန္ဒထုတ်ဖော်ကြသူများကို အာဏာပိုင်အဖွဲ့က တိုက်ခိုက်နှိမ်နင်းခဲ့ရာ အလုပ်သမားသမဂ္ဂအဖွဲ့အစည်းတည်ထောင်ရေးကို လှုံ့ဆော်တွန်းအားပေးလာခဲ့ပြီး နှစ်စဉ်နှစ်တိုင်း မတ် ၈ ရက်တွင် အမျိုးသမီးများဆန္ဒထုတ်ဖော်ပွဲများ ဖြစ်ပေါ်လာခဲ့ကြသည်။

၁၉၀၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ စက်ရုံများမှ အမျိုးသမီးလုပ်သား အင်အား ၁၅၀၀၀ ခန့်သည် လုပ်ငန်းခွင်အတွင်း မညီမျှမှုများ၊ အလုပ်ချိန်လျှော့ပေါ့ရေးနှင့် လုပ်အားခတိုးပေးရေး၊ လုပ်အားခ ခေါင်းပုံဖြတ်ခံကြရသည့်အပြင် အမျိုးသား၊ အမျိုးသမီးခွဲခြားဆက်ခံရမှုများ စသည့်လူ့အခွင့်အရေး ဆုံးရှုံးမှုများကြောင့် လမ်းပေါ်ထွက်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုသို့ဆန္ဒထုတ်ဖော်မှုကို အကြောင်းပြု၍ ၁၉၀၉ ခုနှစ် မတ် ၈ ရက်ကို အမေရိကန်နိုင်ငံ၏ **"အမျိုးသမီးများနေ့"**အဖြစ် သတ်မှတ်ခဲ့ကြသည်။

၁၉၁၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ပထမအကြိမ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးညီလာခံကျင်းပခဲ့ရာ ဂျာမန်အမျိုးသမီးလှုပ်ရှားမှုခေါင်းဆောင် Clara Zatkin က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးနေ့ကိုသတ်မှတ်ပေးရန် စတင်ဆွေးနွေးတင်ပြခဲ့သည်။ ၁၉၁၁ ခုနှစ် မတ် ၁၉ ရက်တွင် ဩစတြီးယား၊ ဒိန်းမတ်၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ အမျိုးသမီးဦးရေ ၁၀ သိန်းကျော်သည် နိုင်ငံတကာအမျိုးသမီးများနေ့ကို လှုပ်ရှားမှုအမျိုးမျိုးဖြင့် ကျင်းပခဲ့ကြသည်။ မတ် ၂၅ ရက်တွင် နယူးယောက်မြို့ရှိ ထင်ရှားသော ရှေတြိဂံစက်ရုံ(Triangle Shirt-waist)မီးလောင်မှုဖြစ်ပွားခဲ့ရာ အလုပ်သမားအမျိုးသမီး ၁၄၆ ဦး သေဆုံးခဲ့ကြသည်။ သေဆုံးသူအများစုသည် အီတလီနှင့် ဂျူးရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြသည်။ ထို့ကြောင့် အမျိုးသမီးရေးရာလှုပ်ရှားမှုများ အရှိန်အဟုန်မြင့်မားပြင်းထန်လာခဲ့ကြသည်။

ဥရောပမှအမျိုးသမီးများသည် မတ် ၁၉ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဟု သတ်မှတ်ပြီး ၁၉၁၂ ခုနှစ်မှ ၁၉၁၅ ခုနှစ်ထိ နှစ်တိုင်းလမ်းပေါ်ထွက်ဆန္ဒထုတ်ဖော်ခဲ့ကြရာမှ အထွေထွေအုံကြွမှုများ ပေါ်ပေါက်လာခဲ့ကြသည်။ ၁၉၂၁ ခုနှစ် စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၅ ရက်ထိ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာကွန်မြူနစ်အမျိုးသမီးများညီလာခံကို မော်စကိုတွင်ကျင်းပခဲ့ရာ ဘူလ်ဂေးရီးယား ကိုယ်စားလှယ်များက နိုင်ငံတကာအမျိုးသမီးများနေ့ကို မတ် ၈ ရက်တွင် သတ်မှတ်ပေးရန်တောင်းဆိုခဲ့ကြသည်။ ထိုသို့ တစ်ခဲနက်ဆန္ဒပြုချက်အရ ၁၉၂၂ ခုနှစ်မှစတင်၍ မတ် ၈ ရက်ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြသည်။

ကုလသမဂ္ဂက ၁၉၇၅ ခုနှစ်ကို **"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနှစ်"**အဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ထိကို **"ကုလသမဂ္ဂ အမျိုးသမီးများဆယ်စုနှစ်"**အဖြစ် လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှစ၍ နှစ်စဉ် မတ် ၈ ရက်ကို **"အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"**အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။ နိုင်ငံပေါင်း ၂၈ နိုင်ငံက ထိုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် **"ရုံးပိတ်ရက်"**အဖြစ် သတ်မှတ်ခဲ့ကြသည်။

ထိုသို့ကျင်းပခဲ့ကြရာတွင်လည်း ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများအနေဖြင့် တရားမျှတမှုကိုကိုယ်စားပြုသည့် **"ခရမ်းရောင်"**၊ မျှော်လင့်ချက်ကို ကိုယ်စားပြုသည့် **"အစိမ်းရောင်"**၊ သန့်စင်မှုကို ကိုယ်စားပြုသည့်**"အဖြူရောင်"** စသည့်အရောင်သုံးမျိုးကို တူညီစွာအသုံးပြုလှုံ့ဆော်ခဲ့ကြသည်။

ထို့ပြင် နှစ်စဉ်ကျင်းပခဲ့ကြသည့် **"အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"**မတ် ၈ ရက်တိုင်းတွင်လည်း

> ❖ ကုလသမဂ္ဂက ၁၉၇၅ ခုနှစ်ကို "အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနှစ်"အဖြစ်လည်းကောင်း၊ ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်ထိကို "ကုလသမဂ္ဂ အမျိုးသမီးများဆယ်စုနှစ်"အဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှစ၍ နှစ်စဉ် မတ် ၈ ရက်ကို "အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"အဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။ နိုင်ငံပေါင်း ၂၈ နိုင်ငံက ထိုနေ့ကို ဂုဏ်ပြုသည့်အနေဖြင့်"ရုံးပိတ်ရက်"အဖြစ် သတ်မှတ်ခဲ့ကြသည်။ ထိုသို့ ကျင်းပခဲ့ကြရာတွင်လည်း ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများအနေဖြင့် တရားမျှတမှုကို ကိုယ်စားပြုသည့်"ခရမ်းရောင်"၊ မျှော်လင့်ချက်ကို ကိုယ်စားပြုသည့်"အစိမ်းရောင်"၊ သန့်စင်မှုကို ကိုယ်စားပြုသည့်"အဖြူရောင်" စသည့်အရောင်သုံးမျိုးကို တူညီစွာအသုံးပြုလှုံ့ဆော်ခဲ့ကြသည်။ ❖

ကမ္ဘာပေါ်ရှိ အမျိုးသမီးများ၏အကျိုးအတွက် အလေးအနက်ထားပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ကြစေရန် ရည်သန်၍ **"ဆောင်ပုဒ်"**များကို ထုတ်ပြန်လှုံ့ဆော်ပေးနေခဲ့သည်။

ခုနှစ်အလိုက်ထုတ်ပြန်ခဲ့ကြသော ဆောင်ပုဒ်များကို ဖော်ပြရလျှင်-

၂၀၁၅ ခုနှစ်တွင် **လူသားအားလုံးတိုးတက်ဖို့ အမျိုးသမီးများစွမ်းရည်မြှင့်တင်လို့ ပုံဖော်ကြပါစို့၊** ၂၀၁၆ ခုနှစ်တွင် **ကျား၊ မ တန်းတူ ကမ္ဘာတစ်ဝန်း ၂၀၃၀ ရည်ကာမှန်း၊** ၂၀၁၇ ခုနှစ်တွင် **ပြောင်းလဲဖို့အတွက် ရဲရင့်ပါ၊** ၂၀၁၈ ခုနှစ်တွင် **အမျိုးသမီးများဘဝမြှင့်တင်ဖို့ ကျေးလက်နှင့်မြို့ပြတက်ကြွလှုပ်ရှားမှုများ ပူးပေါင်းလို့ ယခုပင်ကြိုးပမ်းကြပါစို့၊** ၂၀၁၉ ခုနှစ်တွင် **အမျိုးသမီးများဘဝမြှင့်တင်ဖို့ ခွင့်တူညီရေးစဉ်းစားလို့ စွမ်းရည်မြှင့်ရေးအလေးပေးဖို့ ဆန်းသစ်နည်းလမ်းဖော်ထုတ်စို့၊** ၂၀၂၀ ပြည့်နှစ်တွင် **တစ်ဦးချင်းဆောင်ရွက် ညီမျှမှုအတွက်၊** ၂၀၂၁ ခုနှစ်တွင် **ကိုဗစ်-၁၉ ကမ္ဘာ အနာဂတ်တန်းတူညီမျှမှုရရှိရေး၊ အမျိုးသမီးခေါင်းဆောင်မှုကို ဖော်ဆောင်ပေး၊** ၂၀၂၂ ခုနှစ်တွင် **ယနေ့ ကျား၊ မ ရေးရာ တန်းတူညီမျှမှုသည် ရေရှည်တည်တံ့သော မနက်ဖြန်တိုင်းအတွက်၊** ၂၀၂၃ ခုနှစ်တွင် **ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့**စသည်တို့ဖြစ်ကြသည်။

ယခုနှစ် မတ် ၈ ရက်တွင် ကျရောက်သည့် **"အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"**အတွက် ဆောင်ပုဒ်မှာ **"အရှိန်အဟုန်မြှင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"**ဟူ၍ဖြစ်သည်။

**မြန်မာအမျိုးသမီးများနေ့**

မတ် ၈ ရက် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကိုအကြောင်းပြု၍ ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာခဲ့သည်။

**"ကမ္ဘာ့နိုင်ငံများရှိ အမျိုးသမီးများက နိုင်ငံတကာ အမျိုးသမီးလှုပ်ရှားမှုများပြုလုပ်ပြီး အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးများရရှိနိုင်ရန်၊ တန်းတူရည်တူဆက်ဆံခွင့်ရရှိနိုင်ရန်၊ အမျိုးသမီးများ၏ စွမ်းပကား တောင်းဆိုလှုံ့ဆော်စည်းရုံးမှုများပြုလုပ်ရန်"**ဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် **"ကမ္ဘာ့အမျိုးသမီးညီလာခံများ"**ကို ကျင်းပခဲ့ကြသည်။

ကျင်းပခဲ့ကြသည့်နိုင်ငံများမှာ ၁၉၇၅ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံ၊ ၁၉၈၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ (ကိုပင်ဟေဂင်မြို့)၊ ၁၉၈၅ ခုနှစ်တွင် ကင်ညာနိုင်ငံ (နိုင်ရိုဘီမြို့)၊ ၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ(ပေကျင်းမြို့)၊ ၂၀၁၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံနှင့် ၂၀၁၅ ခုနှစ်တွင် ချီလီနိုင်ငံတို့ဖြစ်ကြသည်။

အမျိုးသမီးများကို နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းများတွင်ပါဝင်သည့် **"လူတိုင်း ကျား/မ မရွေး၊ နိုင်ငံကြီး/ငယ် မရွေး အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူအခွင့်အရေးရရှိရေးတို့ကို ဂရုပြုရန်"**ဟူသောစာတမ်းကြောင့် **"ကမ္ဘာ့အမျိုးသမီးညီလာခံများ"**ကို အခါအားလျော်စွာ ကျင်းပခဲ့ကြရသည်။

ထိုသို့ကျင်းပခဲ့ကြသည့်ညီလာခံများအနက် ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံက **"ပေကျင်းကြေညာစာတမ်း"** (Beijing Decelearation) ပြဋ္ဌာန်းခဲ့သည်။ ထိုကြေညာစာတမ်းတွင် "အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့်ယန္တရားဖွဲ့စည်းပြီး ဆောင်ရွက်သင့်သည့်ကဏ္ဍအပါအဝင် ကဏ္ဍကြီး ၁၂ ရပ်ပါဝင်ခဲ့ရာ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်သည့်အနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် **"မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ"** (Myanmar National Committee on Women's Affairs-MNCWA)ကို ဖွဲ့စည်းခဲ့သည်။ **"မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"** စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်ကိုပင် **"မြန်မာအမျိုးသမီးများနေ့"**ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဖွဲ့စည်းပြီးနောက် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ထိ အဆင့်ဆင့်ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ရာတွင် ရည်ရွယ်ချက်ခုနစ်ချက် ချမှတ်ထားရာ-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးရန်။

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။

(၄) တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်။

(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျှော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်။

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဟူ၍ ဖြစ်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အာဆီယံအမျိုးသမီးရေးရာကော်မတီ (Asean Committee on Women-ACW) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အမျိုးသမီးများအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအဖွဲ့များနှင့် ပူးတွဲပေါင်းစည်း၍ ချမှတ်ထားသောရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအဆက်ဆက် စဉ်ဆက်မပြတ်လှုပ်ရှားခဲ့ရာ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ၁၀ နှစ်စီမံကိန်း(၂၀၁၃-၂၀၂၂) ကိုချမှတ်ကာ စီမံကိန်းပါလုပ်ငန်းစဉ်များကို အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လှုံ့ဆော်သမှုပြုခဲ့ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များအရ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အကြမ်းဖက်မှုကာကွယ်ရေး၊ လူကုန်ကူးမှုကာကွယ်ရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် အမျိုးသမီးများနှင့်ပတ်သက်၍ ကျား/မ တန်းတူညီမျှမှု၊ အမျိုးသမီးများ၏ အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ တားဆီးကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် အမျိုးသမီးများ၏ အခွင့်အရေးများကို အမျိုးသားများနှင့် ညီတူညီမျှ အပြည့်အဝတိကျစွာပြဋ္ဌာန်းထားရာ တချို့ကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်-

ဖွဲ့စည်းပုံအခြေခံဥပဒေ**ပုဒ်မ-၃၄၇** တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်" ဟုလည်းကောင်း၊ **ပုဒ်မ-၃၄၈** တွင် "နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး၊ ဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရ"ဟုလည်းကောင်း၊ **ပုဒ်မ-၃၅၀** တွင် "အမျိုးသမီးများသည် တူညီသောအလုပ်အတွက်

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှဖေဖော်ဝါရီလထိ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၆ ဘီလီယံဖိုး ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် မတ် ၇**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှဖေဖော်ဝါရီလထိ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၆ ဘီလီယံဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှဖေဖော်ဝါရီလထိ မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းများက ထိုင်းနိုင်ငံသို့ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆ ဘီလီယံဖိုးတင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံမှ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖိုးတင်သွင်းခဲ့သဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၆ ဘီလီယံဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။



"၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကနေ ဖေဖော်ဝါရီလထိ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေ ထိုင်းနိုင်ငံကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆ ဘီလီယံဖိုးတင်ပို့နိုင်ခဲ့ပြီး ထိုင်းနိုင်ငံကနေ သွင်းကုန်အနေနဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖိုး တင်သွင်းထားပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြသည်။

မြန်မာနိုင်ငံက တင်ပို့သည့်ကုန်စည်များမှာ CMP၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများဖြစ်ပြီး ထိုင်းနိုင်ငံက တင်သွင်းသည့်ကုန်စည်များမှာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်နှင့် စက်အပိုပစ္စည်းများ၊ ဆေးဝါး၊ စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စားသောက်ကုန်ပစ္စည်း၊ အလှကုန်များနှင့် လျှပ်စစ်ပစ္စည်းများဖြစ်ကြောင်း သိရသည်။

ASH

➤ စာမျက်နှာ ၄ မှအဆက်

အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်" ဟုလည်းကောင်း၊ **ပုဒ်မ-၃၅၁** တွင် "မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရသတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်"ဟု လည်းကောင်း၊ **ပုဒ်မ-၃၅၂** တွင် "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ၊ သတ်မှတ်သောအရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ သာသနာ၊ အမျိုးသား၊ အမျိုးသမီးကိုအကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ၊ သို့ရာတွင်အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့်ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ"ဟုလည်းကောင်း၊ **ပုဒ်မ-၃၆၈** တွင် "နိုင်ငံတော်သည် ပညာရည်ထူးချွန်သောနိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ ယင်းတို့၏အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်"ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။

ထို့ပြင် ကမ္ဘာ့အရပ်ရပ်မှာရော မြန်မာနိုင်ငံမှာပါ အမျိုးသမီးများကို မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ လိင်ကျေးကျွန်ပြုမှု၊ လူကုန်ကူးမှုရှိနေရာ သက်ဆိုင်ရာနိုင်ငံများအလိုက် အမျိုးသမီးများကို အကာအကွယ်ပေးနိုင်သောဥပဒေများကို ဘာသာရေး၊ ဓလေ့ထုံးစံအရ ပြဋ္ဌာန်းဆောင်ရွက်နေကြသည်။ သို့သော် မြန်မာနိုင်ငံက အခြားနိုင်ငံများထက် ကာကွယ်ပေးနိုင်သောဥပဒေများ ပြဋ္ဌာန်းထားသည်။

လက်လှမ်းမီသမျှ ကောက်နုတ်ဖော်ပြရလျှင် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြစ်ကြသော မုဒိမ်းမှု ပုဒ်မ-၃၇၆၊ ဓမ္မတာနှင့်ဆန့်ကျင်ပြီး ကျူးလွန်မှု ပုဒ်မ-၃၇၇၊ သွေးဆောင်ဖြားယောင်းခိုးယူပေါင်းသင်းမှု ပုဒ်မ-၃၆၃/၃၆၅/၃၆၆၊ အဆိပ်၊ ထိုင်းမှိုင်းစေသောဆေးခတ်မှု ပုဒ်မ-၃၂၈၊ ကာမလိမ်လည်မှု ပုဒ်မ-၄၁၇၊ နာကျင်စေမှု ပုဒ်မ-၃၁၉/၃၂၀/၃၂၃/၃၂၄/၃၂၅/၃၂၆၊ ကာယိန္ဒြေဖျက်ဆီးမှု ပုဒ်မ-၃၅၄၊ အသရေဖျက်မှု ပုဒ်မ-၅၀၀၊ ခြိမ်းခြောက်မှု ပုဒ်မ-၅၀၃/၅၀၆/၅၀၇ စသည့်ပုဒ်မများဖြစ်သည်။ ထို့ပြင် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၃ ကိုလည်း ပြဋ္ဌာန်းထားသည်။ မုဒိမ်းမှု ပုဒ်မ-၃၇၆(ခ)အရ မိမိ၏ ဇနီးမယား အလိုမတူဘဲ အတင်းအဓမ္မပြုကျင့်သောခင်ပွန်းကို ယခင်က ထောင်ဒဏ်နှစ်နှစ်သာ ချမှတ်ရန်ပြဋ္ဌာန်းထားသော်လည်း ယခု ထောင်ဒဏ်နှစ် ၂၀ သို့လည်းကောင်း၊ သက်ငယ်မုဒိမ်းမှုကိုလည်း ထောင်ဒဏ်နှစ် ၂၀ သို့လည်းကောင်း တိုးမြှင့်သတ်မှတ်ထားသည်။

ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့က ချမှတ်ပေးခဲ့သော ဆောင်ပုဒ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်လျက်ရှိနေကြောင်း သမိုင်းသက်သေတည်နေပါသည်။

## အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး

\- အလှတွင် အယဉ်ဆင့်
အသွင်တင့်ပါတဲ့ အမျိုးသမီးတွေ၊
မြတ်ပညာ ပြည့်စုံဖြိုးအောင်
ကြိုးစားလို့နေ၊
တိုးတက်လို့ မြင့်မားစေ
မျိုးဆက်မွေ့ လက်ဆင့်ကမ်း၊
အသီးတစ်ရာ အညှာတစ်ခု
ပြုစုလို့မှန်း။

\- အလုပ်အကိုင် အခွင့်အလမ်း
တူညီမှန်း ထမ်းဆောင်ပြီ၊
ကျန်းမာကာ ရွှင်လန်းလို့
သန်စွမ်းစေမည်၊
တိုင်းပြည်အတွက် စွမ်းဆောင်ရည်
ဇွဲကိုယ်စီ ကြိုးစားပေး၊
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တိုးတက်ဖို့တွေး။

\- အမျိုးသမီးများတွင် မြှုပ်နှံပေး
အရည်အသွေး အဖြာဖြာ၊
စောင့်လေမျိုးနွယ် ဓလေ့ထုံး
နှလုံးသွင်းပါ၊
အမျိုးနှင့် ဘာသာသာသနာ
ကမ္ဘာမှာ စောင့်ရှောက်လို့၊
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တန်ဖိုးသိဖို့။

\- အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့
မြန်မာဟေ့ ဂုဏ်ယူနော်၊
နိုင်ငံတော် ကာကွယ်စို့
တို့ တပ်မတော်၊
စစ်မှုထမ်းစို့ တူပျော်ပျော်
ဝင့်ကြွားနော် သတ္တိသွေး၊
သူရမချစ်ပို ရည်မြော်ညွှန်း
သွန်း မော်ကွန်းရေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## သမ္မတပူတင်နှင့် ဂါဂွါဇီးယားခေါင်းဆောင် ရုရှားနိုင်ငံ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေး

**မော်စကို မတ် ၇**

မော်လ်ဒိုဗာနိုင်ငံ၏ဂါဂွါဇီးယားဒေသခေါင်းဆောင် ယက်ဂျင်နီဂူတူးလ်ကို ရုရှားသမ္မတ ပူတင်က မတ် ၆ ရက်တွင် မော်စကိုမြို့၌ လက်ခံတွေ့ဆုံခဲ့သည်။

ဂါဂွါဇီးယားဒေသခေါင်းဆောင် ယက်ဂျင်နီဂူတူးလ်သည် ရုရှားကို လိုလားသည့် မော်လ်ဒိုဗာဒေသတွင်းခေါင်းဆောင်တစ်ဦးဖြစ်သည်။

မော်လ်ဒိုဗာ ဗဟိုအစိုးရသည် ဂါဂွါဇီးယားဒေသ၏ နိုင်ငံရေးနှင့် စီးပွားရေး အခွင့်အလမ်းများကို စနစ်တကျ ဖျက်ဆီးနေသည်ဟု ယက်ဂျင်နီဂူတူးလ်က သမ္မတပူတင်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း ယက်ဂျင်နီဂူတူးလ် ဂါဂွါဇီးယားခေါင်းဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီးနောက် ဂါဂွါဇီးယားဒေသနှင့် ဥရောပလိုလားသည့် မော်လ်ဒိုဗာအစိုးရတို့ကြား ဆက်ဆံရေးတင်းမာလျက်ရှိသည်။

ဂါဂွါဇီးယားဒေသခေါင်းဆောင် ယက်ဂျင်နီဂူတူးလ်သည် ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် မော်စကိုမြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။

ရုရှားသမ္မတပူတင်နှင့်မတွေ့ဆုံမီ ယက်ဂျင်နီဂူတူးလ်သည် ရုရှားအောက်လွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ ဂါဂွါဇီးယားဒေသအတွက် အကူအညီများပေးရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## အိန္ဒိယဝန်ကြီးချုပ် မိုဒီ ကက်ရှ်မီးယားဒေသ ဆရီနာဂါမြို့သို့ သွားရောက်

**ဒေလီ မတ် ၇**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ကက်ရှ်မီးယားဒေသ ဆရီနာဂါမြို့သို့ ယနေ့တွင် သွားရောက်ခဲ့ကြောင်း အိန္ဒိယ ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကက်ရှ်မီးယားဒေသ၏ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို၂၀၁၉ ခုနှစ်တွင်ရုပ်သိမ်း၍ ဗဟိုအစိုးရအုပ်ချုပ်မှုအောက်သို့ထည့်သွင်းခဲ့ပြီးနောက်ပိုင်း ဆရီနာဂါမြို့သို့ ပထမဆုံးအကြိမ်အဖြစ် အိန္ဒိယဝန်ကြီးချုပ် မိုဒီ သွားရောက်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဆရီနာဂါမြို့သို့ ရောက်ရှိနေစဉ် ဘောလုံးကွင်းတစ်ကွင်း၌ ထောက်ခံသူများနှင့်တွေ့ဆုံ၍ မိန့်ခွန်းပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီ ဆရီနာဂါသို့ ရောက်ရှိနေစဉ် ထောင်ပေါင်းများစွာသော အိန္ဒိယတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ကက်ရှ်မီးယား တောင်ကြားဒေသ လုံခြုံရေးကို မြှင့်တင်ထားခဲ့ရသည်။

မွတ်စလင် အများစုနေထိုင်သည့် ကက်ရှ်မီးယားဒေသသည် အိန္ဒိယအစိုးရအုပ်ချုပ်မှုဆန့်ကျင်ရေး လက်နက်ကိုင် လှုပ်ရှားမှုများ အားကောင်းရာ နယ်မြေလည်းဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဆရီနာဂါခရီးစဉ်အတွင်း ကက်ရှ်မီးယားဒေသ၌ ရွေးကောက်ပွဲများ ကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## မော်လ်ဒိုက်နိုင်ငံအနီး ကျွန်းတစ်ကျွန်းပေါ်၌ ရေတပ်စခန်းသစ်တစ်ခု အိန္ဒိယဖွင့်လှစ်



**ဒေလီ မတ် ၇**

မော်လ်ဒိုက်နိုင်ငံအနီး အိန္ဒိယသမုဒ္ဒရာကျွန်းတစ်ကျွန်း၌ တည်ဆောက်နေသည့် ရေတပ်စခန်းသစ်ကို အိန္ဒိယနိုင်ငံက မတ် ၆ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မော်လ်ဒိုက် အစိုးရသစ်နှင့် အိန္ဒိယအစိုးရတို့ကြားဆက်ဆံရေး တင်းမာလာချိန်တွင် အဆိုပါရေတပ်စခန်းသစ်ကို အိန္ဒိယက ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အိုင်အင်န်အက်စ်ဂျာတာယူ အမည်ရှိ အဆိုပါရေတပ်စခန်းသစ်သည် လက်ရှာဝီကျွန်းစုအတွင်းရှိ မီနီကွိုင်ကျွန်းပေါ်၌ တည်ရှိကြောင်း သိရသည်။

အိုင်အင်န်အက်စ်ဂျာတာယူ ရေတပ်စခန်းကို အိန္ဒိယနိုင်ငံက ယမန်နှစ်များကပင် စတင်တည်ဆောက်နေခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံကို လိုလားသည့် မော်လ်ဒိုက်သမ္မတသစ် မူအစ်ဇူသည် ပြီးခဲ့သည့်နှစ်တွင် အာဏာရရှိခဲ့ပြီးနောက် အိန္ဒိယနှင့် မော်လ်ဒိုက်တို့ကြားဆက်ဆံရေးမှာတင်းမာလာခဲ့ရသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံသည် မော်လ်ဒိုက်၏ တောင်းဆိုချက်အရ မော်လ်ဒိုက်၌တပ်စွဲထားသည့် တပ်ဖွဲ့ဝင် ဦးရေ ၈၀ခန့်ကို စတင်ရုပ်သိမ်း ပေးနေရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ပြီးခဲ့သည့်နှစ်တွင် ကမ္ဘာတစ်ဝန်းလုံးရှိ ကုန်းလမ်း၊ ရေလမ်းများ၌ ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၈၅၀၀ ကျော်သေဆုံးခဲ့ရ

**ဂျနီဗာ မတ် ၇**

ပြီးခဲ့သည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးရှိ ကုန်းလမ်း၊ ရေလမ်းများ၌ အသက်ဆုံးရှုံးခဲ့ရသော ရွှေ့ပြောင်းဝင်ရောက်သူအရေအတွက်မှာ ၁၀ နှစ်အတွင်း အမြင့်ဆုံးသို့ စံချိန်တင်ရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂက မတ် ၆ ရက်တွင် ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးရှိ ကုန်းလမ်း၊ ရေလမ်းများ၌သေဆုံးခဲ့ကြရသည့် ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ အနည်းဆုံး ၈၅၆၅ ဦးထိရှိခဲ့ကြောင်း ကုလသမဂ္ဂ နိုင်ငံတကာလူဝင်မှု အဖွဲ့အစီရင်ခံစာအရ သိရသည်။

၂၀၂၃ခုနှစ်အတွင်းရွှေ့ပြောင်းဝင်ရောက်သူ သေဆုံးမှုအများဆုံး လမ်းကြောင်းမှာ မြေထဲပင်လယ် ဖြတ်လမ်းကြောင်းဖြစ်ပြီးယင်းလမ်းကြောင်းပေါ်၌ရွှေ့ပြောင်းဝင်ရောက်သူ ၃၁၂၉ ဦးထိ သေဆုံးခဲ့ရသည်။

ကုလသမဂ္ဂ၏အဆိုအရ၂၀၂၃ ခုနှစ်အတွင်း သေဆုံးခဲ့ရသည့် ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်မှာ ၂၀၂၂ ခုနှစ်အတွင်း သေဆုံးခဲ့ရသည့် ရွှေ့ပြောင်းဝင်ရောက်သူ အရေအတွက်ထက် ၂၀ ရာခိုင်နှုန်းနီးပါး ပိုများလာကြောင်း သိရသည်။

သို့သော် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိလူဝင်မှုလမ်းကြောင်းများ၌ သေဆုံးခဲ့ရသည့်ရွှေ့ပြောင်းဝင်ရောက်သူအရေအတွက်မှာ မိမိတို့ခန့်မှန်းတွက်ချက်ထားသည်ထက် ပိုများနိုင်ကြောင်းကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကုလသမဂ္ဂနိုင်ငံတကာ လူဝင်မှုအဖွဲ့သည် ကမ္ဘာတစ်ဝန်းပျောက်ဆုံးခဲ့ရသည့် ရွှေ့ပြောင်းဝင်ရောက်သူများစာရင်းကို ၂၀၁၄ ခုနှစ်တွင် စတင်ကောက်ယူခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ပင်လယ်နီရေပြင်တွင် ဟူသီသူပုန်အုပ်စု၏တိုက်ခိုက်မှုကြောင့် ဂရိနိုင်ငံပိုင် ကုန်တင်သင်္ဘောတစ်စီး၌ သင်္ဘောသားသုံးဦး သေဆုံး

**အေဒင် မတ် ၇**

ယီမင်အခြေစိုက် ဟူသီသူပုန်များ၏ ဒုံးကျည်တိုက်ခိုက်မှုကြောင့် ပင်လယ်နီရေပြင်အတွင်းမောင်းနှင်နေသည့် ကုန်တင်သင်္ဘောတစ်စီးပေါ်တွင် မတ် ၆ ရက်က သင်္ဘောသားသုံးဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်သည် ဟူသီသူပုန်အုပ်စုက ပင်လယ်နီရေလမ်းကြောင်းများကို စတင်တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း လူသေဆုံးမှုရှိခဲ့ရသည့် ပထမဆုံးတိုက်ခိုက်မှုဖြစ်သည်။




ဟူသီအုပ်စု၏ တိုက်ခိုက်မှုကြောင့် သင်္ဘောသားသုံးဦးသေဆုံးခဲ့ရသည့်သင်္ဘောမှာ ဘာဘေးဒိုးစ်ကျွန်းစုမှတ်ပုံတင် ဂရိပိုင်ကုန်တင်သင်္ဘောတစ်စီးဖြစ်သည်။

ထရူးကွန်ဖီးဒန့်စ် အမည်ရှိ အဆိုပါ ကုန်တင်သင်္ဘောသည် ယီမင်နိုင်ငံ အေဒင်ဆိပ်ကမ်းနှင့် ရေမိုင် ၅၀ ခန့်အကွာရေပြင်အတွင်း ဒုံးကျည်ဖြင့် တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

ထရူးကွန်ဖီးဒန့်စ် ကုန်တင်သင်္ဘော တိုက်ခိုက်ခံရမှုအတွက် တာဝန်ရှိကြောင်း အီရန်ကျောထောက်နောက်ခံပြု ဟူသီအုပ်စုက ကြေညာထားသည်။

ဟူသီအုပ်စုသည် အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်တို့ကြား စစ်ဖြစ်နေချိန်တွင် ပါလက်စတိုင်းများကိုထောက်ခံကြောင်း ပြသည့် အနေဖြင့်ပင်လယ်နီရေလမ်းကြောင်းများကိုတိုက်ခိုက်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက လကမ္ဘာသုတေသနစခန်းကို ကာကွယ်ရေးအတွက် Skynet ဝန်းကျင်ပတ်လည်စောင့်ကြည့်ရေးစနစ်ကို တပ်ဆင်ရန်စီစဉ်



**ပေကျင်း မတ် ၇**

တရုတ်နိုင်ငံသည် ၎င်းတည်ဆောက်မည့် လကမ္ဘာသုတေသနစခန်းကို ကာကွယ်ရေးအတွက် Skynet အမည်ရှိ ဝန်းကျင်ပတ်လည် စောင့်ကြည့်ရေးစနစ်ကို တပ်ဆင်ရန်စီစဉ်ထားကြောင်း မတ် ၆ ရက် သတင်းများအရ သိရသည်။

လကမ္ဘာသုတေသနစခန်းကို ကာကွယ်ရေးအတွက် ကမ္ဘာပေါ်တွင်အောင်မြင်စွာ သုံးစွဲနေပြီဖြစ်သော Skynet စောင့်ကြည့်ရေးစနစ်ကိုအသုံးပြုရန် တရုတ်သိပ္ပံပညာရှင်များက အဆိုပြုထားသည်။

Skynet သည် တရုတ်နိုင်ငံ၌ အသုံးပြုနေသည့် စောင့်ကြည့်ရေးစနစ်ဖြစ်ပြီး ကင်မရာအလုံးပေါင်း သန်း ၆၀၀ ထိ ပါဝင်သည်။

လကမ္ဘာ သုတေသနစခန်းအတွက် အသုံးပြုမည့် Skynet စောင့်ကြည့်ရေးစနစ်တွင် သံသယဖြစ်ဖွယ်များကို ရှာဖွေထောက်လှမ်းဖော်ထုတ်ပေးမည့် လူ့အသိဉာဏ်တုနည်းပညာ (AI)ဆော့ဖ်ဝဲများ တပ်ဆင်ထားရန် တရုတ်သိပ္ပံပညာရှင်များက စီစဉ်ထားသည်။

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့်ပူးပေါင်း၍လမျက်နှာပြင် သုတေသနစခန်းကို ၂၀၂၈ ခုနှစ်တွင် စတင်တည်ဆောက်ရန် စီစဉ်ထားသည်။

အဆိုပါ သုတေသနစခန်းကို လေးမိုင်အဝန်းအဝိုင်းရှိသည့် လကမ္ဘာနယ်မြေပေါ်တွင် တည်ဆောက်မည်ဖြစ်ရာ ၎င်းသုတေသနစခန်း၏ အရွယ်အစားမှာ ဒစ္စနီးကစားကွင်းဥယျာဉ်ထက် ပိုကြီးမားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက Starship အာကာသဒုံးပျံကို လာမည့်သီတင်းပတ်အတွင်း တတိယအကြိမ်စမ်းသပ်လွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် မတ် ၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံကို လာမည့်သီတင်းပတ်အတွင်း တတိယအကြိမ်အဖြစ် စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း မတ် ၆ ရက် သတင်းများအရ သိရသည်။

Starship အာကာသဒုံးပျံ တတိယအကြိမ် စမ်းသပ်လွှတ်တင်မှုကို မတ် ၁၄ ရက်တွင်ပြုလုပ်ရန် စီစဉ်ထားကြောင်း Space-X အာကာသ နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံကို လွှတ်တင်ရေးအတွက် လောင်စာရည်ဖြည့်သွင်းမှုလုပ်ငန်းကို စမ်းသပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။



Space-X အာကာသ နည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံကို ၂၀၂၃ ခုနှစ် ဧပြီလနှင့် နိုဝင်ဘာလတို့တွင် စမ်းသပ်လွှတ်တင်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

Space-X အာကာသ နည်းပညာကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များကို လူသားများ ပို့ဆောင်ရေးအတွက် Starship ဒုံးပျံများကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်သည်။

Starship အာကာသဒုံးပျံသည် အလေးချိန် မက်ထရစ်တန် ၁၅၀ ထိရှိသည့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကမ္ဘာဦးခေတ် ပင်လယ်ပုတ်သင်မျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်နိုင်ငံ ဟက်တက္ကသိုလ်မှသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**လန်ဒန် မတ် ၇**

ကမ္ဘာဦးခေတ် ပင်လယ်ပုတ်သင်မျိုးစိတ်သစ် ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်နိုင်ငံ ဟက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း မတ် ၆ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာဦးပင်လယ်ပုတ်သင်မျိုးစိတ်သစ်ကို Khinjaria Acuta ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Khinjaria Acuta ပင်လယ်ပုတ်သင်များသည် လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက တိုင်ရန်နိုဆောရပ်စ်ကဲ့သို့သော ဒိုင်နိုဆောများနှင့်အတူ ရှင်သန်ခဲ့သည့် ရေနေသက်ရှိများဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

Khinjaria Acuta များသည် ကိုယ်ထည်အလျား ရှစ်မီတာခန့်ရှိပြီး ဓားမြှောင်ကဲ့သို့ရှည်လျားထက်မြသည့် သွားများပိုင်ဆိုင်ထားကြောင်း သိရသည်။

Khinjaria Acuta များသည် မိုဆာဆောရပ်စ် (Mosasaurs) ခေါ် ရေနေပုတ်သင်မျိုးရင်းဝင် သက်ရှိများဖြစ်ကြသည်။

Khinjaria Acuta ပင်လယ်ပုတ်သင်များသည် ယနေ့ခေတ် ကိုမိုဒိုနဂါးခေါ် အသားစား ဖွတ်မိကျောင်းများနှင့် အန်နာကွန်ဒါမြွေကြီးများ၏ ဘိုးဘေးသက်ရှိများဖြစ်ကြကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ခံတွင်းမှရယူသည့်ဂွမ်းတို့ဖတ်နမူနာ စစ်ဆေးခြင်းဖြင့် ခံတွင်းကင်ဆာရောဂါကို ရှာဖွေဖော်ထုတ်နိုင်

**နယူးယောက် မတ် ၇**

ခံတွင်းမှရယူသည့် ဂွမ်းတို့ဖတ်နမူနာအတွင်းရှိ ဓာတုပစ္စည်းများကို စစ်ဆေးခြင်းဖြင့် ခံတွင်းကင်ဆာရောဂါကို ရှာဖွေဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း မတ် ၆ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဆေးပညာရှင်များအနေဖြင့် ခံတွင်းကင်ဆာကို ရှာဖွေဖော်ထုတ်ရေးအတွက် လူနာ၏ ခံတွင်းတစ်ရှူးစနမူနာများကိုထုတ်ယူ၍ ဓာတ်ခွဲခန်းသို့ ပို့ဆောင် စစ်ဆေးနေကြရကြောင်း သိရသည်။

သို့ရာတွင် ခံတွင်းဂွမ်းတို့ဖတ်နမူနာရယူ၍ စစ်ဆေးသည့်နည်းလမ်းသည်လည်း အသားစထုတ်ယူစစ်ဆေးသည့် နည်းလမ်းကဲ့သို့ပင် ခံတွင်းကင်ဆာရောဂါကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ခံတွင်းဂွမ်းတို့ဖတ်ဖြင့်စစ်ဆေးရာတွင် hBD-3 နှင့် hBD-2 အမည်ရှိ ဓာတုပစ္စည်းနှစ်မျိုးပါဝင်မှုအချိုးအစားကို တွက်ချက်၍ခံတွင်းကင်ဆာရှိမရှိ ဖော်ထုတ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ခံတွင်းကင်ဆာရောဂါရှိသည့် လူနာများတွင် hBD-3 ဓာတုပစ္စည်းပါဝင်မှုမြင့်တက်လာတတ်ပြီး hBD-2 ဓာတုပစ္စည်းပါဝင်မှုမှာ အပြောင်းအလဲမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ခံတွင်းဂွမ်းတို့ဖတ်ရယူစစ်ဆေးမှု နည်းလမ်းကြောင့် လူနာများအနေဖြင့် အသားစထုတ်ယူစစ်ဆေးရမည့်နည်းလမ်းကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ညပိုင်းကာလ အိပ်စက်ချိန်မလုံလောက်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားနိုင်

**စတော့ဟုမ်း မတ် ၇**

ညပိုင်းကာလ အိပ်စက်ချိန်မလုံလောက်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၆ ရက်တွင် ပြောကြားသည်။

တစ်ညအိပ်စက်ချိန် ပုံမှန် ၄း နာရီသာရှိသူများသည် ခုနစ်နာရီမှ ရှစ်နာရီထိ အိပ်စက်ချိန်ရှိသူများထက် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၁၆ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း ဆွီဒင် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် တစ်ညအိပ်စက်ချိန် သုံးနာရီမှ လေးနာရီထိသာ ရှိသူများသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၄၁ ရာခိုင်နှုန်းပိုမြင့်မားကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

အိပ်စက်ချိန် ပုံမှန်ထက်နည်းပါးသူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် ဓာတ်စာများစားသုံးသည့်တိုင် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်မားမှုဖြင့် ရင်ဆိုင်ရနိုင်ဆဲဖြစ်ကြောင်း ဆွီဒင် သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိပ်ချိန်နည်းပါးမှုကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်လာမှုကို ကျန်းမာရေးနှင့် ညီညွတ်သည့် ဓာတ်စာများဖြင့်လည်း လျှော့ချ၍ရနိုင်ဖွယ်မရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များသည် လူပေါင်း ၂၄၈၀၀၀ တို့၏ ကျန်းမာရေးနှင့် ဘဝနေထိုင်မှုပုံစံဆိုင်ရာ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## BNP Paribas Open ပြိုင်ပွဲမှ ဒဏ်ရာပြဿနာကြောင့် ရာဖေးလ်နာဒယ် နုတ်ထွက်

**အင်ဒီယန်းဝဲယ် မတ် ၇**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အင်ဒီယန်းဝဲယ်မြို့တွင်ကျင်းပမည့် BNP Paribas Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ထုတ်ပြန်ကြေညာထားသည့် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ရာဖေးလ်နာဒယ်သည် ပွဲစဉ်ဇယားမဲခွဲမှုအရ ပထမအဆင့်တွင် ကနေဒါ တင်းနစ်ကစားသမား ရာအိုနစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်လိုက်ခြင်းကြောင့် ရာအိုနစ်သည် အိန္ဒိယတင်းနစ်ကစားသမား ဆူမစ်နာဂယ်လ်နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

ဆူမစ်နာဂယ်လ်သည် လက်ရှိလက်ရည်စစ်ပွဲအဆင့် နှစ်ဆင့်တွင် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမအဆင့်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယအဆင့်တွင် ရှုံးနိမ့်ခဲ့ရကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းကြောင့် ပြိုင်ပွဲမှထွက်ခွာခဲ့သည့် ရာဖေးလ်နာဒယ် နေရာတွင် အစားထိုး ဝင်ရောက်ကစားခွင့်ရသွားခဲ့သည့်အတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် BNP Paribas Open တင်းနစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်အဖြစ်ပါဝင်ကစားနိုင်တော့မည်ဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ကြွက်သားဒဏ်ရာကြောင့် ၂၀၂၃ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးနောက် တစ်ရာသီလုံးအနားယူခဲ့ရသည်။

၂၀၂၄ ခုနှစ် တင်းနစ်ရာသီတွင် ဩစတြေးလျနိုင်ငံ၌ ကျင်းပခဲ့သော Brisbane International တင်းနစ်ပြိုင်ပွဲတွင် ပြန်လည်ပါဝင်လာခဲ့ပြီး ယင်းပြိုင်ပွဲတွင်လည်း ကြွက်သားဒဏ်ရာရရှိခဲ့ခြင်းကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက်ပိုင်း ပြိုင်ပွဲဝင်နိုင်ခဲ့ခြင်းမရှိသေးသည့် ရာဖေးလ်နာဒယ်သည် BNP Paribas Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်လာခဲ့သော်လည်း ဒဏ်ရာပြဿနာကြောင့် ထပ်မံလွဲချော်ခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : AZL

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်

M L

မန်ယူ Vs အဲဗာတန်

**ကစားမည့်ရက်/အချိန် ၉-၃-၂၀၂၄ (ည ၇း၀၀နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**အဲဗာတန် ၀ - ၃ မန်ယူ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မန်ယူ** | – | **အိမ်(ရှုံး)** | **ဧး(နိုင်)** | **ဧး(ရှုံး)** |
| **အဲဗာတန်** | – | **အိမ်(သရေ)** | **ဧး(သရေ)** | **အိမ်(ရှုံး)** |

ပြီးခဲ့တဲ့ပွဲမှာ ဂိုးပြတ်ရှုံးထားတဲ့မန်ယူဟာ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်ရဖို့ ကြိုးစားလာမှာဖြစ်ပေမဲ့ အဓိက ကစားသမားတွေဒဏ်ရာရနေတာကြောင့် ရှုန်းကန်ရနိုင်ပါတယ်။ အဲဗာတန်ကတော့ ကစားပုံတိုးတက်လာပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကြောင့် အခုပွဲမှာခံစစ်ပြင်ဆင်နိုင်ရင် မန်ယူကိုအနည်းဆုံးသရေရလဒ်ကစားနိုင်မှာ သေချာပါတယ်။ ဒါကြောင့် အဲဗာတန်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – မန်ယူ ၁ – ၁ အဲဗာတန်**

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းက အမ်ဘက်ပီ၏နေရာတွင် အစားထိုးရန်အတွက် အာဆင်နယ်တောင်ပံကစားသမား ဆာကာကို ပြောင်းရွှေ့ကြေး ယူရို သန်း ၁၄၀ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- ဘယ်လင်ဟမ်၏အနီကတ်ပြစ်ဒဏ်ကို အယူခံတင်သွင်းခဲ့သော်လည်း စပိန်ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကွင်းလယ်ဒိုင်ကိုလေးစားမှုမရှိသည့် လုပ်ရပ်ကြောင့် နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ ML

## စိန့်မေရီကစားကွင်းအနီး မီးလောင်မှုကြောင့် ဆောက်သမ်တန်နှင့်ပရက်စတန်တို့ ပွဲစဉ်ရွှေ့ဆိုင်း



**မက်ဒရစ် မတ် ၇**

ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ်(၃၆) အဖြစ်ကစားရမည့် ဆောက်သမ်တန်အသင်းနှင့်ပရက်စတန်အသင်းတို့ပွဲစဉ်ကို ဆောက်သမ်တန်အိမ်ကွင်းဖြစ်သည့် စိန့်မေရီကစားကွင်းအနီး မီးလောင်မှုကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်မကစားမီ နာရီအနည်းငယ်အလို ဒေသစံတော်ချိန် နေ့လယ် ၁ နာရီတွင် စိန့်မေရီကစားကွင်းအနီး စက်ရုံတစ်ရုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်ကား ရှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရပြီး လူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သော်လည်း စိုးရိမ်ရသည့်အခြေအနေ မရှိကြောင်း သိရသည်။

ထို့ကြောင့် ဆောက်သမ်တန်အသင်းတာဝန်ရှိသူများက နှစ်ဖက်အသင်းပရိသတ်များနှင့် ကစားသမားများကို လုံခြုံမှုရှိစေရန်အတွက် အရေးပေါ်အခြေအနေကြေညာ၍ ပြိုင်ပွဲကိုရွှေ့ဆိုင်းရန် ပရက်စတန်အသင်းတာဝန်ရှိသူများနှင့်ညှိနှိုင်းခဲ့ပြီးနောက် လိဂ်ဖလားအဖွဲ့ချုပ်သို့တင်ပြခဲ့ရာ အဖွဲ့ချုပ်က ရွှေ့ဆိုင်းခွင့်ပြုခဲ့သဖြင့် ပြိုင်ပွဲမစတင်မီ လေးနာရီနီးပါးအလိုတွင် ပြိုင်ပွဲကိုရွှေ့ဆိုင်းကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ဆောက်သမ်တန် အသင်းက "အသင်းအနေနဲ့ အာဏာပိုင်တွေရဲ့ အကြံပေးမှုကြောင့် ပြိုင်ပွဲကို ရွှေ့ဆိုင်းဖို့ ဆုံးဖြတ်ခဲ့တာပါ။ မီးလောင်မှုဖြစ်ပွားတဲ့ နေရာဟာ ကစားကွင်းနဲ့သိပ်မဝေးတာကြောင့် ကစားကွင်းအနီး လမ်းတွေကို ပိတ်ထားပြီး မီးသတ်အဖွဲ့တွေက ကယ်ဆယ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ မီးသတ်အဖွဲ့တွေကလဲ အနီးမှာရှိတဲ့ အဆောက်အအုံတွေရဲ့ ပြတင်းတံခါးတွေကိုပိတ်ထားဖို့လဲညွှန်ကြားထားခဲ့တာပါ။ ဒါကြောင့် နှစ်ဖက်အသင်းပရိသတ်တွေနဲ့ ကစားသမားတွေရဲ့လုံခြုံရေးကို ဦးစားပေးခဲ့ပြီး ပြိုင်ပွဲကိုရွှေ့ဆိုင်းခဲ့တာဖြစ်ပါတယ်။ ဒီလိုရွှေ့ဆိုင်းခဲ့တာကိုလဲ ပရိသတ်တွေ နားလည်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : ML

## နည်းပြအန်ဆယ်လော့တီ အခွန်ရှောင်လွှဲမှုကြောင့် ပြစ်ဒဏ်ကျခံရမည့်အရေးနှင့်ရင်ဆိုင်နေရ

**မက်ဒရစ် မတ် ၇**

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြအန်ဆယ်လော့တီသည် အခွန်ရှောင်လွှဲခဲ့ကြောင်း စပိန်အစိုးရရှေ့နေများ၏စွပ်စွဲမှုနှင့် ရင်ဆိုင်ခဲ့ရပြီး အစိုးရရှေ့နေများက ထောင်ဒဏ်လေးနှစ်နှင့် ကိုးလခန့်ကျခံစေရန် စပိန်တရားရုံးကို တောင်းဆိုထားကြောင်း သိရသည်။

စပိန်အာဏာပိုင်များက အသက် ၆၄ နှစ်ရှိ နည်းပြအန်ဆယ်လော့တီသည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက ပုံရိပ်အသုံးပြုခများတွင် ယူရို တစ်သန်းကျော် ဝင်ငွေခွန်ရှောင်လွှဲထားကြောင်း စွပ်စွဲပြောကြားခဲ့ပြီး ၎င်းကို ထောင်ဒဏ်ပြစ်ဒဏ်ချမှတ်ပေးရန် အစိုးရရှေ့နေများက တောင်းဆိုထားသော်လည်း နည်းပြအန်ဆယ်လော့တီက အဆိုပါဖြစ်စဉ်ကို ငြင်းဆိုခဲ့သည်။

နည်းပြ အန်ဆယ်လော့တီက "ဒါက အခွန်ရုံးရဲ့ထင်မြင်ယူဆချက်ပဲဖြစ်ပါတယ်။ကျွန်တော်အနေနဲ့ နေထိုင်တဲ့ ကာလတစ်လျှောက်မှာ အခွန်ရှောင်လွှဲခဲ့တာ မရှိပါဘူး။ ဒါ့ပြင် အခွန်ရုံးကချမှတ်တဲ့ ဒဏ်ကြေးနဲ့ အခွန်ငွေကိုလဲ ပေးဆောင်ပြီးဖြစ်ပါတယ်။ တရားရုံးရဲ့ဆုံးဖြတ်ချက်ကိုသာ စောင့်ကြည့်ရမှာပါ"ဟု လိုက်ပ်ဇစ်အသင်းနှင့် သရေရလဒ်ထွက်ပေါ်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း စပိန်အခွန်ရုံးက နိုင်ငံခြားသားကစားသမားများနှင့် နည်းပြများကို ပုံရိပ်အသုံးပြုခများတွင် ဝင်ငွေအခွန် ရှောင်လွှဲမှုကြောင့် တရားစွဲဆိုမှုများရှိခဲ့ပြီး ၂၀၁၆ ခုနှစ်က တိုက်စစ်မှူးမက်ဆီသည် ထောင်ဒဏ် ၂၁ လကျခံရမည့် အရေးနှင့်ရင်ဆိုင်ခဲ့ရကာ ဒဏ်ငွေပေးဆောင်ခဲ့ရပြီး ၂၀၁၉ ခုနှစ်က စီရော်နယ်ဒိုသည် အခွန်ရှောင်လွှဲခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ဒဏ်ငွေ ယူရို ၁၉ သန်းပေးဆောင်ခဲ့ရသကဲ့သို့ အဆိုပါနှစ်တွင် နည်းပြအလွန်ဆိုလည်း အခွန်ရှောင်လွှဲမှုနှင့် တရားရင်ဆိုင်ခဲ့ရကြောင်း သိရသည်။




Ref : Xinhua

Trs : ML

## ဘိုင်ယန်နှင့်နယူးကာဆယ်က စိတ်ဝင်စားနေသည့် ဇီချန်ကိုကို ယူရို ၄၅ သန်းဖြင့်ရောင်းချမည်ဟု အာဆင်နယ်ပြောကြား




**လန်ဒန် မတ် ၇**

အာဆင်နယ်အသင်းမှ ဘယ်တောင်ပံခံစစ်ကစားသမားဇီချန်ကိုကို ဘိုင်ယန်မြူးနစ်အသင်းနှင့်နယူးကာဆယ်အသင်းတို့က ခေါ်ယူရန် ကမ်းလှမ်းနေသောကြောင့် အာဆင်နယ်အသင်းက ယူရို ၄၅ သန်းဖြင့် ရောင်းချမည်ဟု ပြောကြားခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ဘယ်တောင်ပံ ခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ်ကို ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောင်းချမည်ဖြစ်သောကြောင့် ၎င်း၏နေရာတွင် အစားထိုးရန်အတွက် အာဆင်နယ်အသင်းမှ ခံစစ်ကစားသမားဇီချန်ကိုကိုခေါ်ယူရန် ဆုံးဖြတ်ထားသကဲ့သို့ နယူးကာဆယ်အသင်း နည်းပြဟိုးဝီကလည်း ဘယ်တောင်ပံခံစစ်ပိုင်းလိုအပ်ချက်ကြောင့် ဇီချန်ကိုကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိ နယူးကာဆယ်အသင်း ဘယ်တောင်ပံ ခံစစ်ပိုင်းတွင် မက်တားဂတ် ဒဏ်ရာရနေသကဲ့သို့ အငှားခေါ်ယူထားသည့် လူးဝစ်ဟောသည်လည်း ခြေစွမ်းပြသရန် ရုန်းကန်နေရသဖြင့် ဗဟိုခံစစ်ကစားသမား ဒန်ဘန်းကိုသာ ဘယ်တောင်ပံတွင် အသုံးပြုနေရသောကြောင့် နည်းပြဟိုးဝီက ပရီးမီးယားလိဂ် အတွေ့အကြုံကောင်းများရှိသည့် ဇီချန်ကိုကိုခေါ်ယူရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဇီချန်ကိုသည် ၂၀၂၂ ခုနှစ်က အာဆင်နယ်အသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူပုံစံကောင်းပြသနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဒဏ်ရာမကြာခဏ ရရှိနေခဲ့ကာ ပါဝင်ကစားခဲ့သည့် ပွဲစဉ်များတွင် ပုံစံကောင်း ပျောက်ခဲ့သောကြောင့် နည်းပြအာတီတာက လူငယ်ကစားသမား ကီဝီရော်ကိုသာ ထည့်သွင်းအသုံးပြုခဲ့ပြီး ဇီချန်ကိုကို ယူရို ၄၅ သန်းဖြင့်ရောင်းချရန် ဆန္ဒရှိနေကြောင်း သိရသည်။

လက်ရှိတွင် ဇီချန်ကိုသည် စျေးကွက်တန်ကြေး ယူရို သန်း ၃၀ သာရှိသော်လည်း ကစားသမားအနေဖြင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သဖြင့် အာဆင်နယ်အသင်းက ယူရို ၄၅ သန်းရရှိပါက လက်လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik

Trs : ML

# ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ၁၀ ပွဲဆက်အနိုင်ရခဲ့သည့် ပထမဆုံးအင်္ဂလန်ကလပ်အသင်းအဖြစ် မန်စီးတီးမှတ်တမ်းဝင်



**မန်ချက်စတာ မတ် ၇**

မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် ကိုပင်ဟေဂင်အသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ၁၀ ပွဲဆက်အနိုင်ရရှိခဲ့သည့် ပထမဆုံးအင်္ဂလန်ကလပ် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ပထမအကျော့က ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်တက်ရောက်ရန် နီးစပ်ခဲ့သည့်အတွက် ဒုတိယအကျော့ပွဲစဉ်တွင် အဓိက ကစားသမားအချို့ကို အနားပေးခဲ့သော်လည်း ကိုပင်ဟေဂင်အသင်းကို အကန်ဂျီ၊ အယ်ဗာရက်၊ ဟာလန်းတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး နောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲစဉ်အပါအဝင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုပွဲစဉ် ခြောက်ပွဲကစားခဲ့ရာ ခြောက်ပွဲစလုံးအနိုင်ရရှိခဲ့သကဲ့သို့ (၁၆)သင်းရှုံးထွက်အဆင့်တွင်လည်း ကိုပင်ဟေဂင်အသင်းကို နှစ်ကျော့စလုံးအနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၁၀ ပွဲဆက်နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီးနောက် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကိုပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : STA

# မန်စီးတီးအသင်းနှင့်ကစားမည့်ပွဲစဉ်တွင် ဆာလာဟ်ပြန်လည်ပါဝင်နိုင်မည်ဟု လီဗာပူးအသင်းနည်းပြကလော့ပ် အတည်ပြု

**လန်ဒန် မတ် ၇**

လီဗာပူးအသင်း နည်းပြကလော့ပ်က မန်စီးတီးအသင်းနှင့် ကစားမည့် အရေးကြီးပွဲစဉ်တွင် ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့် အသင်းမှအဓိကတိုက်စစ်မှူး ဆာလာဟ် ပြန်လည်ပါဝင်နိုင်မည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ ဆာလာဟ်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၇ ရက်က ကစားခဲ့သည့် လီဗာပူးအသင်းက ဘရန့်ဖို့ဒ်အသင်းကို လေးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ပြီးနောက် အနားယူနေခဲ့ရသည့်အတွက် လူတန်အသင်း၊ ချဲလ်ဆီးအသင်း၊ ဆောက်သမ်တန်အသင်း၊ နော်တင်ဟမ်အသင်းတို့နှင့် ပွဲစဉ်လေးပွဲကို လွဲချော်ခဲ့ရခြင်းဖြစ်သည်။

နည်းပြကလော့ပ်က "ဆာလာဟ်အနေနဲ့ ဒဏ်ရာကပြန်လည်သက်သာလာတာ နှစ်ရက်ရှိပါပြီ။ အသင်းနဲ့လေ့ကျင့်ခန်းဆင်းနေတာပါ။ သူ့အနေနဲ့ ကြံ့ခိုင်မှု ပြန်လည် ပြည့်ဝနေပြီဖြစ်သလို ပွဲစဉ်တွေပြန်လည်ကစားဖို့အတွက်လဲ အသင့်ဖြစ်နေပါပြီ။ အသင်းကို သူပြန်ရောက်လာတာ မန်စီးတီးအသင်းနဲ့ကစားမဲ့ ပွဲစဉ်အတွက် သတင်းကောင်းပါ။ မန်စီးတီးအသင်းနဲ့ပွဲစဉ်မှာသူပြန်လည်ပါဝင်နိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် လီဗာပူးအသင်းက ရမှတ် ၆၃ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေသော်လည်း အမှတ်ပေးဇယားအဆင့်(၂)နေရာမှ မန်စီးတီးအသင်းကလည်း ရမှတ် ၆၂ မှတ် တစ်မှတ်အကွာဖြင့် ဖိအားပေးနေသည့်အတွက် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်မှ အနိုင်ရရှိမည့်အသင်းက အမှတ်ပေးဇယားကို ဦးဆောင်နိုင်မည် ဖြစ်သည်။

လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၈)အဖြစ် မတ် ၁၀ ရက်တွင် ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

# PGA Tour Enterprises ဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် PGA Tour အဖွဲ့ချုပ်က တိုက်ဂါးဝုဒ်ကိုခန့်အပ်



**ဖလော်ရီဒါ မတ် ၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် အခြေစိုက်သည့် PGA Tour ဂေါက်သီးရိုက်အဖွဲ့ချုပ်က PGA Tour Enterprises ဘုတ်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် အမေရိကန် ဂေါက်သီးရိုက်ကစားသမားတိုက်ဂါးဝုဒ်ကို ခန့်အပ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

PGA Tour ဂေါက်သီးရိုက်အဖွဲ့ချုပ်သည် ငွေကြေးအမြောက်အမြားသုံးစွဲလာသည့် LIV Golf အဖွဲ့ချုပ်ကို ယှဉ်နိုင်ရေးအတွက် PGA Tour အဖွဲ့ချုပ်ကိုဖွဲ့စည်းပုံ ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်လာခဲ့ပြီး နာမည်ကြီးဂေါက်သီးရိုက်ကစားသမားများအပါအဝင် PGA Tour Enterprises ဘုတ်အဖွဲ့ကို ဘုတ်အဖွဲ့ဝင် ၁၃ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။

အဆိုပါဘုတ်အဖွဲ့တွင် PGA Tour ၏ ကော်မရှင်နာဖြစ်သူ ဂျေမိုနာဟန်က အမှုဆောင်ချုပ်အဖြစ် တာဝန်ယူသွားမည်ဖြစ်ပြီး လက်ရှိ ပြိုင်ပွဲဝင်နေဆဲဖြစ်သည့် နာမည်ကြီး ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသော တိုက်ဂါးဝုဒ်၊ ပက်ထရစ်ကန်တလေ၊ ပီတာမယ်လ်နာတီ၊ အာဒမ်စကော့၊ ဝက်ဘ်ဆင်ပဆင်နှင့်ဂျော်ဒန်စပိုက်တို့ကိုလည်း ဘုတ်အဖွဲ့ဝင်များအဖြစ် ခန့်အပ်ခဲ့သည်။

ကျန်ဘုတ်အဖွဲ့ဝင်များကို ယခင် PGA Tour အဖွဲ့ချုပ်တွင် တာဝန်ထမ်းဆောင်နေသည့် ဘုတ်အဖွဲ့ဝင်တချို့ကို ပြန်လည်ခန့်အပ်ခဲ့သည်။

ယင်းဘုတ်အဖွဲ့တွင် ဂေါက်သီးရိုက်လောက၌ အရှိန်အဝါရှိသည့် တိုက်ဂါးဝုဒ်ကို ဘုတ်အဖွဲ့၏ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ပေးခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : AZL

# စပိန်လာလီဂါ ပွဲစဉ် (၂၈) ပွဲကြိုသုံးသပ်ချက်များ

STA

**ကာဒီဇက် Vs အေတီကို**

**ကစားမည့်ရက်/အချိန် ၉-၃-၂၀၂၄ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အေတီကို ၃ - ၂ ကာဒီဇက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကာဒီဇက် | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |
| အေတီကို | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

အေတီကိုအသင်းဟာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ရမှတ်လိုအပ်ချက်ရှိသေးလို့ အဝေးကွင်းဆိုပေမဲ့ အမှားခံမှာမဟုတ်ပါဘူး။ ကာဒီဇက်အသင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးတဲ့ထိ ခြေစွမ်းပိုင်းကကျဆင်းပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိတဲ့ အေတီကိုအသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ကာဒီဇက် ၀ - ၂ အေတီကို**

**ဂျီရိုနာ Vs အိုဆာဆူနာ**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၄ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**အိုဆာဆူနာ ၂ - ၄ ဂျီရိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| အိုဆာဆူနာ | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးပွဲကြုံခဲ့တဲ့ ဂျီရိုနာအသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိအောင်ကြိုးစားလာမှာပါ။ အိုဆာဆူနာအသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေကောင်းမွန်လာပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ဂျီရိုနာအသင်းပဲ နိုင်ပွဲပြန်လည်ရှာဖွေမှာပါ။

**အင်တာနက်ခန့်မှန်း - ဂျီရိုနာ ၂ - ၁ အိုဆာဆူနာ**

# ပြင်သစ်လီဂူး ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်

STA

**လန်း Vs ဘရက်**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၄ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘရက် ၃ - ၂ လန်း**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လန်း | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ဘရက် | - | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

ဘရက်အသင်းအတွက် ချန်ပီယံလိဂ်ဝင်ခွင့် အခြေအနေကောင်းမွန်နေလို့ အဝေးကွင်းဆိုပေမဲ့ ရမှတ်ဆုံးရှုံးခံမှာမဟုတ်ပါဘူး။ လန်းအသင်းကလဲ ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရှိနေတယ်ဆိုပေမဲ့ ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့် ပုံစံကောင်းပြသနေတဲ့ ဘရက်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - လန်း ၁ - ၂ ဘရက်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်

STA

**လိုက်ပ်ဇစ် Vs ဒမ်စတက်**

**ကစားမည့်ရက်/အချိန် ၉-၃-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒမ်စတက် ၁ - ၃ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | - | ဝေး(ရှုံး) | ဝေး(နိုင်) | ဝေး(သရေ) |
| ဒမ်စတက် | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

ချန်ပီယံလိဂ်ကထွက်ခွာခဲ့ရတဲ့ လိုက်ပ်ဇစ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲကို အပြည့်အဝအာရုံစိုက်လာတော့မှာဖြစ်ပြီး အိမ်ကွင်းမှာ ရမှတ်ပြည့်ရရှိဖို့ အမှားခံမှာမဟုတ်ပါဘူး။ ဒမ်စတက်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲ လိုက်ပ်ဇစ်အသင်းကို အဝေးကွင်းမှာပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲနိုင်လို့ လိုက်ပ်ဇစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လိုက်ပ်ဇစ် ၃ - ၀ ဒမ်စတက်**

# နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်ဖို့ဆိုလျှင်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာတိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးရည်မွန်၍ တည်ကြည်ဖြောင့်မတ်သောလူမျိုးများဖြစ်ကြသည်။ ပင်ကိုစရိုက်အရ ငြိမ်းချမ်းစွာနေထိုင်တတ်သော မြန်မာလူမျိုးတို့၏ မျိုးချစ်စိတ်ဓာတ်သည် အမျိုးဘာသာ၊ သာသနာကို ထိပါးလာပါက အသက်စွန့်၍ လက်တုံ့ပြန်တတ်ကြသည်။ တစ်နည်းအားဖြင့် ဆိုသော် နိုင်ငံတော်မြေဆိုလျှင် မြေတစ်စေ့၊ ဆံချည်တစ်မျှင်စာမျှ ထိပါးကျူးကျော်မှုကို လက်တုံ့ပြန်ရန် မနေးတတ်သလို မိမိနိုင်ငံနှင့်လူမျိုးအပေါ် ချစ်တတ်သောစိတ်၊ မိမိလူမျိုးတို့၏အကျိုးစီးပွားကို ဆောင်ရွက်လိုသောစိတ်ဓာတ်များသည် မြန်မာလူမျိုးတို့၏ရင်တွင်း၌ ယနေ့တိုင်ရှင်သန်နေဆဲပင်ဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ အခြေခံစိတ်ဓာတ်သည် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လိုသောစိတ်ဆန္ဒများရှိကြသည်။ တည်ငြိမ်အေးချမ်းမှုရှိနေမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူဘဝလုံခြုံရေးအတွက် ကာကွယ်ရေးအင်အား တောင့်တင်းရန်လိုအပ်ပေသည်။ နိုင်ငံတစ်နိုင်ငံတွင် ရှိသေခန့်ညားလောက်သည့် ကာကွယ်ရေးစွမ်းပကားရှိနေမှသာလျှင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများနှင့် လက်နက်ကိုင်အကြမ်းဖက်သမားများကို ဟန့်တားချေမှုန်းနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို မြန်မာနိုင်ငံတွင်သာ ပြဋ္ဌာန်းနေခြင်းမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများစွာတွင်လည်း ကျင့်သုံးလျက်ရှိသည်။

**စနစ်တကျ ပြင်ဆင်၊ ဖွဲ့၊ လေ့ကျင့်**

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ ပြည်ဖျက်မီဒီယာများ၏ လှုံ့ဆော်ရေးသားထုတ်လွှင့်မှုများကြောင့် လူငယ်များနှင့်မိဘများ စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသည်။ အမှန်တကယ် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေ၌ အကျုံးဝင်သည့် အမျိုးသား ၆ ဒသမ ၃ သန်း၊ အမျိုးသမီး ၇ ဒသမ ၇ သန်း စုစုပေါင်း ၁၃ သန်းခန့်ရှိသည်။ သို့သော် နှစ်စဉ်ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် လူဦးရေသည် ငါးသောင်း၊ ခြောက်သောင်းခန့်သာရှိသည်။ တစ်နည်းအားဖြင့် တစ်နှစ်လျှင် လူဦးရေ ၂၀၀ တွင်

**ပူးပေါင်းဆောင်ရွက်ရန်လို**

လက်ရှိအချိန်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့သည် ကာကွယ်ရေးအင်အားချည့်နဲ့သော နိုင်ငံငယ်များကို လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအကြောင်းပြချက်များဖြင့် စစ်ဆင်ရေးများဆင်နွှဲပြီး ၎င်းတို့မနှစ်သက်သည့်အစိုးရများကိုဖြုတ်ချကာ ရုပ်သေးအစိုးရများတင်မြှောက်လျက် ကြိုးကိုင်ခြယ်လှယ်လေ့ရှိကြသည်။ ထို့ကြောင့် တိုင်းပြည်ကာကွယ်ရေးအင်အား တောင့်တင်းနေမှသာလျှင် ပြည်တွင်းရှိအကြမ်းဖက်သမားများနှင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်လိုသူများကို ဟန့်တားနိုင်စွမ်းရှိမည်ဖြစ်သည်။ ထိုသို့ ကာကွယ်ရေးအင်အားတောင့်တင်းရန်သည် ပြည်သူအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုများစွာလိုအပ်လျက်ရှိသည်။

❖ စင်စစ်အားဖြင့် နိုင်ငံသားတိုင်းသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို အစဉ်အမြဲ ကာကွယ်စောင့်ရှောက်လျက်ရှိသည့်တပ်မတော်ကို အားဖြည့်ကူညီပေးရန် လိုအပ်ပေသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းနေမှသာလျှင် ပြည်သူများစိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံးသည် တပ်မတော်နှင့်အတူ တိုင်းပြည်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်သွားရန်လိုအပ်သည်။ ❖

**ဝေဖန်ထိုးနှက်**

လက်ရှိအချိန်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်အသက်ဝင်လာသည့် ကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူများကြားတွင် ထင်ကြေးအမျိုးမျိုးပေးကာ ပြောဆိုဝေဖန်လျက်ရှိကြသည်။ အစိုးရ၏ အပြုသဘောဆောင်သော ကြိုးပမ်းဆောင်ရွက်မှုများကို အမြဲတစေ ဝေဖန်တိုက်ခိုက်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပမှ အကြမ်းဖက်အားပေး မီဒီယာများကလည်း လူငယ်များနှင့်မိဘများ ထိတ်လန့်စိုးရိမ်မှုဖြစ်အောင် ဝါဒဖြန့်ထုတ်လွှင့်ရေးသားလျက်ရှိကြသည်။ သို့သော် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသော ပြည်သူများသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို အသိအမှတ်ပြုထောက်ခံလျက်ရှိကြသည်။

**ယခင်ကတည်းက ပြဋ္ဌာန်းထား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို အရေးပေါ် အသစ်ပြဋ္ဌာန်းလိုက်ခြင်းမဟုတ်ပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၉ ခုနှစ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားခဲ့သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၅၉ ခုနှစ် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြန်လည်ပြင်ဆင်သတ်မှတ်ခဲ့သည်။ ဆိုရလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နေ့မှစ၍ ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်စေရမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်အတွင်းဖြစ်ပေါ်လျက်ရှိသော ပကတိအခြေအနေအရ နိုင်ငံသားတိုင်း မိမိအဝန်းအဝိုင်းကို ကာကွယ်စောင့်ရှောက်သွားလိုသောစိတ်ဓာတ် ကိန်းအောင်းလာစေရန်ပင်ဖြစ်သည်။

တစ်ဦးခန့်သာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် အလှည့်ကျစစ်မှုထမ်းဆောင်ရခြင်းသာဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင်လည်း စနစ်တကျခေါ်ယူသွားမည်ဖြစ်ပြီး ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသက်အရွယ်အကျုံးဝင်သည့်တိုင်အောင် ပညာဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခွင့်ရရှိမည်ဖြစ်သည်။ အလားတူ နိုင်ငံခြားတွင် ပညာသင်ကြားနေသူများသည်လည်း ပညာဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခွင့်ရရှိမည်ဖြစ်သည်။

ထို့ပြင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ရာတွင်လည်း သတ်မှတ်ထားသောလစာနှုန်းထား၊ ရိက္ခာ၊ ခံစားခွင့်များရရှိမည်ဖြစ်သည်။ ထိုသို့ တာဝန်ပေးအပ်နိုင်ရေးအတွက် စနစ်တကျလေ့ကျင့်မှု (Well Train)၊ စနစ်တကျစုဖွဲ့မှု (Well Organization)၊ စနစ်တကျပြင်ဆင်မှု(Well Prepare) များ လုပ်ဆောင်သွားမည်ဖြစ်သည်။ လူငယ်များ၏ရုပ်ပိုင်းနှင့်စိတ်ပိုင်းကြံ့ခိုင်မှုဖြင့် ခံယူချက်ပြည့်ဝလာစေရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားပေးခြင်းအားဖြင့် လူငယ်များသည် မိမိကိုယ်ကိုယုံကြည်စိတ်၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်စိတ်၊ မိမိလူမျိုးနှင့် မိမိနိုင်ငံအပေါ် ယုံကြည်စိတ်များ မြင့်တက်လာမည်ဖြစ်သည်။

**ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိ**

လက်ရှိအချိန်တွင် အချို့သော EAOs များနှင့် PDF များသည် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိပါးနှောင့်ယှက် ဖျက်ဆီးလျက်ရှိသည်ကို ပြည်သူအားလုံး အသိပင်ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့၊ ရွာတချို့တွင် သောင်းကျန်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများသည် ပညာသင်ယူခွင့်လက်လွှတ်ဆုံးရှုံးရလျက်ရှိသည်။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်ထောင်စုကြီးပြိုကွဲပျက်စီးရန်နှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကိုပါ ထိပါးစော်ကားသည့်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြသည်။ ဆိုရလျှင် သောင်းကျန်းသူအဖျက်သမားများ၏လုပ်ရပ်များကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများစွာ ထိခိုက်နစ်နာလျက်ရှိသည်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန်တာဝန်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၌ အတိအလင်းပြဋ္ဌာန်းထားသည်။ ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်ဟူသောအချက်နှင့် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟူသည့်အချက်တို့ ပြဋ္ဌာန်းပါရှိသည်။

**အကျိုးကျေးဇူးများစွာ**

အမှန်တကယ် လူငယ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်နိုင်သည့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်ခြင်း၊ အဖွဲ့အစည်းနှင့် လုပ်တတ်ကိုင်တတ်သည့်စိတ်ဓာတ် (Team Work, Team Spirit) များရရှိခြင်း၊ မျိုးချစ်စိတ်ဓာတ်ရှိသူအချင်းချင်း၊ နိုင်ငံချစ်စိတ်ရှိသူအချင်းချင်း၊ မိတ်ဆွေအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ စည်းကမ်းလိုက်နာလိုသည့်စိတ် စသည့်စွမ်းရည်စွမ်းအားများ တိုးတက်လာစေမည်ဖြစ်သည်။ အထူးသဖြင့် မိမိနိုင်ငံကို ကာကွယ်နိုင်သည်ဆိုသောယုံကြည်မှု၊ မိမိကိုယ်ကို ကာကွယ်နိုင်သည်ဆိုသောယုံကြည်မှု၊ မိမိ မိသားစုကိုကာကွယ်နိုင်သည်ဆိုသောယုံကြည်မှု၊ မိမိလူမျိုးကိုကာကွယ်နိုင်သည်ဆိုသောယုံကြည်မှုများရှိလာမည်ဖြစ်သည်။

**နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်ဖို့ဆိုလျှင်**

တိုင်းပြည်အတွင်းရှိသည့် နိုင်ငံ့စွမ်းအားစုအားလုံးပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် အမျိုးသားစစ်မှုထမ်းစနစ်(National Service)ပင်ဖြစ်သည်။ အမျိုးသားစစ်မှုထမ်းစနစ်သည် နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တစိုက်မတ်မတ်ဆောင်ရွက်ရသည့်စီမံချက် (Long Term Plan)တစ်ခုပင်ဖြစ်သည်။ အမှန်တကယ် နိုင်ငံ၏စီးပွားရေးစွမ်းအား (Economic Might)နှင့် နိုင်ငံ၏ကာကွယ်ရေးစွမ်းအား(Military Might) တို့ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

စင်စစ်အားဖြင့် နိုင်ငံသားတိုင်းသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို အစဉ်အမြဲ ကာကွယ်စောင့်ရှောက်လျက်ရှိသည့် တပ်မတော်ကို အားဖြည့်ကူညီပေးရန် လိုအပ်ပေသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းနေမှသာလျှင် ပြည်သူများစိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံးသည် တပ်မတော်နှင့်အတူ တိုင်းပြည်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်သွားရန်လိုအပ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ နိုင်ငံသားများ၏အခွင့်အရေး၊ တာဝန်နှင့်ဝတ္တရားများအရသော်လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရသော်လည်းကောင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အရသော်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေးတွင် ပါဝင်ထမ်းဆောင်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**

# မောက်မယ်မြို့နယ် ပူးထိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မောက်မယ် မတ် ၇**


ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူးထိုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပူးထိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားသည်။

မောက်မယ်မြို့နယ် ပူးထိုကျေးရွာ၌ ရေသန့်စင်စက်ဝယ်ယူခြင်း၊ ဆိုလာအမြင့်တင်ခြင်း၊ ရေထွက်မှ အုတ်ရေကန်ထိ အရှည်ပေ ၁၂၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၂ သန်း စုစုပေါင်း ငွေကျပ် ၁၉ ဒသမ ၂ သန်း အသုံးပြု၍ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် ဇန်နဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ပူးထိုကျေးရွာနေ ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာအသုံးပြုနိုင်ပြီဖြစ်ကြောင်း မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက ပြောပြ၍ သိရသည်။

**အေးသူ**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends coordination meeting on development of cotton cultivation, textile industries



Senior General Min Aung Hlaing addresses the coordination meeting.

**Nay Pyi Taw March 7**

A coordination meeting on development of cotton cultivation and textile industries was held at the Office of the Chairman of the State Administration Council in Nay Pyi Taw at 2 pm today and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing took part in the discussions.

Also present at the meeting were Member Lt-Gen Nyo Saw of the SAC, Union Minister for Cooperatives and Rural Development U Hla Moe, Union Minister for Industry Dr Charlie Than, Union Minister for Commerce U Tun Ohn, deputy ministers and director generals.

First, the Senior General delivered a speech, saying cotton cultivation and production was discussed during the coordination meeting on development of cotton, oil crops, coffee, meat and dairy product sectors in February. Although cotton is cultivated in Myanmar, systematic production of cotton has never been carried out in the country. If about 700 visses of cotton per acre can be produced from 500,000 acres of current cotton cultivation, a population of 50 million can use about 30 yards of cloth by an individual citizen. As imports of cloth from other countries can be reduced if fine cloth can be produced from cotton raw materials being produced in the country, participants are urged to discuss the matter.

It is necessary to take measures to make standard spinning machines available in the country. Cotton wool, Linter cotton (short thread) and cotton seeds can be produced by ginning cotton. By doing so, job opportunities can be created. By milling cotton seeds for oil, the oil industry will be in operation and job opportunities can be created and animal feed can be produced from cotton seed pulp. As textile products can be manufactured from cotton, weaving machines will be in operation and cloth can be used in the garment industry, further job opportunities can be created. There are many other benefits for the country because textile imports can be reduced.

It is necessary to contribute to the economy of the country through cultivation and production of cotton and to manage the industry for the long term by taking cultivation methods, inputs and agricultural water into consideration. As cotton can be stored and production processes can be carried out constantly, job opportunities can be created to reduce the unemployment rate. Therefore, priority must be given to boosting cotton yields by setting targets.

Necessary investments must be invited for manufacturing textile and fine cloth from cotton. As sufficient cloth cannot be produced in the country, it has to import cloth and textiles annually. By manufacturing high quality textiles, the garment industry will develop and fulfill the needs of the country. Therefore, participants are urged to discuss requirements for boosting cotton yields and manufacturing high quality textiles from cotton raw materials.

**Union ministers, participants take part in discussions about respective sectors**

SAC Member Lt-Gen Nyo Saw, union ministers and participants reported to the Senior General on cotton cultivation acreage and yields, creation of job opportunities based on cotton raw materials in the country, production capacity of state-owned and private cotton mills, shortages of cotton ginning machines and ginning processes, operating systems of ginning machines and manufacturing processes of textiles in other countries, imports of cotton raw materials from other countries and exports of cotton wool to other countries annually, manufacturing textiles in domestic textile factories based on kinds of cotton produced in the country, operations of state-owned cement factories and measures taken for boosting cement production.

**Comments made on requirements on reports**

After hearing the reports, the Senior General attended to the needs, saying it is necessary to manufacture required cotton ginning machines domestically and measures must be taken to distribue cotton wool in the domestic market and to manufacture high quality textiles in the country. For the development of cotton cultivation, production and textile industries, current cotton plants must be replaced with high quality grade-A cotton plants. The country needs machines and equipment to manufacture cloth and textiles from cotton raw materials produced in the country. Efforts must be made to achieve success phase by phase by adopting objectives to manufacture fine cloth. It is necessary to invite private entrepreneurs. In connection with producing cement, all state-owned and private cement factories are required to take measures to keep their operations running constantly. If cement factories can operate at their full capacities, the country will be in a position to export cement to other countries. Then, the Senior General sought required information and discussed development of cotton cultivation and production and textile industries and boosting cement production. The meeting concluded at 5.30 pm.

100


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Teak Monastery, ancient Mekkhaya city to become new destinations in Mandalay Region



Photo shows some ancient temples in the ancient Mekkhaya city.

**Mandalay March 7**

In order to increase number of travellers, ancient teak monastery in the precinct of Shwegyin Monastery in Aungmyethazan Township and ancient Makkhaya city in Singaing Township of Mandalay Region will be designated as tourist destinations for attracting local and foreign travellers, according to Mandalay Region Directorate of Hotels and Tourism.

U Min Maung Soe, deputy director of Mandalay Region Directorate of Hotels and Tourism, said that a statue of Thai architect is kept at the Teak monastery. So, local authorities will set the monastery as a tourist destination in cooperation with Thai citizens. Such a monastery was built by King Mindon. Moreover, ancient Makkhaya city, with location of ancient buildings earlier than Konbaung era is being preserved by the Department of Archeology and National Museum.

"Teak monastery was set as a destination with informing the Thai tourism market about new destination. Such new destination will attract Thai citizens. The tourist destination management committee has been formed at district level. The destination will give facilities to travellers with convenient transport, accommodation and food supply. We will set Teak monastery and ancient Makkhaya city as new destinations. Moreover, the row of Madhuca plants attracts a lot of travellers in Amarapura Township," he explained.

Seasonal festivals in Bagan, PyinOoLwin and Mandalay, traditional Thagyan festival, Thadingyut lighting festival, Tazaungdine festival, and Kyaukse elephant dance in Mandalay Region are also attracting travellers at home and abroad. 185

# UK cuts national insurance contributions for workers in spring budget

**London March 7**

The United Kingdom's (UK) Chancellor of the Exchequer Jeremy Hunt on Wednesday announced in his spring budget that National Insurance contributions would be cut for 27 million British workers.

From April 6, employees' National Insurance, a payroll tax, will be cut from 10 percent to 8 percent. Meanwhile, self-employed national insurance will be cut from 8 percent to 6 percent, said Hunt when delivering this year's budget speech in the House of Commons. It is the last budget ahead of the next general election.

"It means an additional 450 pounds (573 U.S. dollars) a year for the average employee, or 350 pounds for someone self-employed," said Hunt.

The move came after a two-percentage-point cut for national insurance from 12 percent to 10 percent in November 2023.

The independent Office for Budget Responsibility (OBR) has estimated that the combined national insurance cuts will mean the equivalent of 200,000 more people in work -- filling one in five vacancies and adding 0.4 percent to GDP per head.

Xinhua

# Kyaiklat Township dispatches 82,000 viss of rohu fish to Yangon market in February

**Kyaiklat March 7**

Daw Ei Ei Aye, owner of marine product depot in Kyaiklat, said that a total of 82,000 viss of rohu fish was sent to Yangon Market from Kyaiklat Township of Ayeyawady Region to Yangon in February.

Local businesspersons sent 55,000 viss of rohu fish to Yangon, less than 82,000 viss in February.

"Local fishermen and businesspersons sent rohu fish to Yangon market in February, exceeding the volume in January. But, remarkable prices did not rise. They send stocks by cargo trucks on road. They also dispatch other goods to Yangon market," she added.



Rohu fish for sale at a market.

Businesspersons manage sorting and processing fishery products bought from local fishermen and then send these goods to Yangon market. Currently, rohu fish fetches K850,000 per 100 viss.

Kyaw Kyaw Lin

# Africa Energy Indaba highlights prospects of South Africa-China energy cooperation

**Cape Town March 7**


The ongoing Africa Energy Indaba 2024 in Cape Town, the legislative capital of South Africa, shed light on the prospects for energy cooperation between South Africa and China, with South African Mineral Resources and Energy Minister Gwede Mantashe emphasizing the positive relationship between the two countries.

Held under the theme "African Energy Transitioning from Aspiration to Action -- Delivering a Sustainable and Prosperous Future," the 16th edition of the Indaba aims to explore ways to advance Africa's renewable energy development.

The event showcases a range of energy technologies, innovations, and solutions that are shaping the energy landscape and eradicating energy poverty on the African continent.

When asked by Xinhua about South Africa-China energy cooperation at a press briefing on Tuesday, Mantashe said China is South Africa's largest trading partner and the two countries have a positive relationship.

Noting that both China and South Africa are members of the BRICS group, he stressed the importance of maintaining and enhancing relations with China and other countries within the framework. Xinhua



A participant visits a Chinese pavilion at an exhibition of the Africa Energy Indaba 2024 in Cape Town, South Africa, on March 5, 2024.

# Sagaing Township farmers plant 2,020 acres of soybeans for the season

**Sagaing March 7**

A total of 2,020 acres of soybeans have been planted in Sagaing Township, Sagaing District, Sagaing Region during this year's winter crop planting season, according to the statistics of the Department of Agriculture for Sagaing Township.

Now, during the 2023-2024 winter planting season, 2,030 acres of soybeans have been earmarked to be planted in Sagaing Township. Since October 2023, 2,020 acres have beenplanted.

"We are working to ensure that the targeted acres can be planted. We are also providing education to prevent pest infestation. We have also encouraged farmers to get the necessary seeds and know about them," said U Zaw Oo, Head of the Department of Agriculture for Sagaing Township.

During the 2022-2023 winter crop planting season, 2,030 acres soybeans were planted in Sagaing Township from October 2022 to December 2022.

More than 2.6 million acres of beans and pulses, over 2.3 million acres of oil crops and over 2.2 million acres of rice are planted in Sagaing Region every year.

206

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံက Scalpel Kamikaze Drone အမြောက်အမြားတိုးမြှင့်ထုတ်လုပ်




ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်အကုန်တွင် ယူကရိန်း၌ တပ်စွဲထားသော တပ်ရင်း၊ တပ်ဖွဲ့များထံသို့ တိုက်ခိုက်ရေးဒရုန်းသစ်များ အစီးရေထောင်ချီပေးပို့သွားရန် အစီအစဉ်ဖြင့် Scalpel Kamikaze Drone အမြောက်အမြား တိုးမြှင့်ထုတ်လုပ်လျက်ရှိကြောင်း ကြေညာခဲ့သည်ကို Army Recognition သတင်းဌာနက မတ် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းလုပ်ဆောင်ချက်သည် ယူကရိန်းနှင့် ပဋိပက္ခဆက်လက်ဖြစ်ပွားနေချိန်တွင် ရုရှားတပ်ဖွဲ့ဝင်များအနေဖြင့် ဒရုန်းစစ်ဆင်ရေးအပေါ် မှီခိုအားထားမှုတိုးမြှင့်လာနေခြင်းကို ထင်ဟပ်စေလျက်ရှိသည်။

Scalpel Kamikaze Drone ဖွံ့ဖြိုးတိုးတက်ရေးကို ကြီးကြပ်လုပ်ဆောင်နေသည့် ရုရှားနိုင်ငံ Vostok ဒီဇိုင်းဗျူရို၏ အဆိုအရ အဆိုပါ တိုက်ခိုက်ရေးဒရုန်းအမြောက်အမြား တိုးမြှင့်ထုတ်လုပ်ပံ့ပိုးပေးမှုသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် တိုက်ပွဲဝင်လုပ်ဆောင်နေသော ရုရှားတပ်ဖွဲ့များ၏စွမ်းဆောင်ရည်ကို မြှင့်တင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ရုရှားကုမ္ပဏီ Vostok ဒီဇိုင်းဗျူရိုက Scalpel Kamikaze Drone သည် Payload တင်ဆောင်နိုင်မှုအလေးချိန် ၅ ကီလိုဂရမ်နှင့် အများဆုံးပျံတက်နိုင်သည့်အလေးချိန် ၁၀ ဒသမ ၅ ကီလိုဂရမ်စသည့် အဓိကဝိသေသလက္ခဏာများကို ထုတ်ဖော်ပြောကြားထားသည်။ အလျင်နှုန်း တစ်နာရီ ကီလိုမီတာ ၁၂၀၊ အကွာအဝေး ကီလိုမီတာ ၄၀ အတွင်း တိုက်ခိုက်မှုများကို တိကျစွာနှင့် ကုန်ကျစရိတ်သက်သာစွာ လုပ်ဆောင်နိုင်စေရန် Scalpel Kamikaze Drone ကို တီထွင်ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ Scalpel Kamikaze Drone ဖွံ့ဖြိုးတိုးတက်မှုသည် လူသားစစ်သည်များအတွက် အန္တရာယ်အနည်းဆုံးဖြစ်အောင် ကင်းထောက်ခြင်းနှင့် တိုက်ခိုက်ရေးရည်မှန်းချက်တာဝန် နှစ်ရပ်စလုံးတွင် မောင်းသူမဲ့စနစ်များ ပိုမိုအသုံးပြုလာကြသည့် ခေတ်သစ်စစ်နည်းဗျူဟာများအပေါ် ပိုမိုကျယ်ပြန့်စွာ ကြိုးပမ်းလုပ်ဆောင်နေခြင်းကို တွေ့မြင်နိုင်မည်ဖြစ်သည်။

မတိုက်ခိုက်မီ ပစ်မှတ်ဧရိယာတစ်ခုအပေါ်တွင် အချိန်အတော်ကြာပျံဝဲနေနိုင်စွမ်းရှိသည့် Kamikaze တိုက်ခိုက်ရေးဒရုန်းများဟု မကြာခဏခေါ်ဝေါ်လေ့ရှိသော Loitering Munitions များကို ရုရှားတပ်ဖွဲ့များက ယူကရိန်းတွင် ၂၀၂၃ ခုနှစ်ကတည်းက ကျယ်ကျယ်ပြန့်ပြန့် တပ်ဖြန့်အသုံးပြုခဲ့ကြသည်။ ရုရှားနိုင်ငံ Vostok ဒီဇိုင်းဗျူရိုကလည်း ပြောင်းလဲနေသော စစ်မြေပြင်အခြေအနေများနှင့် လိုက်လျောညီထွေစွာ အသုံးပြုနိုင်ရန် ပိုမိုကျစ်လျစ်ပေ့ါပါးမြန်ဆန်သော လွှတ်တင်မှုစနစ်၊ ကောင်းမွန်သောဆက်သွယ်ရေးစနစ်နှင့် ပုံမှန်ပြုပြင်မွမ်းမံမှုများ အပါအဝင် Scalpel Kamikaze Drone ကို အဆင့်မြှင့်တင်မှုများစွာ ပြုလုပ်နိုင်ခဲ့သည်။ Scalpel Kamikaze Drone ဖြစ်တည်လာမှုနိဒါန်းနှင့် နောက်ဆက်တွဲ စဉ်ဆက်မပြတ်အဆင့်မြှင့်တင်မှုသည် ဤနည်းဗျူဟာမြောက် တိုက်ပွဲဝင်နိုင်စွမ်းကိုပိုမိုခိုင်မာအားကောင်းလာစေပြီး စစ်မြေပြင်တစ်လျှောက် လျင်မြန်စွာတပ်ဖြန့်နိုင်ရန် ကင်းထောက်မှုနှင့် တိုက်ခိုက်မှုစွမ်းရည်များ ပေါင်းစပ်အသုံးပြုနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

Loitering Munitions များသည် ယူကရိန်းနှင့် ရုရှားတပ်ဖွဲ့များအတွက် စစ်မြေပြင်တွင် အသစ်ပြောင်းလဲလာသော ခြိမ်းခြောက်မှုတစ်ရပ်ကို ကိုယ်စားပြုလျက်ရှိပြီး အထူးသဖြင့် တိုက်ခိုက်ရေးယာဉ်များ၊ တင့်ကားများနှင့် အမြောက်စနစ်များကို ပစ်မှတ်ထား ဖျက်ဆီးပစ်နိုင်စွမ်းရှိသည်။ တန်ဖိုးကြီးမားသော စစ်လက်နက်ပစ္စည်းများကို တိကျစွာစိစစ်ခွဲခြား ဖော်ထုတ်ပြီး တိကျစွာမတိုက်ခိုက်နိုင်မီ ပစ်မှတ်တစ်ခုအပေါ် ပျံဝဲစောင့်ကြည့်နေနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် အဆိုပါတိုက်ခိုက်ရေးဒရုန်းသည် သိသာထင်ရှားသောနည်းဗျူဟာဆိုင်ရာ အားသာချက်များကို ရရှိပိုင်ဆိုင်နိုင်စေမည်ဖြစ်သည်။ ၎င်းတို့၏ တပ်ဖြန့်မှုသည် သမားရိုးကျကာကွယ်ရေးမဟာဗျူဟာများကိုရှုပ်ထွေးစေပြီး အဓိကအချက်အချာနေရာများကို ကြိုတင်သတိပေးနိုင်မှုအခိုက်အတန့်အတွင်း ချေမှုန်းပစ်နိုင်သည့် စစ်ပွဲအခင်းအကျင်းနှင့် လိုက်လျောညီထွေဖြစ်အောင် တွန်းအားပေးလုပ်ဆောင်လာကြခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏အလိုလျောက်စစ်ဆင်နိုင်စွမ်းနှင့် အဝေးထိန်းတိုက်ပွဲဝင်နိုင်စွမ်းသို့ ကူးပြောင်းကျင့်သုံး ဖော်ဆောင်နေခြင်းသည် ယူကရိန်းမြေပေါ်ရှိ စစ်ဆင်ရေးရလဒ်များကို ထူးခြားစွာပြောင်းလဲသွားစေနိုင်သည်။ Scalpel နှင့် Lancet ကဲ့သို့သော တိုက်ခိုက်ရေးဒရုန်းများကို တိုးမြှင့်အသုံးပြုခြင်းသည် ကုန်ကျစရိတ်သက်သာသည့်အပြင် တိုက်ပွဲနယ်မြေများတွင် လူသားများတိုက်ရိုက်ပါဝင်ပတ်သက်မှုမလိုအပ်ဘဲ ပြတ်ပြတ်သားသား ထိုးနှက်ချက်ပေးနိုင်သည့် စစ်ရေးစွမ်းအားစုများ တီထွင်၊ ထုတ်လုပ်၊ တပ်ဖြန့်အသုံးပြုခြင်းများဆီသို့ ပိုမိုဦးတည်သွားခြင်းကို ဆိုလိုသည်။ ယူကရိန်းတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ၎င်းနည်းပညာ၏ထိရောက်မှုနှင့် ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုများသည် ပြင်းထန်သောစိစစ်မှုနှင့် အချေအတင်ဆွေးနွေးမှုများ၏ အကြောင်းအရာများအဖြစ်လည်း ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**Russia Increases Loitering Munition Deployment in Ukraine with New Scalpel Kamikaze Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)က ရန်သူ့ဒုံးကျည်များနှင့် ဒရုန်းများကိုတိုက်ခိုက်နိုင်ရန် ယာဉ်တင်လေဆာလက်နက်ကို တီထွင်ထုတ်လုပ်လျက်ရှိ

တရုတ်(တိုင်ပေ)ရှိ Chung-Shan အမျိုးသားသိပ္ပံနှင့် နည်းပညာအင်စတီကျု (NCSIST)သည် ရန်သူဒုံးကျည်များနှင့် ဒရုန်းများကို တိုက်ခိုက်နိုင်ရန်အတွက် စွမ်းအား ၅၀ ကီလိုဝပ်ထွက်ရှိသော ယာဉ်တင်လေဆာလက်နက်ကို တီထွင်လျက်ရှိကြောင်း The Defense Post သတင်းဌာနက မတ် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလေဆာလက်နက်သည် တိုက်ပွဲဝင်နိုင်သော အကွာအဝေး၊ ရွေ့လျားစစ်ကစားနိုင်စွမ်း မြင့်မားကောင်းမွန်စေရန်အတွက် CM-32 Clouded Leopard သံချပ်ကာယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အမည်မဖော်လိုသည့် ကာကွယ်ရေးအရာရှိတစ်ဦး၏ ပြောကြားချက်အရ အဆိုပါလေဆာလက်နက်သည် တိုက်ပွဲဝင်အသုံးချမှုအမျိုးမျိုးကို ပံ့ပိုးပေးနိုင်ရန် လုံလောက်သောစွမ်းအင် (Power Output) ထွက်ရှိမည်ဟု အကြမ်းဖျင်းသိရသည်။


ပြီးခဲ့သည့်နှစ်တွင် NCSIST အင်စတီကျုသည် စွမ်းအားထွက်ရှိမှု နည်းပါးသေးသော ယာဉ်တင်လေဆာလက်နက်၏ Low-Power Prototype ရှေ့ပြေးပုံစံကို ထုတ်လုပ်နိုင်ခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့ဖူးသည်။

စွမ်းအားထွက်ရှိမှု အပြည့်အဝအသုံးချနိုင်မည့်ရှေ့ပြေးပုံစံကို စမ်းသပ်မှုများ၊ သရုပ်ပြသမှုများနှင့်အတူ ၂၀၂၄ ခုနှစ်အတွင်း မိတ်ဆက်ပြသနိုင်လိမ့်မည်ဟု မျှော်မှန်းထားလုပ်ဆောင်နေခြင်းဖြစ်သည်။ NCSIST က တရုတ်(တိုင်ပေ) စစ်ဘက်အနေဖြင့် ပြည်မကြီးနှင့် တင်းမာမှုများ တိုးမြှင့်လာနေသည့်အပေါ် ထည့်သွင်းစဉ်းစားကာ အဆိုပါလေဆာလက်နက်စနစ်လွှဲပြောင်း၊ လက်ခံမှုကို အချိန်တိုအတွင်း ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့သည်။

ပေါ်ပေါက်လာသော ခြိမ်းခြောက်မှုများကိုတိုက်ဖျက်ရန် တရုတ်(တိုင်ပေ)သည် စွမ်းအား ၅၀ ကီလိုဝပ်ထွက်ရှိသည့်လေဆာလက်နက်ကိုတီထွင်ရာတွင် တစ်နိုင်ငံတည်းလုပ်ဆောင်နေခြင်းမဟုတ်ကြောင်း အကြီးတန်း ကာကွယ်ရေးအရာရှိတစ်ဦးက Taipei Times သို့ ပြောကြားခဲ့သည်။ NCSIST သည် နိုင်ငံတကာမိတ်ဖက်နိုင်ငံများထံမှ နည်းပညာအကူအညီကြောင့် အချိန်တိုအတွင်း သိသာထင်ရှားသော တိုးတက်မှုများကို ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာမိတ်ဖက်ဟုဆိုရာတွင် နိုင်ငံများအမည်ကို အတိအကျဖော်ပြထားခြင်း မရှိသော်လည်း လေဆာလက်နက်ဖွံ့ဖြိုးတိုးတက်မှုတွင် သိသာထင်ရှားသော အောင်မြင်မှုများရရှိထားသည့် အမေရိကန်ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်ဟု တွက်ဆထားကြသည်။ တစ်ချိန်တည်းမှာပင် လေဆာလက်နက် တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းသည် တရုတ်(တိုင်ပေ)၏ ခေတ်မီဆန်းပြားသော လက်နက်စနစ်များထုတ်လုပ်နိုင်မှုနှင့် ကာကွယ်ရေးဆန်းသစ်တီထွင်မှုတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်။

စွမ်းအား ၅၀ ကီလိုဝပ်ထွက်ရှိသော လေဆာလက်နက် ထွက်ပေါ်မလာမီက NCSIST အနေဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ် တိုက်ယာဉ်များပေါ်တွင် လုပ်ဆောင်နေသော တိုက်ရိုက်စွမ်းအင်သုံးလက်နက်များ၏ စစ်မြေပြင်အသုံးပြုနိုင်မှုအလားအလာကို သုတေသနပြုလုပ်ခဲ့ကြသည်။



လေဆာလက်နက်၏ တိုက်ခိုက်ရေးအသုံးချမှုများကို စူးစမ်းလေ့လာပြီးနောက် အဆိုပါစနစ်သည် တရုတ်နိုင်ငံ၏ Chengdu GJ-1 စီးရီးဒရုန်းများ၊ ဒုံးပျံများနှင့် ဒုံးကျည်များကို ထိရောက်စွာတိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိကြောင်း NCSIST က ဖော်ထုတ်တွေ့ရှိခဲ့သည်။ ထို့ပြင် လေဆာလက်နက်များသည် တရုတ်နိုင်ငံက လွှတ်တင်လေ့ရှိသော မိုးလေဝသထောက်လှမ်းရေးသုံး မိုးပျံပူဖောင်းများကိုပင်ပစ်ချနိုင်သည်ဟု ကာကွယ်ရေးလေ့လာသုံးသပ်သူတစ်ဦးက မှတ်ချက်ပြုခဲ့သည်။

**Taiwan Developing Vehicle-Mounted 50kW Laser Weapon ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၉၁၃၁ ဧက ရိတ်သိမ်းပြီးစီး



**ရွှေဘို မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၉၁၃၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၁၃၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖူးစားပြောင်း ၉၁၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ပြောင်းဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက်ပျိုးခြင်းအားဖြင့် ပြောင်းဖူးရောင်းချရသည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန်အစာအဖြစ်ပါ ရောင်းချရသောကြောင့် တောင်သူများ ဝင်ငွေပိုမိုရရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၇၆၂၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၉၁၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖော့ဖမြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ် အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကော့ကရိတ်မြို့နယ် သရက်တော-ဝဲလစ်-ထို့ကော်ကိုးလမ်း၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကော့ကရိတ် မတ် ၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် သရက်တော-ဝဲလစ်-ထို့ကော်ကိုး လမ်း၌ ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်စုစုစံနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၆၂ သန်းဖြင့် ကော့ကရိတ်မြို့နယ် သရက်တော-ဝဲလစ်-ထို့ကော်ကိုး လမ်း၌ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းပြသရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စုစုစံက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ကော့ကရိတ်မြို့နယ် သရက်တော-ဝဲလစ်-ထို့ကော်ကိုးလမ်းတွင် လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ ကျောက်အရွယ်အစားစုံအမြင့် ၁၅ လက်မပေါ်၌ ကတ္တရာခင်းခြင်း လုပ်ငန်းကို ကော့ကရိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးကြပ်၍ ဒေါ်နုကြယ်စင် ကုမ္ပဏီက ၂၀၂၃ ခုနှစ် မေ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကတ္တရာလမ်း ပြီးစီးမှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေး သွားလာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာများမှ ထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်များကို မြို့ပေါ်ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဝါးခယ်မမြို့နယ် အဖျားစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝါးခယ်မ မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဖျားစုကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဖျားစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၄ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၁၅ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၇-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ (အခွင့်အလမ်းတွေ ဘယ်လိုရယူမလဲ) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာရေးရာလေ့လာရေးအဖွဲ့က စီစဉ်ကျင်းပသော ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ (အခွင့်အလမ်းတွေ ဘယ်လိုရယူမလဲ) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာရေးရာလေ့လာရေးအဖွဲ့ သုတေသနပညာရှင် ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)၊ မြန်မာလူမှုစီးပွားဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဦး၊ Financial Management၊ Vancouver, Canada ငွေကြေးစီမံခန့်ခွဲမှုပညာရှင် ဦးဝိလျှံအောင်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏စီးပွားရေးတည်ငြိမ်ရေးအတွက် အထောက်အကူဖြစ်စေမည့် စီးပွားရေးမူဝါဒများ စနစ်တကျချမှတ်နိုင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံ၏တည်ရှိမှုအရ ကမ္ဘာတွင် လူဦးရေအများဆုံးနှင့် ဒုတိယအများဆုံးနိုင်ငံ နှစ်နိုင်ငံအကြားတွင် ရှိနေပါကြောင်း၊ နှစ်နိုင်ငံလုံး၏ မဟာဗျူဟာအကျိုးစီးပွားအချို့သည် မြန်မာနိုင်ငံနှင့် သက်ဆိုင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယင်းနိုင်ငံများလိုအပ်နေသည့် ကုန်စည်များ၊ ထုတ်ကုန်များကိုသာ အရည်အသွေးမီ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက အကြီးမားဆုံးဈေးကွက်ကြီးများသည် လက်တစ်ကမ်းအနီးအနားတွင် ရှိနေပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပထဝီစီးပွားရေးကို ကောင်းကောင်းအသုံးချနိုင်ရန်သာ လိုအပ်နေခြင်းဖြစ်ပါကြောင်း၊ ဦးဆောင်ဆွေးနွေးကြမည့် ပညာရှင်များဆီက တန်ဖိုးရှိသည့် ဆွေးနွေးသုံးသပ်ချက်များ၊ အကြံပြုချက်များရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ထို့ပြင် မိမိတို့တွင် ပထဝီစီးပွားရေးအရ အားသာချက်များ၊ အခွင့်အလမ်းများ ရှာဖွေပြီး မည်ကဲ့သို့အသုံးချနိုင်မည်ဆိုသည့် ဆွေးနွေးချက်၊ အကြံပြုချက်များကိုလည်း ရရှိလာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

ယနေ့ဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် ဆွေးနွေးအကြံပြုချက်များအပေါ်တွင်လည်း တလေးတစား တန်ဖိုးထားပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် သိလိုသည်များကို ပွင့်ပွင့်လင်းလင်းမေးမြန်း ပူးပေါင်းပါဝင် ဆွေးနွေးကြစေလိုကြောင်း၊ နောင်တွင်လည်း အလျဉ်းသင့်သလို ယခုကဲ့သို့ဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် သဘာပတိအဖြစ် မြန်မာရေးရာလေ့လာရေးအဖွဲ့မှ သုတေသနပညာရှင် ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) က ဆောင်ရွက်ပြီး မြန်မာလူမှုစီးပွားဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဇော်ဦးနှင့် Financial Management၊ Vancouver, Canada ငွေကြေးစီမံခန့်ခွဲမှုပညာရှင် ဦးဝိလျှံအောင်တို့က ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ (အခွင့်အလမ်းတွေ ဘယ်လိုရယူမလဲ) ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကတည်းကပြင်ဆင်ထားမှုများ၊ ယခုကာလတွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ နှစ်ပေါင်းများစွာ ရေဝတီမြစ်ကူးတံတားတစ်စင်းသာရှိခဲ့ရာမှ နဝတ၊ နယက လက်ထက်တွင် မြစ်ကူးတံတားပေါင်းများစွာ တည်ဆောက်နိုင်ခဲ့သဖြင့် မြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ရခိုင်ပြည်နယ်တွင် လမ်းများ ဖောက်လုပ်ပေးခဲ့မှု၊ ကျောက်ဖြူစီမံကိန်းကိုလည်း ယခင်နှစ်ပေါင်းများစွာကပင် စဉ်းစားပြင်ဆင်ခဲ့မှု၊ မြစ်ဆုံစီမံကိန်းသာ ဆောင်ရွက်နိုင်ခဲ့ပါက နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လုံလောက်စွာသုံးစွဲနိုင်မည့်အခြေအနေ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့်ပူးပေါင်း၍ ဆက်သွယ်ရေးလမ်းကြောင်းများ ဖောက်လုပ်ရန်စီစဉ်ခဲ့သည့်အခြေအနေ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ Dry Port Zone များတည်ဆောက်ရန် လျာထားစဉ်းစားခဲ့မှု၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်ရန် လျာထားစဉ်းစားခဲ့မှု၊ လက်ရှိကာလပိတ်ဆို့မှုများနှင့် အစိုးရ၏ ဖြေရှင်းဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက သဘာဝအရင်းအမြစ်ကုန်သွယ်မှုနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်မှု ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်းသည် ပထဝီစီးပွားရေး၏ အချက်များဖြစ်မှု၊ ယနေ့ ကမ္ဘာ့နိုင်ငံများသည် Economic Nationalism ကို ပြောင်းလဲဖော်ဆောင်လာမှု၊ ဒေါ်လာအပေါ် မှီခိုသည့် စီးပွားရေးကို ကျော်လွှားနိုင်ရေး ကြိုးစားဆောင်ရွက်နေမှု၊ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များသာမက ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စီးပွားရေးတိုးတက်မှုအတွက် တီထွင်ဆန်းသစ်ခြင်း၊ နည်းပညာနှင့်အညီလုပ်ဆောင်ခြင်း၊ စွမ်းအင်လုံခြုံရေး၊ ငွေကြေးခိုင်မာရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လာမှုတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ အရာရှိများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒေါက်တာဇော်ဦးနှင့် ဦးဝိလျှံအောင်တို့က ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အလုပ်ရုံဆွေးနွေးပွဲ သဘာပတိနှင့် ဆွေးနွေးဟောပြောသည့် ပညာရှင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဦးမောင်မောင်အုန်းတို့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာနှင့် ကမ္ဘာ့ရေးရာစာအုပ်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုသိမ်ကြီးမြို့နယ်ရှိ ရွှေအိုးနို့စားနွားမွေးမြူရေးလုပ်ငန်း၊ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းကြည့်ရှု

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ပုသိမ်ကြီးမြို့နယ် မနော့ယျမကျေးရွာအုပ်စု ကုလားမတောင်ကျေးရွာရှိ ရွှေအိုးနို့စားနွားမွေးမြူရေးလုပ်ငန်း၊ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းသို့ ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ကို လုပ်ငန်းရှင် ဦးတင်ဝင်းက နို့စားနွားမွေးမြူထားရှိမှု၊ မျိုးထိန်းခြင်းဆောင်ရွက်မှု၊ မွေးဖွားထားသည့် နွားငယ်များကို သီးသန့်ခွဲခြားမြုစုထားမှု၊ နို့ထွက်ရှိမှုနှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ ဈေးကွက်အတွင်းဖြန့်ချိမှု၊ လျှပ်စစ်ဓာတ်အားနှင့်တွဲဖက်၍ ပြည်ဖြိုးမြေစွမ်းအင်သုံး ဆိုလာအသုံးပြုနေမှုတို့ကို ရှင်းလင်းပြသသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်ကအလေးထားဆောင်ရွက်နေသည့် စားရေရိက္ခာဖူလုံရေးတွင် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ပါဝင်ပါကြောင်း၊ နို့စားနွား မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် မူဝါဒများချမှတ်ကာ မွေးမြူရေးဇုန်များဖော်ထုတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ လက်တွေ့ဆောင်ရွက်နေသူများသည် အတွေ့အကြုံများစွာရရှိထားသူများဖြစ်ပါကြောင်း၊ အားနည်းချက်အားသာချက်များကို ပြန်လည်သုံးသပ်၍ ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများ သွင်းကုန်အစားထိုးနိုင်ရန် ပြည်တွင်း၌သုံးစွဲမှုပြည့်ဝရေး ထုတ်လုပ်ရောင်းချမှုမြှင့်တက်လာအောင် ဦးတည်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၌ ဖူလုံပါက ပြည်ပသို့ တင်ပို့နိုင်သည်ထိ ကြိုးစားဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကဏ္ဍတွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၂၄)အစည်းအဝေး ကျင်းပ



**ရန်ကုန် မတ် ၇**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ (၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့မှ ပါမောက္ခချုပ်ဆရာတော်များ၊ ဒုတိယပါမောက္ခချုပ်(သင်ကြား၊ စီမံ) ဆရာတော်များ၊ မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရက အဖွင့်သြဝါဒကထာ မြွက်ကြားရာတွင် ဗုဒ္ဓသာသနာတော်ဟူသော အဖွဲ့အစည်းကြီး၏ သက်တမ်းသည် ယခုအခါ နှစ်ပေါင်း ၂၅၀၀ ကျော်ရှိလာခဲ့ပြီဖြစ်ပြီး ထိုအဖွဲ့အစည်း(သံဃာ)၏ အခြေခံစည်းမျဉ်းစည်းကမ်းများ (ဝိနည်း) ကောင်းမွန်မှန်ကန်ခြင်းနှင့် အဖွဲ့ဝင်ပုဂ္ဂိုလ်(သံဃာတော်)များက ထိုစည်းမျဉ်းစည်းကမ်းများကို လေးလေးစားစားလိုက်နာကျင့်သုံး အကောင်အထည်ဖော်နေကြပါကြောင်း၊ အဖွဲ့အစည်းတစ်ခု ရေရှည်ရပ်တည်နိုင်မှုသည် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ အယူအဆကွဲပြားမှုကို ရှောင်ရှားပြီး ညီညွတ်အဆင်ပြေရေးကို ရှေးရှုလျက် ညှိနှိုင်းတိုင်ပင်အဖြေရှာကာ မိမိတို့၏တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး) တို့သည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကျမ်းဂန်များကို အဓိကဘာသာရပ်များအဖြစ် သတ်မှတ်ပြီး ဝိနယပိဋကမဟာဌာန၊ သုတ္တန္တပိဋကမဟာဌာန၊ အဘိဓမ္မပိဋကမဟာဌာနဟူ၍ မဟာဌာနကြီး သုံးခုဖွဲ့စည်းကာ အထူးပြုသင်ကြားလျက်ရှိပြီး အခြားသော ပိဋကတ်ဆိုင်ရာ ပါဠိစာပေ၊ မြန်မာစာပေ၊ အင်္ဂလိပ်စာပေနှင့် ဗုဒ္ဓဒေသနာပြန့်ပွားရေး ပညာဘာသာရပ်တို့ကိုလည်း အထောက်အကူပြု ဘာသာရပ်များအဖြစ် သတ်မှတ်ပြီး ဌာနလေးခုဖွဲ့စည်းကာ မူရင်းပိဋကတ်ကျမ်းဂန်များ၏ အထောက်အကူပြုသဘောဖြင့် သင်ကြားလျက်ရှိပါကြောင်း။

ယနေ့ခေတ် နိုင်ငံတကာတက္ကသိုလ်များ၌သင်ကြားလျက်ရှိသော ပိဋကတ်ကျမ်းဂန်များကို ခေတ်စနစ်နှင့်အညီ သင်ကြားနည်းစနစ်ပေါင်းစုံဖြင့် ချဉ်းကပ်လေ့လာသင်ယူပို့ချပေးနေခြင်းကြောင့် ပိဋကတ်ကျမ်းဂန်များကို စနစ်တကျသင်ယူဆည်းပူးရာ ပရိယတ္တိပညာရေးဌာနဖြစ်ပါကြောင်း၊ တက္ကသိုလ်၏ သင်ရိုးညွှန်းတမ်း စည်းမျဉ်းစည်းကမ်းများအရ သာသနတက္ကသီလဓမ္မာစရိယတန်း၊ သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း၊ သာသနတက္ကသီလ ဓမ္မပါရဂူတန်းဟူ၍ အတန်းသုံးတန်းသတ်မှတ်ထားပြီး သတ်မှတ်အရည်အချင်းများ အောင်မြင်ပြီးမြောက်သည့်အခါတွင်လည်း ဘွဲ့အမျိုးအစား သုံးမျိုးကို ဆက်ကပ်လှူဒါန်းပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဆရာတော်ကြီးများ၏သြဝါဒကိုခံယူ၍ ပါမောက္ခချုပ်ဆရာတော်များ၊ ဒုတိယပါမောက္ခချုပ်ဆရာတော်များနှင့်တကွ သင်ကြား၊ စီမံဆရာတော်များ၏ သာသနာပြုသဒ္ဓါတရားအခြေခံဖြင့် စေတနာမေတ္တာတရားရှေ့ထားကာ သင်ကြားပို့ချမှု၊ သင်တန်းသားရဟန်းတော်များ၏ ယုံကြည်ချက်သဒ္ဓါတရား ဝီရိယစွမ်းအားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အားပေးထောက်ပံ့ အလုပ်အကျွေးပြုမှုဟူသော ထောင့်သုံးထောင့်ဟန်ချက်ညီစွာ ဆောင်ရွက်ကြပါက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက် ခရီးရောက်မည်ဟု ယုံကြည်ပါကြောင်း။

ထိုသို့ သာသနာ့တက္ကသိုလ်များ၏ သာသနာပြုလုပ်ငန်းများ ဆက်လက်တိုးတက်အောင်မြင်စေရန် ဆရာဒကာ ညီညွတ်စွာဖြင့် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဘုရားရှင်၏ အဆုံးအမတရားတော်များသည် နယ်စပ်တောင်တန်းဒေသပါမကျန် ပြည်တွင်းမှသည် ပြည်ပသို့တိုင် ဝေစည်ထွန်းကားပြန့်ပွားစေလျက် ဗုဒ္ဓမြတ်စွာသာသနာသည်လည်း အနှစ်ငါးထောင်မကကြာအောင် အရှည်ခိုင်ခံ့တည်တံ့ထွန်းလင်းပြန့်ပွားတိုးတက်နိုင်ပါစေကြောင်းဖြင့် လျှောက်ထားသည်။

ဆက်လက်၍ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၂၃)အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ၊ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များနှင့်စပ်လျဉ်းသည့် တင်ပြချက်များကို လျှောက်ထားသည်။

ထို့နောက် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးကြပြီး ဆွေးနွေးချက်များနှင့်ပတ်သက်၍ အတည်ပြုချက်နှင့်ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရက ထောင့်သုံးထောင့်တွင် ပါဝင်ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များအနေဖြင့် သဒ္ဓါကိုအခြေခံပြီး အခြားသောကုသိုလ်ကံများကို ပွားများနိုင်မည်ဖြစ်၍ မိမိ၏ကာယကံ၊ ဝစီကံ၊ မနောကံ အပြုအမူသုံးမျိုးကို အကောင်းဆုံးပြုမူဆောင်ရွက်လုပ်ကိုင်ကြစေလိုကြောင်းဖြင့် နိဂုံးချုပ်သြဝါဒကထာမြွက်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ကြွရောက်လာကြသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် တနိုင်းမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့်

## ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မဟာစည်သာသနာ့ရိပ်သာ ကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၄၅ ပါးတို့ကို လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG၊ စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ တနိုင်းမြို့ မုန့်ဒိန်ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများကို နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တနိုင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

နယ်မြေခံ နယ်လှည့်ဆေးကုသရေးအဖွဲ့က တနိုင်းမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားမိဘများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်စွာဦးထံ တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုစားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



**နေပြည်တော် မတ် ၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင် လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်စေတနာရှင်ပြည်သူများမှ စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြိတ်ခရိုင် စေတနာရှင် ပြည်သူများကိုယ်စား ငွေကျပ် ၁၇၆၁၀၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးကဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

အလားတူ ဘုတ်ပြင်းခရိုင်မှ စေတနာရှင်ပြည်သူများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၀၀၀၀၀ နှင့် ငွေကျပ် ၁၉၃၄၅၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ကော့သောင်းခရိုင်မှ စေတနာရှင်ပြည်သူများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၀၀၀၀၀၀ နှင့် ငွေကျပ် ၈၃၉၄၅၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လာရောက် ဂုဏ်ပြုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် မတ် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက အဆိုပါမြို့ရှိ စစ်မှုထမ်းဟောင်း အိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ မိသားစုဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားသည်။ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အိမ်ရာဝင်းအတွင်း အဆင့်မြှင့်စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် စည်းကမ်းနှင့်အညီ ပြောဆိုနေထိုင်ဆက်ဆံကြပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်သွားကြရန်နှင့် သတ်မှတ်ထားသောပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာ၍နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်းပြောကြားပြီး၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများကိုရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အမျိုးသမီးအသက် ၁၂ နှစ်နှင့်အထက် ဝူရှူးထောက်လု (ချန်းချွမ်)ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး ဝူရှူးဆန်းဆို (အတိုက်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲကို မတ် ၇ ရက်မှ ၁၁ ရက်ထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝူရှူးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ထွန်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် မတ် ၇**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့ထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပြီး ယင်းသို့ လျှောက်ထားသည့်အဖွဲ့များအနက် **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့ထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၂ ပါတီဖြစ်ကြောင်း တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၇**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမနှင့် နယ်မြေခံသင်တန်းကျောင်း ခန်းမတို့၌ ကျင်းပပြုလုပ်သည်။

အဆိုပါ(၇၉)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့် အဆင့်လေးဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူများ၏ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၈-၃-၂၀၂၄ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ်(ကာလပေါ်) |
| ၆။ | ၂၁း၄၀ | Love Dictionary |

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လူသစ်စုဆောင်းမှုတို့အကြား ကွဲပြားခြားနားမှုများ

မင်္ဂလာပါရှင် ကျွန်မကတော့ ဗိုလ်ကြီး ဒေါ်အေးသဉ္ဇာကျော်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်မတင်ဆက်ပေးမယ့် အကြောင်းအရာ ကတော့ နိုင်ငံတော်အစိုးရကထုတ်ပြန်လိုက် တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ EAO အဖွဲ့ တွေကြားထဲမှာ လူသစ်စုဆောင်းမှုတွေရဲ့ ကွဲပြားခြားနားမှုတွေကို ကျွန်မတင်ဆက် ပေးသွားမှာဖြစ်ပါတယ်။ ဒီအကြောင်းတွေ မပြောခင်မှာ ကျွန်မ ဥပဒေအကြောင်းကို အနည်းငယ်တင်ပြလိုပါတယ်။ ဥပဒေဆိုတာ ဟာ လူအချင်းချင်းဆက်ဆံပေါင်းသင်းတဲ့ နေရာမှာ တရားမျှတမှုရှိစေဖို့ အထိန်း အကျောင်းအကွပ်အကဲတစ်ခုသဖွယ်ဖြစ် စေဖို့အတွက် သူတို့ကိုအုပ်ချုပ်တဲ့အစိုးရ ကနေ သတ်မှတ်ပေးထားတဲ့စည်းကမ်းစု တစ်ခုပဲဖြစ်ပါတယ်။ ကျွန်မတို့နေထိုင်တဲ့ ကမ္ဘာလောကကြီးမှာ တရားဥပဒေစိုးမိုးမှုသာ မရှိဘူးဆိုရင် ကျွန်မတို့ရဲ့ နေ့စဉ်လူမှုဘဝ ဖြစ်တဲ့ စားဝတ်နေရေးပေါ့နော်။ ဒီကိစ္စတွေ မှာ အန္တရာယ်ရှိလာနိုင်သလို လုံခြုံအေးချမ်း မှု၊ တည်ငြိမ်မှု၊ တရားမျှတမှုတွေလည်း ရှိလာတော့မှာမဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံ တစ်ခုတည်မြဲဖို့ဆိုလို့ရှိရင် တရားဥပဒေဟာ အဓိကကျပါတယ်။ တရားဥပဒေတည်ရှိ နေဖို့လိုအပ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ ဆိုရင်လည်း မြန်မာနိုင်ငံအတွင်းမှာ နေထိုင် နေကြတဲ့ တိုင်းရင်းသူ တိုင်းရင်းသားအားလုံး အတွက် လုံခြုံဖို့ တည်ငြိမ်အေးချမ်းငြိမ်ဝပ် ပိပြားဖို့၊ ပြီးရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ဥပဒေအားလုံးရဲ့ MOTHER LAW လို့ခေါ်ဆိုနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)ရဲ့ သူကတစ်ဆင့်စီးဆင်း လာတဲ့ ဥပဒေတွေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံ ရေး၊ စီးပွားရေးလူမှုရေး စတဲ့ကဏ္ဍအသီး သီးမှာ တရားဥပဒေစိုးမိုးမှုရှိစေဖို့အတွက် အဆင့်ဆင့်လွှမ်းခြုံထားတာဖြစ်ပါတယ်။ လက်ရှိကာလ ကမ္ဘာ့အရေး၊ မြန်မာ့အရေး တို့အရ ကျွန်မတို့ မြန်မာနိုင်ငံတော်မှာ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့် ရှောက်ဖို့ နောက်တစ်ခုကကျတော့ မြန်မာ နိုင်ငံကို ကာကွယ်စောင့်ရှောက်ဖို့ လိုအပ် လာပြီဖြစ်တဲ့အတွက် ကျွန်မတို့က ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့ စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော် ဝါရီလ ၁၀ ရက်နေ့မှာ စတင်အာဏာတည် စေခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်း ဥပဒေမှာ အခန်း ရှစ်ခန်းပါဝင်ပါတယ်။ အခန်း ရှစ်ခန်းမှာလည်း သူ့တစ်ခန်းစီတစ် ခန်းစီလိုက် သတ်မှတ်ပြဋ္ဌာန်းချက်တွေကို ရှင်းရှင်းလင်းလင်းနဲ့ဖော်ပြထားတာဖြစ်ပါ တယ်။ ဒီလိုအချိန်မျိုးမှာ ကျွန်မတို့နိုင်ငံက နိုင်ငံတော်အစိုးရအနေနဲ့ ထုတ်ပြန်လိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို တုပပြီးတော့ EAO အဖွဲ့တွေက သူတို့နေထိုင်ရာဒေသ တွေမှာ တိုင်းရင်းသားပြည်သူတွေကို စစ်မှု မထမ်းမနေရဆိုပြီးတော့ အတင်းအဓမ္မ လူသစ်စုဆောင်းတာတွေကို လုပ်ဆောင် လာကြတာဖြစ်ပါတယ်။ ဒီEAO တွေဟာ သူတို့အဖွဲ့အစည်းတွေ အင်အားတောင့် တင်းဖို့အတွက် ငွေအင်အားလိုအပ်ပါတယ်။ လိုအပ်တဲ့ငွေအင်အားကို သူတို့ဘယ်ကရ မှာလဲ။ သုံးချက်ပဲရှိပါတယ်။ ပထမတစ်ချက် ကတော့ မူးယစ်ဆေးပေါ့။ အကြီးအကျယ် ရောင်းဝယ်ဖောက်ကားမှုတွေလုပ်တယ်။ ဒီလို ကျွန်မပြောတာက သက်သေသာဓကမဲ့ ပြောတာမဟုတ်ပါဘူး။ ဒါဟာရက်ပိုင်း လတ် တလောအတွင်းမှာ AA အဖွဲ့ကလုပ်ဆောင် တဲ့ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု တွေကို နိုင်ငံတော်အစိုးရကမိထားတယ်။ ဒီလိုမိတဲ့အတွက် သူတို့ဆီကပါဝင်ပတ်သက် နေသူတွေအကုန်လုံးက ပြန်ဖြေတာကိုလည်း သတင်းမီဒီယာတွေမှာ ပြန်လည်ထုတ်လွှင့် ပြီးသားဖြစ်ပါတယ်။ ဒါက ပထမအချက်ပါ။ ဒုတိယတစ်ချက် ငွေရနိုင်တဲ့လမ်းကြောင်းက တော့ တရားမဝင်လုပ်ငန်းတွေလုပ်ကိုင်တာ ဖြစ်ပါတယ်။ တရားမဝင်လုပ်ငန်းဆိုတာက တော့ အားလုံးသိကြတဲ့ပြည်သူတွေကို ဒုက္ခ ရောက်စေတဲ့ ကျားဖြန့်လို့ခေါ်တဲ့ လောင်း ကစားလုပ်ငန်းတွေမှာ ပါဝင်ပတ်သက်နေ တာတို့၊ လူကုန်ကူးတာတို့၊ နောက်တစ်ခုက ကျောက်စိမ်းနဲ့သစ်တွေခိုးထုတ်တာတို့၊ ဒါမျိုး တွေကပဲ သူတို့ငွေရတာဖြစ်ပါတယ်။ နောက်ဆုံး တတိယတစ်ချက်ကတော့ သူတို့ဆက် ကြေးကောက်တာဖြစ်ပါတယ်။ တစ်ရွာ ဘယ်လောက်ငွေကောက်တာရှိတယ်။ ရိက္ခာစို ရိက္ခာခြောက်တွေကောက်တာရှိတယ်။ ဒီလို မျိုးတွေနဲ့သူတို့တွေဆက်ကြေးကောက်တာ ဖြစ်ပါတယ်။ ဒီလိုရပေါက်ရလမ်းသုံးခု ကနေ ငွေတွေဝင်လာတာဖြစ်ပါတယ်။ ဒီငွေ နဲ့လက်နက်တွေဝယ်တယ်။ သူတို့အင်အား ကိုချဲ့ထွင်တယ်။ သူတို့အင်အားတွေ ပိုမို ခိုင်မာတောင့်တင်းစေဖို့အတွက် လူသစ်တွေ စုဆောင်းတာမျိုးဖြစ်ပါတယ်။ ဒီနေ့မှာတော့ ကျွန်မကတိုင်းရင်းသား EAO အဖွဲ့တွေရဲ့ လူသစ်စုဆောင်းမှုပုံစံတွေကို ကျွန်မ တင်ဆက်ပေးသွားမှာဖြစ်ပါတယ်။



ပထမဆုံးအဖွဲ့ကတော့ KIA ဟာ ကချင်ပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်းတို့မှာ လူမျိုးမရွေး ကျားမ မရွေး အသက် ၁၈ နှစ်ပြည့်ပြီဆိုတာနဲ့ သူတို့အဖွဲ့ မှာ စစ်မှုထမ်းဖို့အတွက် စုဆောင်းနေတာ ဖြစ်ပါတယ်။ လစာရိက္ခာခံစားခွင့်တွေကို လည်း တင်ပြထားတာမျိုးတစ်ခုမှမရှိပါ ဘူး။ နောက်တစ်ဖွဲ့ကတော့ MNDAA အဖွဲ့ကဆိုလို့ရှိရင် သူတို့သိမ်းပိုက်ထားတဲ့ မုံးကိုး၊ သိန်းနီ၊ ကွတ်ခိုင်၊ ကိုးကန့်စသည့် ဒေသလေးခုမှာရှိတဲ့ နေထိုင်နေတဲ့ လူမျိုး မရွေး အသက် ၁၆ နှစ်မှ ၅၀ ကြားထိ အမျိုးသားအားလုံး စစ်မှုထမ်းဆောင်ရ မယ်ဆိုပြီးတော့ သူတို့ထုတ်ပြန်ထားတာ ဖြစ်ပါတယ်။ ဒီအိမ်ထောင်စုတစ်စုမှာ အမျိုးသားနှစ်ဦးနဲ့အထက်ရှိမယ်ဆိုရင် တစ်ဦး၊ အမျိုးသားက ငါးဦးနဲ့အထက်ရှိမယ် ဆိုရင် နှစ်ဦး စစ်မှုထမ်းဆောင်စေတာ ဖြစ်ပါတယ်။ သူတို့အိမ်ထောင်စုစာရင်းတွေ ပြခိုင်းတယ်။ အိမ်ထောင်စုစာရင်းတွေကို မပြနိုင်ဘူး ဒီလူတွေမရှိဘူးဆိုရင် အိမ် ထောင်စုစာရင်းမပြနိုင်ဘူးဆိုရင် ဒီနေရာ မှာ ဒီလူတွေမရှိဘူးဆိုပြီးတော့ ဒီမိသားစု တွေရဲ့ပိုင်ဆိုင်မှုတွေကို သူတို့ကသိမ်းယူမှာ ဖြစ်ကြောင်းကိုလည်း ပြောကြားထားတာ တွေ့ရပါတယ်။ ဒါဟာအတင်းအဓမ္မလူသစ် စုဆောင်းနေတာပဲဖြစ်ပါတယ်။ နောက် တစ်ဖွဲ့ကတော့ TNLA ကတော့ အသက် ၁၆ နှစ်ပြည့်ပြီဆိုတဲ့ ဒီလူငယ်တွေဟာ မိမိ တို့ရဲ့စိတ်ဆန္ဒအရ သူတို့အဖွဲ့ထဲကို ဝင်ရောက်နိုင်တယ်။ ဒီလိုမှမဟုတ်ဘဲ တအာင်းမိသားစုတစ်စုမှာ ဆိုလို့ရှိရင် အသက် ၁၈ နှစ်ကနေ ၃၅ နှစ်ကြား အမျိုး သားနှစ်ဦးနဲ့အထက်ရှိလို့ရှိရင် တစ်ဦးက သူတို့အဖွဲ့မှာ တာဝန်ထမ်းဆောင်ရမယ်ဆိုပြီး ပြောထားတာဖြစ်ပါတယ်။ ဒီလိုပဲ တအာင်း မိသားစုတစ်စုမှာ အသက် ၁၈ နှစ်နဲ့ ၂၅နှစ် ကြား အမျိုးသမီးနှစ်ဦးနဲ့အထက်ရှိလျှင် တစ်ဦးက သူတို့အဖွဲ့မှာတာဝန်ထမ်းဆောင် ရမှာဖြစ်တယ်။ ဒီလိုပုံစံနဲ့ ဒါသူတို့ လူသစ် စုဆောင်းနေတာဖြစ်ပါတယ်။ ဒီမည်သည့် နေရာမှာ မည်သည့်တာဝန်ထမ်းဆောင် ရမည်ဆိုတဲ့အကြောင်းကိုလည်း သူတို့ တိတိကျကျဖော်ပြထားခြင်းလည်းမရှိပါဘူး။ ဒီ SSPP အဖွဲ့ကတော့ မိသားစုတစ်စုမှာ အမျိုးသားနှစ်ဦးနဲ့အထက်ရှိလျှင် တစ်ဦးဟာ စစ်မှုထမ်းဆောင်ရမည်ဆိုတဲ့အကြောင်းကို သူတို့ကပြောထားတယ်။ ပြီးရင်ကျေးရွာ အကြီးအသေးပေါ်မှာလိုက်ပြီး တစ်ရွာကို လေးဦးကတော့ မဖြစ်မနေတာဝန်ထမ်းဆောင် ရမယ်။ ဒီလိုမျိုးမဖြစ်မနေ တာဝန်ထမ်း ဆောင်ရမယ်ဆိုပြီးတော့ သူတို့ကအတင်း အဓမ္မလူသစ်စုဆောင်းတာမျိုးတွေကို လုပ်ဆောင်နေတာဖြစ်ပါတယ်။ နောက် တစ်ဖွဲ့ AA ကတော့ ရခိုင်ပြည်နယ်အတွင်း မှာရှိတဲ့ သူတို့ရဲ့ဩဇာခံဖြစ်တဲ့ အမာခံ ကျေးရွာရပ်ကွက် အုပ်ချုပ်ရေးမှူးတွေ ရဟန်းသံဃာတွေမှတစ်ဆင့် ပြီးရင် လူမျိုး ရေးကိုအကြောင်းပြုပြီးတော့ သူတို့က ဒီနယ်မြေမှာရှိတဲ့ သေနတ်ကိုင်နိုင်တဲ့ ကျား မ မရွေး စစ်မှုထမ်းဆောင်ရမယ်ဆိုပြီး ဒါမျိုး နဲ့စုဆောင်းနေတာဖြစ်ပါတယ်။ သူတို့မှာ အသက်အရွယ် ကန့်သတ်ချက်တွေလည်း ဖော်ပြမထားဘူး ဘယ်နေရာမှာ ဘာတာဝန် ထမ်းဆောင်ရမယ်ဆိုတာတွေကိုလည်းဖော်ပြ ထားခြင်းမရှိပါဘူး။ နောက်တစ်ခုကတော့ UWSA ကတော့ သူတို့နယ်မြေအတွင်းမှာ အသက် ၁၆ နှစ်ကစပြီးတော့ အိမ်ထောင်စု တစ်စုလျှင် တစ်ဦးနှုန်း ကျားမ မရွေး တာဝန်ထမ်းဆောင်စေဖို့ ဖြစ်ပါတယ်။ နောက်တစ်ဖွဲ့ကတော့ NDAA ကတော့ ဒါသူတို့နယ်မြေအတွင်းမှာ ၁၆ နှစ်နဲ့ ၃၅ နှစ်ကြား ကျားမအားလုံးကို တာဝန် ထမ်းဆောင်စေတာဖြစ်ပါတယ်။နောက် တစ်ဖွဲ့ကတော့ KNPP ဖြစ်ပါတယ်။ သူတို့ အဖွဲ့ဟာ ကယားပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေမှာ တစ်အိမ်ကို တစ်ယောက် နှုန်း အသက်အပိုင်းအခြားအရဆိုရင် အသက် ၁၅ နှစ်မှ ၄၀ နှစ်ကြား ကျားမ မရွေးတာဝန်ထမ်းဆောင်စေတာဖြစ်ပါတယ်။ ဒီတော့ UWSA၊ NDAA၊ KNPP တို့မှာလည်း လစာစရိတ်ခံစားခွင့်နဲ့ပတ်သက် လို့ ပွင့်လင်းမြင်သာစွာတင်ပြထားတာ မရှိဘဲနဲ့ စုဆောင်းနေတာမျိုးဖြစ်ပါတယ်။ နောက်တစ်ဖွဲ့ကတော့ KNU ကတော့ သူတို့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ကရင် လူမျိုးတွေနေထိုင်တဲ့ အိမ်ထောင်စုတိုင်း ဟာ အသက် ၁၈ နှစ်အထက် ကျားမ မရွေး အိမ်ထောင်စုအင်အားရဲ့ သုံးပုံတစ်ပုံခန့် ဟာ တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။ အချိန်ကာလကန့်သတ်ချက်တွေ အသက် အရွယ်ကို ဘယ်မှာစထမ်းဆောင်ပြီး ဘယ်မှာစပြီးဆုံးမယ်ဆိုတဲ့ အသက်အရွယ် ကန့်သတ်ချက်တွေ သူတို့မှာလည်းမရှိနေပါ ဘူး။ နောက်တစ်ဖွဲ့ကတော့ CNF ဖြစ်ပါ တယ်။ CNF အဖွဲ့ကတော့ သူတို့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျေးရွာတွေ ကနေ တစ်အိမ်ထောင်လျှင် တစ်ယောက်နှုန်း အသက် ၁၅ နှစ်မှ ၅၀ ကြား ကျားမ မရွေး စစ်မှုထမ်းဆောင်စေတာဖြစ်ပါတယ်။ ဒီ CNF မှာဆိုရင်လည်း ဘယ်အချိန်ဘယ်နေရာ မှာ ဘယ်လိုတာဝန်တွေထမ်းဆောင်ရမယ် ဆိုတာကို တိတိကျကျဖော်ပြထားတာမျိုး မရှိပါဘူး။ ဒါတွေကတော့ EAO အဖွဲ့တွေ ရဲ့ လူသစ်စုဆောင်းနေတဲ့ ပုံစံတွေပဲဖြစ်ပါ တယ်။ နံပါတ် ၁ ဘယ်လိုလစာရိက္ခာတွေ ဘယ်လိုခံစားခွင့်တွေပေးမယ်ဆိုတာကို တိတိကျကျဖော်ပြထားခြင်းမရှိပါဘူး။ နံပါတ် ၂ ဘယ်အချိန်ဘယ်ကာလအထိ တိတိကျကျ တာဝန်ထမ်းဆောင်မယ်ဆိုတာဖော်ပြမထား ဘူး။ နံပါတ် ၃ ဘယ်နေရာမှာ ဘယ်တာဝန် ကိုပေးပြီး ဘာလုပ်ရမယ်ဆိုတာ မဖော်ပြ ထားပါဘူး။ နောက်အဆိုးဆုံးအချက်ဆိုရင် တော့ အသက်မပြည့်သေးတဲ့သူတွေကို ဒါတပ်သားသစ်စုဆောင်းနေတာကို တွေ့ရ မှာဖြစ်ပါတယ်။ အသက် ၁၅ နှစ် ၁၆ နှစ် အသက်အရွယ်မရောက်သေးတဲ့သူတွေဖြစ် ပါတယ်။ ဒီလိုမျိုးတွေနဲ့စုဆောင်းနေတာဖြစ် ပါတယ်။ ဒါတွေဟာ ကျွန်မတို့နိုင်ငံအတွက် အန္တရာယ်တွေဖြစ်ပါတယ်။ ငြိမ်းချမ်းရေး စကားပြောပြီးတော့ လက်တွေ့မှာ ပြဒါး တစ်လမ်းသံတစ်လမ်းနှင့် တခြားစီလုပ်နေ တာတွေကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှု ထမ်းဥပဒေမှာဆိုရင် လစာရိက္ခာခံစားခွင့် တွေဟာ ကျွန်မတို့အခုလက်ရှိ စစ်မှုထမ်း တွေနည်းတူ ရရှိမယ်ဆိုတဲ့အကြောင်း၊ ဘယ်အချိန်ဘယ်ကာလအထိ တာဝန်ထမ်း ဆောင်ရမယ်ဆိုတဲ့အကြောင်း တိတိကျကျ ဖော်ပြထားပြီးဖြစ်ပါတယ်။ ကျားမအကုန် လုံးလည်းမသတ်မှတ်ထားဘူး။ အခု လတ်တလောဆိုရင် အမျိုးသမီးများအား ပြည်သူ့စစ်မှုထမ်းဥပဒေကနေပြီးတော့ ခေါ်ယူခြင်းမရှိသေးကြောင်း တရားဝင် ထုတ်ပြန်ထားတာမျိုး ဖြစ်ပါတယ်။ ဒီ EAO တွေကတော့ ဒါမိသားစုရဲ့ဦးရေ ပေါ်မှာမူတည်ပြီးစုဆောင်းတယ်။ ပြီးရင် ကျေးရွာအကြီးအသေးပေါ်မှာမူတည် ပြီး မဝင်မနေရစနစ်နဲ့ ပုတ်ပြတ်တောင်းပြီး စုဆောင်းတယ်။ ထွက်ပြေးလို့မရဘူး။ လစာ မရဘူး။ ရိက္ခာမရဘူး။ ထွက်ပြေးတိမ်းရှောင် တာတွေလုပ်ခဲ့မယ်ဆိုလို့ရှိရင် ကျန်ခဲ့တဲ့ ပစ္စည်းတွေကို အပိုင်သိမ်းမယ်။ သက်နှင်း ဝတ်ထားရင်တောင် သက်နှင်းကိုချွတ်ပြီး တော့ လူဝတ်လဲခိုင်းပြီး လူသစ်စုဆောင်း တယ်။ မူးယစ်ဆေးဝါးသုံးတယ်လို့ နာမည် တပ်တယ်။ ဖမ်းမယ်ပြီးရင် လူသစ်စုမယ်။ တိုက်ပွဲဖြစ်ရင် ရှေ့ဆုံးကနေ အသေခံ တိုက်ခိုင်းမယ်။ ဒါဥပဒေနဲ့ စုတာမဟုတ်ပါ ဘူး။ ဒါက လက်နက်ကိုင်ခြိမ်းခြောက်ပြီး တော့ အကြောက်တရားနဲ့ အတင်းအဓမ္မ လူသစ်စုဆောင်းနေတာမျိုးတွေဖြစ်ပါတယ်။ ဒီပြည်သူ့စစ်မှုထမ်းဥပဒေပေါ်ထွက်လာတာ နဲ့ ပတ်သက်ပြီးတော့ ကြိုဆိုထောက်ခံတဲ့ သူတွေလည်းရှိသလို ဒီပြည်သူ့စစ်မှုထမ်း ဥပဒေကို မကြိုဆိုတဲ့သူတွေ၊ အဖွဲ့အစည်း တွေလည်းရှိပါတယ်။ ဒီလိုမကြိုဆိုတဲ့သူတွေ မကြိုဆိုတဲ့အဖွဲ့အစည်းတွေရဲ့ ကျေးဇူးခံ ကျေးဇူးစား အဆိပ်သင့်မီဒီယာတွေက အကျင့်ပျက်မီဒီယာတွေကနေပြီးတော့ ပြည် သူတွေစိုးရိမ်မှုဖြစ်လာအောင် မဟုတ်မမှန် လိမ်လည်သတင်းတွေနဲ့ ဖွကြတာဖြစ်ပါ တယ်။ ဥပမာ တပ်ထဲကိုဝင်လိုက်ပြီဆိုတာနဲ့ ရှေ့တန်းကိုတစ်ခါတည်းလိုက်ရမှာ၊ စစ်က တစ်ခါတည်းတိုက်ရမှာမျိုး။ ဘယ်နေရာမှာ တော့ ဘယ်နှယောက်တော့ ပေါ်တာဆွဲသွား ပြီဆိုတာမျိုး။ ဒါမျိုးတွေနဲ့ ပြည်သူတွေကို ထိတ်လန့်မှုဖြစ်အောင် ပြည်သူတွေ စိုးရိမ်မှု ဖြစ်အောင်လို့ သတင်းတွေကိုဖွနေကြတာ မျိုးဖြစ်ပါတယ်။ သတိပြုရမယ့်အချက်က အဆိပ်သင့်နေတဲ့ မီဒီယာတွေရဲ့ ဦးတည် ချက်ဟာ ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး ပြိုကွဲရေးကို ဦးတည်လုပ်ဆောင်နေတာဖြစ် ကြောင်း နိုင်ငံသူနိုင်ငံသားတိုင်းက သတိချပ် ရမှာဖြစ်ပါတယ်။ မိဘပြည်သူတွေအနေနဲ့ အရာရာကို ဦးနှောက်နဲ့စဉ်းစားချင့်ချိန် ဆုံးဖြတ်နိုင်စွမ်းရှိရမှာဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတိုင်းလျှောက်လှမ်းတဲ့ခြေလှမ်း တွေဟာ ပန်းတိုင်မမှားဖို့လိုအပ်ပါတယ်။ အဆိပ်သင့်နေတဲ့ မီဒီယာတွေရဲ့စကားကို နားယောင်ပြီး ဆုံးဖြတ်ချက်တွေမမှားဖို့ လိုအပ်သလို ကျောချမှတ်ပြမှန်းသိတဲ့ အဖြစ်မျိုးမရောက်ဖို့လိုအပ်ပါတယ်။ ဒီတော့ ပြန်လမ်းလည်းမရှိဘူး။ ဥပဒေလည်းမရှိ ဘူး။ တရားမျှတမှုလည်းမရှိဘူးဆိုတဲ့ လမ်းကိုရွေးမှာလား၊ နိုင်ငံတော်အစိုးရက ထုတ်ပြန်လိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေ အရ ဂုဏ်သိက္ခာရှိရှိ နှစ်နှစ်တိတိ တာဝန် ထမ်းဆောင်ပြီး မိမိဖြတ်သန်းခဲ့တဲ့ အရင် ဘဝလေးကို ပြန်သွားမလားဆိုတာကို နိုင်ငံသူ နိုင်ငံသားတွေရဲ့ ရွေးချယ်မှုအပေါ် မှာပဲမူတည်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# အလုံမြို့နယ်၌ အထက်တန်းရှေ့နေတစ်ဦး ဝိုင်းဝန်းရိုက်နှက် ခုတ်ထစ်လုယူခံရမှုနှင့်ပတ်သက်၍ တရားခံ ကျား ခုနစ်ဦးနှင့် အခြားအမှုမှ ဆက်စပ်တရားခံ သုံးဦးတို့ကို ဖမ်းဆီးရမိ

အလုံမြို့မရဲစခန်း(ပ)၅၄/၂၀၂၄ ရာဇသတ်ကြီးပုဒ်မ ၃၉၅၊ ၃၉၇

၅-၃-၂၀၂၄ ရက်နေ့ ၁၄၅၀ အချိန် အလုံမြို့နယ်၊ ဆင်ရေကန်လမ်းတွင် ဦးနေလင်းအောင်(အထက်တန်းရှေ့နေ)အား ဝိုင်းဝန်း၍ဓါးဖြင့်ခုတ်ကာ လက်ကိုင်ဖုန်းလုယက်မှုမှ တရားခံ ကျား(၇)ဦး ဖမ်းဆီးရမိမှု အခြေပြဇယား




**နေပြည်တော် မတ် ၇**

ယခုနှစ် မတ် ၅ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် အထက်တန်းရှေ့နေ ဦးနေလင်းအောင်သည် ကြည့်မြင်တိုင်မြို့နယ်တရားရုံးမှ အမှုစစ်ဆေးပြီး ၎င်းပိုင် 9C-3620 Toyota Celsior မော်တော်ယာဉ်ဖြင့် ပြန်လာစဉ် အလုံမြို့နယ် ဆင်ရေကန်လမ်းအရောက်၌ 4E-7950 Probox ခဲရောင်(ငှား)ယာဉ်က ဘေးမှ ပွတ်တိုက်ပြီး အဆိုပါယာဉ်ပေါ်မှ အမည်မသိလူခုနစ်ဦး (စီစစ်ဆဲ)ဆင်းလာကာ သံတုတ်၊ ဓားရှည်များဖြင့် ဝိုင်းဝန်းရိုက်နှက် ခုတ်ထစ်၍ ပြတ်ရှဒဏ်ရာများ(စိုးရိမ်ရ) ရရှိပြီး ဦးနေလင်းအောင် ကိုင်ဆောင်သော Infinix Note 13 အမျိုးအစား လက်ကိုင်ဖုန်းနှင့် ငွေကျပ် ခုနစ်သိန်းအား လုယက်ယူဆောင်သွားသဖြင့် အရေးယူပေးရန် အထက်တန်းရှေ့နေ ဒေါ်အေးအေးမာက တရားလိုပြုလုပ်တိုင်တန်း၍ အလုံမြို့မရဲစခန်းတွင် (ပ)၅၄/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅၊ ၃၉၇ ဖြင့် အမှုဖွင့်၍ စုံစမ်းလျက်ရှိသည်။

အမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သည့် တရားခံများအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် 4E-7950 Probox ခဲရောင်(ငှား) ယာဉ်၏ ယာဉ်မောင်းမှာ ကိုရဲ(ခ)ရဲကျော်လင်းဖြစ်ကြောင်းသိရှိရပြီး ၎င်းကို ဖမ်းဆီးစစ်ဆေးဖော်ထုတ်ချက်အရလည်းကောင်း၊ အမာခံသတင်းပေးများ၊ ပတ်ဝန်းကျင်သက်သေများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော အကြမ်းဖက်မှု၊ ဓားပြတိုက်မှု၊ လုယက်မှုများကို မလိုလားသည့် ဒေသခံပြည်သူလူထု၏ လျှို့ဝှက်သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူများသည် YGN-13 2E-6732 Toyota Hilux Surf နက်/ပြာရောင် မော်တော်ယာဉ်တစ်စီး၊ YGN-43 3E-5925 Suzuki Swift အပြာရောင် မော်တော်ယာဉ်တစ်စီး၊ စုစုပေါင်း မော်တော်ယာဉ်နှစ်စီးတို့ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ပုဗ္ဗာရုံကျောင်းတိုက်ဝင်းအတွင်း၌ ရောက်ရှိတိမ်းရှောင်နေကြောင်း သတင်းရရှိ၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့တင်ပြပြီး စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့်ချိတ်ဆက်၍ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံများဖြစ်သော ငမျိုး(ခ)ကိုမျိုး(ခ)ရဲမျိုးသိန်းပါ ခြောက်ဦးနှင့်အတူ အခြားအမှုမှ ဆက်စပ်တရားခံ မျိုးမင်းနိုင်(ခ) အရှည်ကြီးပါသုံးဦး၊စုစုပေါင်း ကိုးဦးအား စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မတ် ၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်တွင် မော်တော်ယာဉ်နှစ်စီး၊ ဓားရှည် ငါးချောင်း၊ ဓားမြှောင်နှစ်ချောင်း၊ လေးခွ တစ်လက်၊ သံကုန်းသီး ၄၂ လုံးတို့ နှင့်အတူ ဖမ်းဆီးရမိသည်။



ပြစ်မှုကျူးလွန်သူများကို မော်တော်ယာဉ်နှစ်စီးနှင့် အခြားသက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဖမ်းဆီးရမိသူ ငမျိုး(ခ)ကိုမျိုး(ခ)ရဲမျိုးသိန်းသည် ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ)၂၂၅/၂၀၁၁၊ ရာဇသတ်ကြီးပုဒ်မ ၃၂၄၊၃၂၃/၁၁၄၊ ဒေဘာဂီနယ်မြေရဲစခန်း (ပ)၅၂၂/၂၀၁၁၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄နှင့် ကမာရွတ်မြို့မရဲစခန်း(ပ) ၂၂၉/၂၀၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၂၆/၁၁၄ အမှုများနှင့်ထွက်ပြေးတိမ်းရှောင်နေသည့်အပြင် ငမျိုး(ခ)ကိုမျိုး(ခ)ရဲမျိုးသိန်း၊ ဥက္ကာနှင့် အောင်ကြီး(ခ) အောင်မြတ်မင်းတို့ သုံးဦးသည် ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ)၂၀၆/၂၀၂၃၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အမှုမှ သေဆုံးသူ ဦးကျော်ဝင်းစိန်အား သတ်ဖြတ်ရာတွင် အဓိကဦးဆောင်သူများဖြစ်ကြောင်း သေဆုံးသူ၏မိသားစုများထံမှ စွပ်စွဲခံထားရသူများဖြစ်၍ တရားခံများအား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် စစ်မှုထမ်းရန် ရပ်ကွက်တစ်ခုကို လူ ၂၀ တောင်းခံနေကြောင်း ကောလာဟလသတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရပ်ကွက်များတွင် စစ်မှုထမ်းရန်အတွက် ရပ်ကွက်တစ်ခုလျှင် လူ ၂၀ပေးရန် တောင်းခံနေကြောင်း ကောလာဟလသတင်းမှားများကို တရားမဝင်ပြည်ဖျက်များက လုပ်ကြံရေးသားပြီး လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရပ်ကွက်များမှ ရပ်ကွက်တစ်ခုလျှင် လူ ၂၀ ဦးကို တောင်းခံနေသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်သည့်နေ့မှစ၍ ပြည်သူများစိုးရိမ်ထိတ်လန့်စေရန်အတွက် သတင်းတု၊ သတင်းမှားများဖြင့် နေ့စဉ်နှင့်အမျှ ခြောက်လှန့်လျက်ရှိသည်ကို မိဘပြည်သူများအနေနှင့်လည်း သိရှိပြီးဖြစ်သည်။




ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ပြဋ္ဌာန်းချက်များသည် မြို့နယ်တစ်ခု၊ ကျေးရွာတစ်ရွာစသည့် တစ်ဦးတစ်ယောက် တစ်မြို့တည်းကိုသာ သက်ရောက်မှုရှိခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးရှိ မြို့ရွာများမှ အကျုံးဝင်သူအားလုံးနှင့် သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည့်အတွက် ကောလာဟလသတင်းများကို ပြည်သူများ စိုးရိမ်ထိတ်လန့်မှုမရှိစေရန်နှင့် သိရှိနားလည်စေရန်အတွက်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သို့ မိမိတို့သိရှိလိုသည်များ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာထားရှိကြောင်း သတင်းရရှိသည်။

# ငါန်းဇွန်မြို့နယ် ရေလည်သောင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ကျေးရွာနေပြည်သူအားလုံးကို ရွာထဲတွင်ဖမ်းဆီးထားကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရေလည်သောင်ကျေးရွာကို မတ် ၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူအားလုံးကို ရွာထဲတွင် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းမှားများကိုပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာ KhitThit က မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများသည် နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံ၍ ၎င်းတို့၏ တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ရည်ရွယ်ချက်ရှိရှိဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်သည်လည်း PDF အမည်ခံအကြမ်းဖက်သမားများက ကျေးရွာများအတွင်းဝင်ရောက်လှုပ်ရှားမှုမရှိစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်းမရှိစေရန်အတွက် ငါန်းဇွန်မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာမှ ဒေသခံပြည်သူများကို ဖမ်းဆီးထားခြင်းမရှိကြောင်း သတင်းရရှိသည်။

အိမ်အပြင်၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ

# ပေါ်တူဂီနိုင်ငံ အယ်လ်ဂတ်ဖ်နယ်မြေတွင် မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ပေးဝေတော့မည်



**လစ္ဆဘွန်း မတ် ၇**

ပေါ်တူဂီနိုင်ငံ အယ်လ်ဂတ်ဖ်နယ်မြေတွင် မိုးခေါင်ရေရှားမှုကြောင့် သောက်သုံးရေမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည့်အတွက် သောက်သုံးရေကို အကန့်အသတ်ဖြင့်သာ ပေးဝေသွားတော့မည်ဖြစ်ကြောင်း အယ်လ်ဂတ်ဖ်နယ်မြေကောင်စီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အယ်လ်ဂတ်ဖ်နယ်မြေတွင် ဟရိုခရိုင်နှင့် လာဂိုအာခရိုင်တို့ပါဝင်နေပြီး ၄င်းခရိုင်များရှိ ဒေသခံများကို သောက်သုံးရေ အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည်ဖြစ်ကြောင်း၊ ပုံမှန်အတိုင်း သောက်သုံးရေ ပြန်လည်ပေးဝေနိုင်ရေးအတွက် ကောင်စီဝင်များအနေဖြင့် ဆွေးနွေးညှိနှိုင်းကာ အဖြေရှာနေကြောင်း အယ်လ်ဂတ်ဖ်နယ်မြေကောင်စီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“အယ်လ်ဂတ်ဖ်နယ်မြေမှာ သောက်သုံးရေရှားပါးမှုတွေ ဖြစ်ပေါ်နေတယ်။ သောက်သုံးရေလုံးဝ ပြတ်လပ်သွားတဲ့ အခြေအနေမျိုး မရောက်ရှိစေဖို့အတွက် သောက်သုံးရေကို အကန့်အသတ်နဲ့ပဲ ပေးဝေသွားတော့မှာ ဖြစ်ပါတယ်။ ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် ရေတို၊ ရေရှည်စီမံကိန်း နှစ်ပိုင်းခွဲပြီး ဆောင်ရွက်သွားမယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ပေးသွားဖို့ လိုအပ်နေပါတယ်။ မိုးပြန်ရွာလာရင်တောင် ရေစုဆောင်းဖို့ အခြေခံအဆောက်အအုံတွေ လိုအပ်နေသေးတယ်။ ကောင်စီဝင်တွေကြား ဆွေးနွေးမှုတွေပြုလုပ်နေပြီး သောက်သုံးရေကို ပုံမှန်အတိုင်းပေးဝေသွားနိုင်ဖို့ ကြိုးစားနေပါတယ်”ဟု အယ်လ်ဂတ်ဖ်နယ်မြေကောင်စီအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် အမေရိကန်ကမ်းရိုးတန်းရှိ မြို့အများအပြား ၂၀၅၀ ပြည့်နှစ်တွင် ရေလွှမ်းမိုးမှုပြင်းကြုံတွေ့ရနိုင်

**ဝါရှင်တန် မတ် ၇**

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၏ နောက်ဆက်တွဲပြဿနာများ ပိုမိုဆိုးရွားလာပြီး အမေရိကန်နိုင်ငံ တစ်ဝန်းရှိ ကမ်းရိုးတန်းမြို့အများအပြားသည် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ရေလွှမ်းမိုးမှုအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း Virginia Tech တက္ကသိုလ်၏ သုတေသနစာတမ်းတစ်ခု၌ ဖော်ပြထားသည်ဟု မတ် ၆ ရက် သတင်းများအရ သိရသည်။

မြေအောက်ရေ ထုတ်ယူသုံးစွဲမှုနှင့် ရုပ်ကြွင်းလောင်စာများထုတ်ယူသုံးစွဲမှုများကြောင့် ကုန်းမြေနိမ့်ကျလာပြီး အမေရိကန်နိုင်ငံ ကမ်းရိုးတန်းဒေသများရှိ မြို့အများအပြားသည် လုံလောက်သော ကြိုတင်ပြင်ဆင်မှုများ မရှိပါက ၂၀၅၀ ပြည့်နှစ်တွင် ပင်လယ်ရေလွှမ်းမိုးမှုအန္တရာယ်ဖြင့် ရင်ဆိုင်ရပြီး လူဦးရေငါးသိန်းကျော်ထိ ထိခိုက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

ဘော့စတွန်၊ နယူးအော်လင်းနှင့် ဆန်ဖရန့်စစ္စကိုကဲ့သို့ ရေများဝန်းရံထားသည့် မြို့ကြီးများသည် မကြာမီကာလအတွင်း ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနှင့် ကုန်းမြေနိမ့်ကျလာမှု အခြေအနေများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါမြို့ကြီးများသည် တစ်နှစ်လျှင် လေးမီလီမီတာခန့်မြေကြီးအတွင်းသို့နိမ့်ဆင်းလျက်ရှိကြောင်း၊ ကမ်းရိုးတန်းမြို့ ၃၂ မြို့သည် မြေပြင်နိမ့်ဆင်းမှုကြောင့် ၂၀၅၀ ပြည့်နှစ်တွင် ရေလွှမ်းမိုးမှုအန္တရာယ်ဖြင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်း သိရသည်။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် ရေနစ်မြုပ်မှုလျင်မြန်စွာ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေကို တွက်ချက်ရာတွင် ယခင်က ထင်ထားသည်ထက် ပိုမိုဆိုးရွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း၊ အမျိုးသားသမုဒ္ဒရာနှင့် လေထုစီမံခန့်ခွဲရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ အမေရိကန်နိုင်ငံ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်သည် ကမ်းရိုးတန်းများအနီးတွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှုနှင့်ဆက်နွှယ်သောရောဂါများကြောင့် ၂၀၂၃ ခုနှစ်တွင် လူဦးရေ ၁၀ သန်းကျော် ဆေးကုသမှုခံယူခဲ့ရ

**ဗန်ကောက် မတ် ၇**

ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှုနှင့် ဆက်နွှယ်သောရောဂါများကြောင့် ၂၀၂၃ ခုနှစ်တွင် လူဦးရေ ၁၀ သန်းကျော် ဆေးကုသမှုခံယူခဲ့ရကြောင်း ထိုင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီက ယခုသီတင်းပတ်အတွင်း အစီရင်ခံစာထုတ်ပြန်ခဲ့သည်ဟု မတ် ၆ ရက်သတင်းများအရ သိရသည်။

ထိုင်းနိုင်ငံ၌ လေထုညစ်ညမ်းမှုနှင့်ဆက်နွှယ်သော ရောဂါများကြောင့် ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံသား ၁၀ သန်းကျော်ဆေးကုသမှုခံယူခဲ့ရကြောင်း၊ ၂၀၂၄ ခုနှစ်နှစ်ဦးပိုင်းမှစတင်၍ လယ်ယာမြေများမီးလောင်မှုနှင့် တောမီးလောင်ကျွမ်းမှုများကြောင့် ဆိုးရွားသော မီးခိုးနှင့်မြူများဖြစ်ပေါ်ခဲ့ပြီး လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သောရောဂါများ ဖြစ်ပွားမှုမှာလည်း ယခင်နှစ်များထက် ပိုမိုများပြားလာခဲ့ကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။



လေထုညစ်ညမ်းမှုနှင့်ဆက်စပ်၍ ဖြစ်ပေါ်သောရောဂါများတွင် အဆုတ်ကင်ဆာ၊ လည်ချောင်းနာရောဂါ၊ ပန်းနာရင်ကျပ်နှင့် နှလုံးရောဂါတို့ကဲ့သို့ နာတာရှည်ရောဂါများလည်းပါဝင်ပြီး ထိုင်းနိုင်ငံအနေဖြင့် ပြည်သူ့ကျန်းမာရေးအပေါ် PM 2.5 သက်ရောက်မှုများကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း အဆိုပါအစီရင်ခံစာ၌ ထည့်သွင်းဖော်ပြထားသည်။

ကမ္ဘာ့လေထုအရည်အသွေးစောင့်ကြည့်ရေးအဖွဲ့(IQ Air)၏ ထုတ်ပြန်ချက်များအရ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့၊ ချင်းရိုင်မြို့နှင့် လန်းပန်မြို့တို့သည် ကမ္ဘာ့လေထုညစ်ညမ်းမှုအရှိဆုံး မြို့များတွင်ပါဝင်လျက်ရှိကြောင်း၊ အဆိုပါမြို့များရှိ လေထုအရည်အသွေးမှာ ကျန်းမာရေးနှင့် မညီညွတ်သော အဆင့်တွင် ရောက်ရှိနေကြောင်း သိရသည်၊

**Ref : Xinhua News**
**Trs : AZH**

# မာလာဝီနိုင်ငံ နာကိုတာကိုတာခရိုင်တွင် ရေကြီးရေလျှံမှုကြောင့် လူခြောက်ဦးသေဆုံးပြီး လေးဦးအဏ်ရာရ

**လီလွန်ဂွေး မတ် ၇**

မာလာဝီနိုင်ငံ နာကိုတာကိုတာခရိုင်တွင် မတ် ၄ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မတ် ၆ ရက်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံခြောက်ဦးသေဆုံးကာ လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နာကိုတာကိုတာခရိုင် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုကြောင့် လမ်းပိုင်းပျက်စီးမှုများ ရှိခဲ့သကဲ့သို့ အခြေခံအဆောက်အအုံတချို့ပျက်စီးပြီး ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ လမ်းပိုင်းပျက်စီးမှုများကြောင့် ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းရာတွင် အခက်အခဲများရှိနေပြီး မာလာဝီအရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီက ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများကိုလည်း ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသော လူဦးရေ ၁၄၀၀၀ ကျော်ထိရှိနေကြောင်း မာလာဝီအရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

“နာကိုတာကိုတာခရိုင်မှာ ရေကြီးရေလျှံမှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ ဒေသခံအမြောက်အမြားရှိနေပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ဒေသခံခြောက်ယောက် သေဆုံးခဲ့ပြီး လေးယောက်ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ လမ်းပိုင်းပျက်စီးမှုတွေရှိခဲ့ပြီး အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ပါတယ်။ လမ်းပိုင်းပျက်စီးမှုတွေကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ အခက်အခဲတွေရှိခဲ့ပါတယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေကပဲ ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကိုလဲ ယာယီကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်။ ရေဘေးသင့်နေတဲ့ ပြည်သူအယောက် ၁၄၀၀၀ ကျော်ရှိနေပါတယ်”ဟု မာလာဝီအရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။
- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ်သို့ လှဲချ၍ ခန္ဓာကိုယ်ကို လိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။
- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။
- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝါယာရှော့ဖြစ်ခြင်း။
- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။
- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။





# ခြေရက်လေသူ

ညိုလေးနွယ်

(၁)

"ဩော်. . . ဘာလိုလိုနဲ့ ကျောင်းက ပြန်တက်ရတော့မယ်။ ကျောင်းပိတ်တဲ့ နှစ်လကလဲ ကုန်တာမြန်တာ။ ဒါပေမဲ့နော် ကျောင်းတက်ဖို့ရက်ကသာ နီးနီးလာတာ ဒီသရက်ပင်ကြီးက သရက်သီးသီးဖို့ကျ ကြာလိုက်တာ မမရာ"

"ဟဲ့ အူကြောင်ကြားမရဲ့ နင့်ကြီးတော်သရက်က နွေဦးမှ စဖူးမှာဟ။ နင်စားချင်ရင် ကျောင်းက ပြန်လာမှစားပေါ့။ မသိရင် ကျောင်းလေး လေးလလောက်သွားတက်ရတာကိုများ တစ်သက်လုံးပြန်မလာတော့မှာကျလို့"

"ဟာ မမကလဲ မပြောကောင်းတာ။ ဘာမှန်းမသိဘူး။ သူများမှ အခုတလော အိပ်မက်တွေမကောင်းပါဘူးဆိုနေ။ တော်ပြီ မမကို စိတ်ဆိုးတယ်"

မမရှေ့မှာ ကျုပ် တမင်တကာ ခြေဆောင့်ပြီး အိမ်ပေါ်ကို တက်လာလိုက်တယ်။ ပြောလို့ပြောတာ မဟုတ်ဘူး။ အခုတလော ကျုပ်ရဲ့စိတ်တွေ သိသိသာသာကို လေးနေတာ။ ဒီကြားထဲ မက်လိုက်တဲ့အိပ်မက်တွေကလဲ အိမ်မှာလူသေတာချည်းပဲ။ အထူးသဖြင့် အဘွားသေတယ်လို့မက်တာ အခါပေါင်းမနည်းဘူး။ အိပ်မက်တွေမကောင်းလွန်းလို့ မကောင်းတဲ့ဘေး၊ မကောင်းတဲ့ရန် ဝေးပါစေဟဲ့ဆိုပြီး လျှော်လိုက်ရတဲ့ခေါင်းဆိုတာကလဲ ခေါင်းကဆံပင်အမည်းကနေ အဖြူရောင်မပြောင်းရုံတစ်မည်။ ဟိုတလောကပဲ အဘွား အသည်းအသန်ဖြစ်လို့ ဆေးရုံတင်ထားရတာဆိုတော့ အခြားသူတွေထက် အဘွားကို ပိုပြီးစိတ်ပူမိပါရဲ့။ ခက်တော့လဲခက်သား အဘွားကလဲ သွေးတိုးနဲ့ဆီးချိုရှိပါတယ်ဆို ထမင်းစားရင် ငန်တာလေးပါမှ လျှာရင်းမြက်သတဲ့။ ဘယ့်နှယ် သွေးတိုးသမားမို့သာ သူ့ဖို့သက်သက် ငါးရံ့ခြောက်ဖုတ်ကို ဆီစိမ်ပေးထားရတယ်။ မပြောချင်ပါဘူး တစ်နေ့တစ်နေ့ စားတဲ့အစားအစာက အငန်နဲ့ အချိုက ပိုပိုကဲကဲရယ်။ အဘွားရဲ့ အချိုကြိုက်တဲ့ဗီဇက ကျုပ်ထိကိုပါလာတယ်။ ကြံသကာအချိုလောက်နဲ့ ရင်ကိုမခုန်ဘူး။ ချိုမှချို ထန်းလျက်လောက်ချိုမှ တော်ကာကျတာမျိုး။ အဲဒါကြောင့်ပဲ မမက ကျုပ်ကိုညည်းလဲ အဘွားလိုပဲ ကြီးလာရင် ဆီးချိုသွေးချိုဖြစ်မှာဆိုပြီး ဆူဆူနေတာ။

မမကတော့ အချိုမကြိုက်တဲ့သူဆိုတော့ ဆူအားရှိတာပေါ့။ အဲ ကျုပ်တို့မျိုးရိုးထဲမှာလဲ မမတစ်ယောက်ပဲ ထူးထူးကဲကဲ အချိုမကြိုက်တာ။ အမေကတော့ ပြောပါတယ်။ သမီးငယ်က အမေတို့ဘက်ကိုတူတယ်။ အချို ကြိုက်တယ်တဲ့။ အဟိ ကျုပ်ကအမေတူ သမီးလေးပေါ့။ အမေ့ကိုတူချက်ကတော့ အမေ့လို ပုပုလုံးလုံးလေးဖြစ်နေတာသာ ကြည့်တော့။ ကျုပ်တို့ညီအစ်မမှာဆို မမက ချောချောလှလှပိန်ပိန်သွယ်သွယ် မော်ဒယ်မလေး။ ကျုပ်ကကျ ပုပုဝဝ ရုပ်ဆိုးမလေးပေါ့။ ဘယ်သူတွေဘာပြောပြော ကျုပ်ကတော့ ပုမှနတာဆိုတဲ့စကားနဲ့ အကုန်လုံးကို ချေပစ်လိုက်တာပဲ။

(၂)

"သမီးငယ်ရေ နင့်အဘွားစားဖို့ ငါးရံ့ခြောက်ကုန်နေလို့ ရွာလယ်က မိသေးတို့ဈေးဆိုင်မှာ အမြန်ပြေးဝယ်ချေစမ်းပါအေ။ တော်ကြာ နင့်အဘွားက သူ့အကြိုက်မပါရင် ထမင်းစားမှာမဟုတ်ဘူး"

"ဟုတ် အမေ"

"ဟဲ့ ငါးရံ့ခြောက်နော်။ ငါးပုတ်သင်တွေ၊ အာပုံခြောက်တွေ ဝယ်လာမနေနဲ့အုံး။ တကတဲ ဈေးသည်မိသေးက နားကခပ်လေးလေး ညည်းကအူကြောင်ကြားတာနဲ့တော့ ငါဖြင့်စိတ်ကိုမချပါဘူး"

"ဩော်. . . စိတ်ချစမ်းပါအမေရဲ့။ အမေ့သမီး ဒီလောက်လဲ မအပါဘူး"

အမေတို့က ကျုပ်ဆိုရင် ကျုပ်ပြည့်တယ်လို့ကို မထင်ကြဘူး။ အခါတိုင်းလဲ ဝယ်ပေးနေကျဟာကို စိတ်မချဘဲ ထပ်မှာသေးတယ်။ တကတဲ ကျုပ်က အဘွားရဲ့အသည်းကြော်ပဲလျှော်ဆိုတာကို အမေက အစမ့်နေတယ်ထင်ပ့ါ။ ကျုပ်တို့ မြေးအဘွားက ဟိုး. . . ကျုပ်ငယ်ငယ်လေးကတည်းက တစ်ခုတင်ထဲ အတူအိပ်လာတာ။ အဘွားပြောသမျှ တစ်ထောင့်တစ်ညပုံပြင်တွေလဲ ကျုပ်ကပဲ တဝကြီးနားထောင်ခဲ့တာ။ အခုနေ အဘွားကို မြေးတွေထဲ ဘယ်မြေးကို အချစ်ဆုံးလဲလို့ သွားမေးကြည့်ပါလား။ မြေးတွေထဲက အငယ်ဆုံးမ ပုလုံးလေးကိုအချစ်ဆုံးလို့ပဲဖြေမှာ။ ပြောလို့ ပြောတာမဟုတ်ဘူး။ ကျုပ်ကိုမွေးပြီး ခြောက်လလောက်မှာ မမ သွေးလွန်တုပ်ကွေးဖြစ်ပြီး ဆေးရုံတင်ရလို့ အမေက မမကိုပဲ ဂရုစိုက်နေရတာနဲ့ ကျုပ်ကို လှည့်တောင်မကြည့်အားဘူးတဲ့။ အဲဒီအချိန် ကျုပ်ကလဲ နို့ဆာလို့ အာပြဲကြီးနဲ့ အိမ်မှာနားငြီးအောင်ငိုတယ်ဆိုပဲ။ မတတ်သာတဲ့အဆုံး ကျုပ်ပါးစပ်ပိတ်ဖို့အရေး အဘွားရဲ့နို့ပိန်ကို တိုက်ကျွေးလိုက်ရသတဲ့။ အဲဒီကိစ္စနဲ့ အဘွားက ကျုပ်ကို အခုထိ အနိုင်ပိုင်းတုန်းရယ်။

"အဘွားဆီက လူအိုစော်နံတယ် အဘွားရာရေမွှေးလေးဘာလေး ဆွတ်ပါလား" လို့များ စနောက်လိုက်ရင်-

"အမယ်လေး ညည်းအခုမှကြီးကျယ်မနေနဲ့။ ညည်းငယ်ငယ်က ကျုပ်ရဲ့ ကြေးတွေကို နို့ချိုမှတ်ပြီး စို့လာပြီးတော့များ"ဆိုပြီး ပြန်ပြောပါရောလား။ အဲဒီအခါဆို ကျုပ် ဘာမှပြန်မပြောနိုင်ဘဲ တခွီးခွီးရယ်ရတော့တာပဲ။ ကျုပ်တို့မြေးအဘွားကြားမှာ အဲသလို မဟာအမှတ်တရကြီးတွေရှိနေတော့ ဟိုသီချင်းထဲကလို "မင်းအပေါ် သံယောဇဉ် လွန်းတင်တဲ့ကြိုး" တွေဖြစ်ကုန်တော့တာပဲ။

(၃)

"အဘွားနေရထိုင်ရတာ သက်သောင့်သက်သာရှိရဲ့လား"

"ဟဲ့ ညည်းက ငါ့ကို မတရားဖက်ထားမှတော့ သက်သာမလားတော့"

"အဟိ အဘွားကလဲ မြေးက ချစ်လို့ဖက်တာကို"

"ညည်းအကြံ မသိခက်မယ်။ အဘွားသေ မြေးပျော်ဆိုတာ ညည်းလိုအစားမျိုး"

"ဟာ အဘွားကလဲ မပြောကောင်းတာ"

ပြောပြောဆိုဆို အဘွားရဲ့အေးစက်စက်ခန္ဓာကိုယ်လေးကို ကျစ်နေအောင် ဖက်ထားမိတယ်။ နားထဲမှာလဲ-

"လူအိုတော့ ကိုယ်ငွေ့မကောင်းဘူးဟဲ့။ ညည်းတို့သာ လူငယ်မို့အိုက်တာ။ တို့က လူကြီးဆိုတော့ ဘယ်လောက်ပူတဲ့ရာသီဥတုနေနေ ညဉ့်နက်သန်းခေါင်များ ကျော်လာရင် ချမ်းချင်လာတယ်သိလား"ဆိုတဲ့ စကားသံကို ကြားယောင်လာမိပြန်တယ်။ တကယ်ပါ ကျုပ်လေ အဘွားတစ်ခုခုဖြစ်မှာကို သိပ်စိုးရိမ်တာပဲ။ အထူးသဖြင့် ကျောင်းသွားတက်ရမဲ့ လာမဲ့လမှာ အဘွား တစ်ယောက်ထဲအိပ်ရမှာကိုတွေးပြီး စိတ်ကို မချဘူး။ တစ်ရေးနိုး အဘွားအပေါ့အပါးသွားချင်ရင် ဘယ်သူ့ ကိုနှိုးမလဲ။ စောင်လပ်နေရင်ကော ဘယ်သူက လာခြုံ ပေးမလဲ။ အို. . . အဲလိုတွေ တွေးမိရင် ကျောင်းကို မသွားချင်ဘူး တကယ်။

"ဟဲ့ ကောင်မကလေး ညည်းဖက်တာနဲ့ ဒီက အသက်ထွက်တော့မယ် ဟဲ့။ ပြောတာကြားလား"

"ဟင် ဘာလဲအဘွား။ အပေါ့သွားချင်လို့လား။ လာလေ ကျုပ်လိုက်ပို့ပေးမယ်"

"တယ် ငါ လုပ်ထည့်လိုက်ရ နာအုံးမယ်။ လူလေးက နှစ်ဆယ်နဲ့တစ်ပိုင်း ရှိသေးတာကို စကားပြောရင် တကျုပ်ကျုပ်နဲ့"

"ဟာ အဘွားကလဲ ကျုပ်လို့ပြောတာ အသက်ကြီးမှပြောရမှာလား။ ဘာမှန်းမသိဘူး။ အဘွားကြီးတွေများ တအား ပစိပစပ်များတာပဲ"

"ဟယ် ငါ့ကိုများပြန်ပြောရဲတယ်ပေါ့။ နေအုံးနေအုံး ဗိုက်ကြောပြတ်အောင် လိမ်ဆွဲပစ်လိုက်အုံးမယ်"

"အား. . . မလုပ်နဲ့နော် အဘွား။ မြေးက စတာ"

အဲဒါသာကြည့်တော့ အဘွားက စလို့စမှန်းမသိ သိပ်ကိုစိတ်ဆိုးတတ်တာပါဆို။

(၄)

"အမေ သမီးကျောင်းသွားနေတုန်း အဘွားကို သေချာဂရုစိုက်လိုက်အုံးနော်"

"အေးပါအေ။ ကိုယ့်ဘာသာကိုယ် စာမေးပွဲ အောင်အောင်ဖြေခဲ့ပါ။ အဘွားအတွက်လဲမပူနဲ့။ အိမ်အတွက်လဲမပူနဲ့။ ဟိုမှာသူငယ်ချင်းတွေနဲ့ အချိန်မတော် အလည်အပတ်တွေ လျှောက်မသွားနဲ့နော်"

"ဟုတ်ကဲ့ပါ အမေရဲ့"

"ကဲ သွားသွား။ ဟိုမှာကားရောက်ပြီ"

ကားရောက်လာလို့သာ တက်လိုက်လာခဲ့ရတာ တကယ်တော့ ကျုပ်ရဲ့စိတ်က ဟိုးအဝေးက ကျုပ်တို့ရွာငယ်လေးဆီမှာ။ တကယ်လို့များ ကျုပ်တို့ရွာလေးမှာ တက္ကသိုလ်သာရှိမယ်ဆိုရင် အဘွားနဲ့ အခုလိုမျိုး ခွဲရမှာ မဟုတ်ဘူးရယ်။ ကဲပါလေ မဖြစ်နိုင်တာတွေ ပြောမနေချင်ပါဘူး။ သွားစရာရှိတာသွား သင်စရာရှိတဲ့ စာသင်ကြရုံပေါ့ ဟုတ်ဖူးလား။

(၅)

တစ်ရက်ပြီးတစ်ရက် ဗလာစာအုပ်လေးထဲမှာ ရက်တွေ၊ လတွေကို တာလီချိုးလာခဲ့တာ အခုဆို အိမ်နဲ့ခွဲခဲ့တာ ဘာလိုလိုနဲ့ သုံးလတောင်ပြည့်ပေါ့။ ဒီရက်တွေထဲ အိမ်နဲ့တော့ ဖုန်းအဆက်အသွယ်ရပါရဲ့။ အိမ်ကလူတွေကပဲ စိတ်ချမ်းသာအောင်ပြောကြတာလား၊ တကယ်ပဲလားတော့မသိ။ အဘွားက ကျုပ်အိမ်မှာမရှိမှ ကျန်းမာရေးတွေကောင်းပြီး အသားအရေတောင် ပိုပြောင်လာသတဲ့လေ။ ဟုတ်ချင်လဲဟုတ်မှာပေါ့။ ကျုပ်ရှိရင် အဘွား ဟိုဟာလေးကချိုတယ် ဆီးချိုတက်မယ် လျှော့စားနော်။ ဒီဟာလေးက ငန်တယ် နည်းနည်းပဲစားနော်ဆိုပြီး ပိတ်ပင်နေတာကိုး။ ဘာပဲပြောပြော ကျုပ်ကတော့ နောက်ထပ်ကျန်သေးတဲ့ ရက်ပေါင်း၃၀ကို ကျော်လို့ရရင် ကျော်ပစ်ချင်တယ်။ အိမ်ကိုကော၊ အဘွားကိုကော လွမ်းရတာမောလှပြီ တကယ်။

(၆)

ဒီနေ့ ကျုပ်တို့စာမေးပွဲနောက်ဆုံးနေ့။ စာတွေပဲ ဖိကျက်နေရတာနဲ့ ဒီကျန်နေတဲ့ ရက်၃၀ကို ဘယ်လိုကဘယ်လိုကုန်သွားမှန်းတောင် သတိမထားမိဘူး။ စာတွေကလဲ အစောတုန်းကအဖျင်းထူပြီး အနီးကပ်မှကျက်မှတ်ရတာဆိုတော့ ဒီရက်ပိုင်းအတွင်း အရင်တုန်းကလို တာလီပုံမှန် မချိုးဖြစ်ဘူး။ ဘာပဲဖြစ်ဖြစ်ပါလေ မနက်ဖြန်ဆို အိမ်ပြန်ရတော့မှာပဲဟာ။ ချိုးစရာလဲ မလိုတော့ပါဘူး။ ခက်တာက စာမေးပွဲလဲပြီး အိမ်ကိုလဲပြန်ရတော့မှာမို့ အပြည့်အဝပျော်ရမလားမှတ်တယ်။ အိမ်ကိုဖုန်းဆက်တာ လူကြီးမင်းနဲ့ ချည်းပဲ တိုးနေတာဒီနေ့ရောဆို နှစ်ရက်တောင် ရှိပါရောလား။ ဖုန်းကခေါ်လို့မရတော့ အိမ်မှာ ဘာဖြစ်လို့ဖြစ်မှန်းမသိ။ ကြည့်ခဲ့ဖူးတဲ့ ဇာတ်ကားတွေထဲကလို သမီးလေး စာမေးပွဲဖြေတဲ့အခါ အနှောင့်အယှက်ဖြစ်မှာစိုးလို့ အမေတို့က အကြောင်းမကြားဘဲထားတာလို့ပြောဖို့များ အိမ်က လူတွေကြံစည်နေကြလေသလား။ အဲသလိုသာဆိုလို့ကတော့ ကျေးဇူးမတင်ပေါင်။ ဘယ်လိုပဲဖြစ်ဖြစ် တစ်ခုခုဆိုရင်တော့ လှမ်းပြောမှပေါ့။ အထူးသဖြင့် အဘွားနဲ့ပတ်သက်ရင် သိုဝှက်မထားစေချင်ဘူး။ အဘွားထက် ဘယ်စာမေးပွဲကမှလဲပို အရေးမကြီးဘူး။ ကျောင်းတောင်မှ လာချင်တာမဟုတ်ဘူး။ ဒီအရွယ်ကြီးထိ ကျွေးမွေးပေးထားတဲ့ အမေတို့ကိုသနားလို့သာ လာခဲ့ရတာ။ ပြောရင် ပိုတယ်ရှိအုံးမယ်။ အမေနဲ့ အဘွားဆိုရင်တောင် ကျုပ်ရဲ့ သံယောဇဉ်က အဘွားဘက်မှာ နှမ်းတစ်စေ့စာတော့

စာမျက်နှာ ၂၅သို့ ➤

# ပုတောမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၉၃၃ ဧက စိုက်ပျိုးပြီးစီး



**ပုတော မတ် ၇**

ရောဝတီတိုင်းဒေသကြီး ပုတောမြို့နယ်တွင် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၇၉၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ပုတောမြို့နယ်တွင် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၇၆၀၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၇၉၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ နွေစပါးလျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

“ပုတောမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီ စပါး ၇၆၀၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ တောင်သူတွေ စပါးကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူအသိပညာပေးလုပ်ငန်းတွေအပြင် အခြားလိုအပ်တာတွေကို ချိတ်ဆက် လုပ်ဆောင်ပေးနေပါတယ်။ ဒါ့အပြင် စိုက်ပျိုးမဲ့စပါးတွေ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းဖို့ နည်းပညာပေး လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီနေ့ထိ စပါး ၇၉၃၃ ဧက စိုက်ပျိုးပြီးပါပြီ”ဟု ပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ပုတောမြို့နယ်တွင် နွေသီးနှံ စိုက်ပျိုးရာသီ၌ စပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ဒဏ်ကုန်းဟောင်းကျေးရွာ၌ စိုက်ပျိုးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံချောင်း မတ် ၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိမ်းကိုင်ကျွန်းကျေးရွာအုပ်စု ဒဏ်ကုန်းဟောင်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဒဏ်ကုန်းဟောင်းကျေးရွာ၌ 2HP DC Surface Pump နှင့် 3.3KW ဆိုလာစနစ်တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၁၂ ဒသမ ၉၆၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် AGT ကုမ္ပဏီက ယခုနှစ် ဖေဖော်ဝါရီ ၁၃ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ရေနံချောင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးထွန်းမင်းထံမှ သိရသည်။

**နော်လူး**

➤ စာမျက်နှာ ၂၄ မှအဆက်

အလေးသာမှာအမှန်ပဲ။ အဘွားသာ တစ်ခုခုဖြစ်သွားရင် အို. . . ဆက်မတွေးချင်တော့ပါဘူး။ ပန်း၊ ရေချမ်းကပ်ပြီး ရှင်တော်ဘုရားထံမှာ ဆုပန်တာပဲအေးပါတယ်။

“အရှင်ဘုရား ဘုရားတပည့်တော်မရဲ့အဘွား ဘာအနာရောဂါမှ မဖြစ်ပါစေနဲ့ ဘုရား”

(၇)

တက္ကသိုလ်ရှိရာ မြို့ပြကနေ ကျုပ်တို့တောမြို့လေးကို ရောက်ဖို့အတွက် ကားစီးလိုက်ရတဲ့ကြာချိန်က နေကုန်တဲ့ထိ။ အဲဒီအပြင် မြို့လေးကနေ ရွာကိုရောက်ဖို့ကလဲ သုံးဘီးကားနဲ့ နောက်ထပ်တစ်နာရီလောက်မောင်းရပြန်သေးတာဆိုတော့ ရွာလမ်းမပေါ် ခြေချမိတဲ့အချိန် နေတောင်ဝင်သွားပေါ့။

“ရွာအနောက်ပိုင်းမှာ နာရေးရှိတယ်နော်။ သန်းခေါင်အချိန်ထိ အိမ်လည်ထွက်မနေနဲ့အုံး။ ကြားလား ငဖြိုး”

ရွာလယ်က ဈေးသည်ဒေါ်သေးက သူ့သားကိုပြောလိုက်တဲ့စကားဆိုပေမဲ့ လမ်းသွားရင်း ဖျတ်ခနဲကြားလိုက်ရတဲ့ ကျုပ်မှာ နေမထိထိုင်မသာ။ ဘာလို့ဆို ကျုပ်တို့အိမ်က ရွာအနောက်ပိုင်းမှာလေ။

“ကြီးတော်သေးရေ ဘယ်သူ့နာရေးတုံး”

ကျုပ် မေးတာကို ကြီးတော်သေးက ကြားဟန်မတူ။ သူ့ဆိုင်ကပစ္စည်းတွေကိုသာ သိမ်းဆည်းနေတာမို့ ထပ်မမေးတော့ဘဲ အိမ်ရှိရာကို သာခပ်သွက်သွက်လေး လျှောက်လာလိုက်တယ်။

“ဟာ လူတွေ အများကြီးပါလား”

ခြံဝင်းထဲမှာ လူတွေစုရုံးနေရုံမက ခုတင်ပေါ်မှာ လူတစ်ယောက်လှဲအိပ်နေတဲ့ မမြင်ချင်ဆုံးမြင်ကွင်းကြီးက ကျုပ်ကိုခရီးဦးကြိုပြုနေတာမို့ ပူပင်စိတ်နဲ့ လှဲအိပ်နေတဲ့ လူရဲ့မျက်နှာကို အပြေးသွားကြည့်လိုက်တဲ့အခါ-

“ဟင်”

မြင်လိုက်ရတဲ့ ဖြူလွှလွှမျက်နှာကြောင့် ခေတ္တမျှ မှင်တက်သွားမိတယ်။

“ဩော်. . . အမှည့်တဝင်းဝင်း အကင်းတဖြိုက်ဖြိုက်ဆိုတာဒါမျိုးနဲ့တူပါရဲ့”

“ဟုတ်ပါ့ဟယ် ငယ်ငယ်လေးရှိသေးတယ်နော်”

“အင်းပါဆို သေခြင်းတရားကလဲ သံဝေဂရစရာ ကောင်းလိုက်တာ”

“အေးဟယ် ဒါနဲ့ ဘာရောဂါဖြစ်လို့ သေတာတဲ့တုံး”

“ရောဂါမဟုတ်ဘူး။ ဆိုင်ကယ်အက်စီးဒင့်ဖြစ်တာတဲ့။ ကောင်မကလေးက မြို့ပေါ်ကို ဆိုင်ကယ်နဲ့ ဈေးသွားဝယ်တာ နောက်ကပါလာတဲ့ကားက ဘရိတ်ပေါက်ပြီး ဝင်တိုက်လိုက်တာဆိုပဲ”

တစ်ယောက်တစ်ပေါက် ပြောနေကြတဲ့မိန်းမတွေရဲ့ စကားသံတွေက ကျုပ်ရဲ့နားထဲမှာ တိုးတစ်ခါ ကျယ်တစ်လှည့်။ အမြင်အာရုံထဲမှာတော့ မမရဲ့ပုံရိပ်တွေသာ နေရာယူလို့ထားလေတယ်။

“အမယ်လေး သမီးကြီးရယ် ညီမလေးကိုလွမ်းလှပြီဆို။ ဟိုမှာလေ သမီးရဲ့ညီမလေးပြန်လာပြီလေ။ ထကြည့်ပါအုံး သမီးရယ်။ ထကြည့်လှည့်ပါအုံး”

အမေက ပြောပြောဆိုဆို ပခုံးပေါ်တင်ထားတဲ့တဘက်နဲ့ မျက်ရည်တွေကိုသုတ်တယ်။ အဘွားကလဲ သူ့ရင်ဘတ်ကို သူပြန်ဖိရင်း-

“မြေးရယ် အဖြစ်ဆိုးလှချေလားကွယ်”ဆိုပြီး ငိုတယ်။ အဖေကလဲ တအိအိနဲ့ငိုနေလေရဲ့။ ကျုပ်ကတော့ ကျောက်ရုပ်ကြီးလို ရပ်နေမိတယ်။ တစ်နေ့တစ်နေ့ အဘွားနေကောင်း၊ မကောင်းကိုပဲတွေး၊ အဘွားကိုပဲမေတ္တာတွေတဝကြီးပေးနေမိတာ။ ဖုန်းဆက်ရင်တောင်မှ မမရောနေကောင်းရဲ့လားလို့ တစ်ခွန်းလေးတောင် ကျုပ်ယောင်ပြီးမဟခဲ့မိဘူး။ ညီအစ်မတစ်တွေ အကြာကြီးနေကြရအုံးမယ်ဆိုတဲ့အတွေးနဲ့ ဘာကိုမှ ပြင်ဆင်မထားမိဘူး။ တွေးမိတိုင်း တနင့်နင့်နဲ့ ရင်ထဲမချိလွန်းလှတာမို့ အေးစက်နေတဲ့မမရဲ့ခန္ဓာလေးကို ထွေးဖက်ရင်း အားပါးတရ ငိုချလိုက်မိတော့တယ်။

“အကြွေစောလိုက်တာ မမရယ်”

## လူ့ပတ်ဝန်းကျင် အလှဆင်

\- ပတ်ဝန်းကျင် နေသူများရယ်က
အလှဆင်ထား အမှန်တကယ်၊
အများပေါ် အမြင်မစောင်းနဲ့
ကောင်းစိတ်မွေးကွယ်၊
ရခဲလှ လူ့ဘဝနယ်
တင့်တယ်အောင် နေဖို့တွေး၊
ထင်မြင်ရာ ကောက်ချက်မချနဲ့
လောကအရေး။


\- စိတ်ဓာတ်ကို မြှင့်တင်ပေးပေါ့
ဖြူစင်မွေး လူ့ဂုဏ်ရည်၊
အဆိုးကောင်းဟူ နားလည်တတ်မှ
တွေးခေါ် မြတ်မည်၊
လူနေမှု အဆင့်တန်းသည်
တည်ကြည်လို့ ဉာဏ်နှင့်ခွင်း၊
အမှားအမှန် အကြောင်းပြုလို့
ရှေးရှုစေမင်း။

\- မိတ်ကောင်းအဆွေ အချင်းချင်းပေမို့
နှလုံးသွင်း နှုတ်ဝစီ၊
မှန်မြတ်စွာ ဖွင့်ဆိုစကားမို့
သကာပျားညီ၊
ကောင်းခြင်းက အလီလီ
တေးဖွဲ့သီ လူပီသ၊
မိတ်ကောင်းရှာ မူကျင့်သုံးလို့
ရှင်ပြုံးမယ်ပ။

\- ကောင်းလမ်းမြင် မူဝါဒမှာလ
ကျင့်ကြံကြ အမှန်လေ၊
သီလလုံ သမာဓိဖွေးလို့
ယဉ်ကျေးသူတွေ၊
မြတ်ဗုဒ္ဓ ဆုံးမစာပေ
ဖတ်မှတ်စေ ဂုဏ်ရည်တိုး၊
လမ်းမှန်ကို ရင်ဝယ်ပိုက်လို့
နှစ်ခြိုက်စိုးမိုး။ ။

**ရင်ခတ်ပန်း(စွယ်တော်)**


ကိုဗစ်–၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်–၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။


ကိုဗစ် – ၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# အင်ဒို-ပစိဖိတ်ဒေသအတွင်းတိုးမြင့်လာသည့် ကာကွယ်ရေးမဟာမိတ်အဖွဲ့ များ

**မောင်ဝေလွမ်း(သုတေသီ)**



မကြာသေးသည့်နှစ်များမှစ၍ ဒေသတွင်းကာကွယ်ရေးအုပ်စုများ ဖွဲ့စည်းလာမှုသည် ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်တစ်ခုကဲ့သို့ ပေါ်ပေါက်လာနေသည်။ ယခင်တည်ရှိပြီး မဟာမိတ်အဖွဲ့များ အထူးသဖြင့် ၁၉၅၀ ပြည့်နှစ်များက ဖွဲ့စည်းခဲ့သည့် Five Eyes ကဲ့သို့သော စာချုပ်များဖြင့် ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းများကိုပင် ပြန်လည်အားကောင်းလာစေရန် လုပ်ဆောင်လာကြောင်းတွေ့ရှိရသည်။ ထိုကဲ့သို့သော အခြေအနေများက ဒေသတွင်းလုံခြုံရေးဆိုင်ရာ ပြောင်းလဲမှုများနှင့် အပြန်အလှန်ဆက်နွယ်မှုဖြစ်ပေါ်စေသည်ကို တွေ့ရှိရသည်။ အဓိကအားဖြင့် ထိုသို့ဖွဲ့စည်းမှုကြောင့် လုံခြုံရေးအခြေအနေရှုပ်ထွေးစေသကဲ့သို့ လုံခြုံရေးအခြေအနေရှုပ်ထွေးမှုများကြောင့်လည်း ဖွဲ့စည်းမှုများပေါ်ပေါက်လာသည်ဟုဆိုနိုင်သည်။

**ဒေသတွင်းလုံခြုံရေး ရှုပ်ထွေးမှုအခြေအနေ**

ဒေသတွင်းလုံခြုံရေးအခြေအနေသည် အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများကြောင့် မူလရှိရင်းစွဲအခြေအနေမှ ဖြည်းဖြည်းချင်းပြောင်းလဲလာနေသည်ကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်သည်။ ပထမအချက်မှာ တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားမှု ပြဿနာနှင့်ဆက်စပ်သော လုံခြုံရေးအခြေအနေဖြစ်သည်။ တောင်တရုတ်ပင်လယ်အတွင်း နယ်မြေပိုင်ဆိုင်ကြောင်းအငြင်းပွားမှုများကို တရုတ်နိုင်ငံက တတိယနိုင်ငံမှ ကြားခံပါလာခြင်းထက် သက်ဆိုင်ရာနိုင်ငံနှင့်သာ နှစ်နိုင်ငံအကျိုးတူ ဈေးစပ်ညှိနှိုင်းမှုများဖြင့် ဖြေရှင်းရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားခဲ့ပြီးဖြစ်သည်။ သို့သော်လည်း တချို့သော အင်အားကြီးနိုင်ငံများက အငြင်းပွားမှုတွင်ပါဝင်သည့် နိုင်ငံငယ်များအပေါ် မြှောက်ပင့်အားပေးမှုများပြုလုပ်ခြင်းဖြင့် နိုင်ငံငယ်များအတွက် စိုးရိမ်မကင်းဖြစ်မှုများ တိုးမြင့်စေသည်။ ဤသို့ဖြင့် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်ခြင်းကြောင့် အပြန်အလှန်ထိပ်တိုက်တွေ့ဆုံမှုများဖြစ်စေသည်။

ဒုတိယလုံခြုံရေးဖြစ်စဉ်မှာ တရုတ်(တိုင်ပေ)နှင့် တရုတ်နိုင်ငံကြား လုံခြုံရေးဆိုင်ရာ တင်းမာမှုများနှင့် ဆက်စပ်လျက်ရှိသည်။ တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင် အစိတ်အပိုင်းအဖြစ် ခံယူထားသည့် တရုတ်(တိုင်ပေ)အပေါ် အမေရိကန်၏ လက်နက်ရောင်းချမှု၊ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ တရားဝင်ဆက်ဆံလာမှုများဖြင့် လုံခြုံရေးဆိုင်ရာ တင်းမာမှုဖြစ်စေသည်။ တရုတ်(တိုင်ပေ)၏ ကာကွယ်ရေးအင်အားခိုင်မာအားကောင်းစေရန်ရည်ရွယ်၍ အမေရိကန်က စစ်လက်နက်ပစ္စည်းများ ရောင်းချမှု၊ နည်းပညာများ ပံ့ပိုးကူညီရုံသာမက စစ်ရေယာဉ်နှင့်လေယာဉ်များကို ထိုင်ဝမ်ရေလက်ကြား စေလွှတ်ခြင်းများကြောင့် တရုတ်နိုင်ငံ၏ တုံ့ပြန်ဆောင်ရွက်ခြင်းများဖြင့် လုံခြုံရေးအခြေအနေကို ရှုပ်ထွေးစေသည်။

တတိယလုံခြုံရေးဖြစ်စဉ်မှာ ကိုရီးယားကျွန်းဆွယ်တင်းမာမှုဖြစ်သည်။ ကိုရီးယားကျွန်းဆွယ်တင်းမာမှုဖြစ်စဉ်တွင် မြောက်ကိုရီးယား၏ ချူကလီးယားလက်နက်ပိုင်ဆိုင်မှုနှင့် ဒုံးကျည်စမ်းသပ်မှုများကို အခြေတည်၍ လုံခြုံရေးအခြေအနေကို ရှုပ်ထွေးစေကြောင်း တွေ့ရှိရသည်။ အချုပ်အခြာအာဏာပိုင် မြောက်ကိုရီးယား၏ ချူကလီးယားလက်နက်ပိုင်ဆိုင်မှုနှင့် ရုရှား-မြောက်ကိုရီးယား စစ်ရေးပူးပေါင်းဆောင်ရွက်မှုကို ယိုးမယ်ဖွဲ့၍ အမေရိကန်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့၏ စစ်ရေးလှုပ်ရှားမှုများ တိုးမြင့်လာရာမှ အခြေအနေ ပိုမိုဆိုးရွားစေခြင်းဖြစ်သည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ စစ်ရေးလေ့ကျင့်မှုများကို မြောက်ကိုရီးယားက ၎င်းကို ကျူးကျော်မှုအတွက် ပြင်ဆင်ခြင်းဖြစ်သည်ဟု ရှုမြင်သကဲ့သို့ ၎င်းနှစ်နိုင်ငံကလည်း မြောက်ကိုရီးယား၏ ချူကလီးယားနှင့် ဒုံးကျည်များကို ၎င်းတို့လုံခြုံရေးအတွက် အဓိကခြိမ်းခြောက်မှုအဖြစ်ရှုမြင်ထားသည်။

**ဒေသတွင်းဂိုဏ်းဂဏနှင့်အုပ်စုဖွဲ့လာမှုများ**

ဒေသတွင်းဂိုဏ်းဂဏဖွဲ့မှုများနှင့် အုပ်စုဖွဲ့မှုများသည် ဒေသတွင်းလုံခြုံရေးအပေါ် သိသိသာသာ သက်ရောက်စေသည်။ ၂၀၁၁ ခုနှစ်က အစပျိုးခဲ့သော Quad ခေါ် အမေရိကန်၊ ဂျပန်၊ အိန္ဒိယနှင့်ဩစတြေးလျတို့ပါဝင်သည့် လေးနိုင်ငံလုံခြုံရေးမဟာမိတ်အဖွဲ့သည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်လက်ထက်ဖြစ်သည့် ၂၀၁၇ ခုနှစ်တွင် ပြန်လည်အသက်ဝင်လာခဲ့ပြီး အချိန်ကြာမြင့်လာသည်နှင့်အမျှ အရှိန်အဟုန်ကောင်းရရှိလာခဲ့သည်။ ဒေသတွင်း တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုကို တန်ပြန်ထိန်းညှိရန် ရည်ရွယ်သည့် ၎င်းအဖွဲ့တွင် ချူကလီးယားလက်နက်ပိုင်အိန္ဒိယနှင့် အမေရိကန်တို့ ပါဝင်လျက်ရှိပြီး ၎င်းတို့ကြားတွင် ကာကွယ်ရေးဆိုင်ရာ အပြန်အလှန်အထောက်အပံ့ပြုရေးသဘောတူညီချက်များ ချုပ်ဆိုထားသည်။ ၎င်းတွင် ထောက်လှမ်းရေးသတင်းဖလှယ်မှုမှ ဆိုက်ဘာလုံခြုံရေးထိ ပါဝင်လာပြီဖြစ်ရုံမက နိုင်ငံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးကျင်းပမှုထိ ကျယ်ပြန့်လာပြီဖြစ်သည်။

ထို့နောက် ပေါ်ပေါက်လာသည့် အဖွဲ့မှာ အမေရိကန်၊ ဩစတြေးလျနှင့် ဗြိတိန်တို့ပါဝင်သည့် AUKUS မဟာမိတ်အဖွဲ့ဖြစ်သည်။ ဤအဖွဲ့သည် ဩစတြေးလျနိုင်ငံအနေဖြင့် ချူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောပိုင်ဆိုင်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည့် အဖွဲ့ဖြစ်သည်။ ဤအဖွဲ့သည်လည်း ယခုအခါ ချူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတည်ဆောက်ရေး ကနဦးခြေလှမ်းများကို စတင်လုပ်ဆောင်ထားပြီးဖြစ်သည်။ ချူကလီးယားလက်နက်ပိုင်ဆိုင်သည့် ဩစတြေးလျနိုင်ငံကို ချူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောပိုင်ဆိုင်စေရုံမက ချူကလီးယားလက်နက်များ တပ်ဆင်ပေးသည်ထိ လုပ်ဆောင်လာမည်ကို တရုတ်နိုင်ငံက စိုးရိမ်လျက်ရှိသည်။ အဓိကအားဖြင့် ချူကလီးယားနည်းပညာများ ပျံ့နှံ့လာမည့်အရေးအပေါ် စိုးရိမ်ခြင်းဖြစ်သည်။ ဤသို့ဖြင့် ဒေသတွင်းလုံခြုံရေးအခြေအနေအပေါ် သက်ရောက်မှုဖြစ်စေသည်။

**အုပ်စုဖွဲ့ရေးနောက်ဆုံးကြိုးပမ်းမှု**

ယခုအခါ ဖိလစ်ပိုင်၊ အိန္ဒိယနှင့် ဂျပန်တို့က သုံးနိုင်ငံအုပ်စုဖွဲ့မှုကို စိတ်ဝင်စားလျက်ရှိကြောင်း အိန္ဒိယကာကွယ်ရေးသတင်းတစ်ရပ်က ဖော်ပြလာခဲ့သည်။ ၎င်းတို့၏ လုံခြုံရေး၊ စီးပွားရေး၊ နည်းပညာနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာစေရန်အတွက် ဖိလစ်ပိုင်၊ ဂျပန်နှင့် အိန္ဒိယတို့ကြား ဖြစ်နိုင်ခြေရှိသော သုံးနိုင်ငံယန္တရားကို စူးစမ်းရှာဖွေလျက်ရှိသည်ဟု ဖိလစ်ပိုင်၏ဝါရင့်နိုင်ငံခြားရေးအရာရှိတစ်ဦးက မတ် ၁ ရက်တွင် ပြောကြားခဲ့သည်။ အဆိုပါအစီအစဉ်သည် ဤနိုင်ငံများနှင့်ပိုမိုကျယ်ပြန့်သော အင်ဒို-ပစိဖိတ်ဒေသအတွက် ကြီးမားသောအခွင့်အလမ်းများကို ပေးစွမ်းနိုင်ပြီး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအသစ်များနှင့်လုံခြုံရေးဆိုင်ရာ ဗိသုကာလက်ရာသစ်များအလားအလာသာမက စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကိုပါ ဖော်ဆောင်ပေးမည်ဟုဆိုသည်။ ဤပူးပေါင်းဆောင်ရွက်မှုသည်ဒေသတွင်းရှိ မျှဝေထားသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှုသည့် အဆိုပါနိုင်ငံများ၏စီးပွားရေးမောင်းနှင်အားများကို တွန်းအားပေးကူညီနိုင်ကြောင်း မူဝါဒရေးရာဆိုင်ရာ နိုင်ငံခြားရေးလက်ထောက်အတွင်းဝန် ထရီဆာလာဇာရိုက ပြောကြားခဲ့သည်။

အဆိုပြုထားသည့် သုံးနိုင်ငံအုပ်စုအတွက်တရားဝင်ဆွေးနွေးမှုမရှိသေးသော်လည်း ဂျပန်၊ အိန္ဒိယတို့နှင့် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်ရာတွင် အခက်အခဲရှိမည်မဟုတ်ဟု ၎င်းက ရှုမြင်ထားသည်။ မိတ်ဖွဲ့မှုကို တရားဝင်နည်းလမ်းအချို့ဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး သုံးနိုင်ငံပူးပေါင်း ဆောင်ရွက်မှုသည် နိုင်ငံစုံပါဝင်သူများဖြင့် ပုံဖော်ထားသည့် မျက်မှောက်ကာလ ကမ္ဘာ့အခင်းအကျင်း၏ အရေးကြီးသောအင်္ဂါရပ်တစ်ခုဖြစ်သည်ဟုဆိုသည်။ ဒေသဆိုင်ရာ မသေချာမရေရာမှုများကြားတွင် စီးပွားရေးနှင့်လုံခြုံရေးနယ်ပယ်များကဲ့သို့သော ဘုံစိုးရိမ်မှုများကြောင့် နိုင်ငံများသည် ဤအစီအစဉ်ကိုပိုမိုရွေးချယ်လျက်ရှိသည်ဟု ထရီဆာလာဇာရိုက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်၊ အိန္ဒိယနှင့် ဂျပန်တို့သည်ကြီးမားပြီး အရေးပါသောစီးပွားရေးကဏ္ဍများ အောင်မြင်ရေးကို လုပ်ဆောင်ရာတွင် ၎င်းတို့၏ အကောင်းဆုံးအလေ့အကျင့်များ၊ ကျွမ်းကျင်မှုနှင့်နည်းပညာများမှသင်ယူနိုင်မည်ဖြစ်သည်။ အထူးသဖြင့် ပူးပေါင်းဆောင်ရွက်သည့် သယ်ယူပို့ဆောင်ရေးနှင့်ထောက်ပံ့ပို့ဆောင်ရေးစနစ်များသည် အင်ဒို-ပစိဖိတ်ဒေသ၏ကျယ်ပြန့်မှုကို ပေးစွမ်းစေသည်။ အခြေခံအဆောက်အအုံချိတ်ဆက်မှုသည် ခရီးတိုစေပြီး ကုန်ထုတ်စွမ်းအားတိုးစေမည်ဖြစ်သည်။ ဒေသတွင်းကုန်သွယ်ရေးတိုးမြင့်မှု၊ ပံ့ပိုးရေးကွင်းဆက်ထိရောက်မှုနှင့်ခရီးသွားမှုဆိုင်ရာ ရွေ့လျားနိုင်မှုတို့အပါအဝင် အကျိုးကျေးဇူးများစွာရှိသည်ဟု လာဇာရိုက ဆိုပါသည်။

ဖိလစ်ပိုင်သည် အိန္ဒိယအစိုးရထံမှဝယ်ယူထားသည့် Brahmos ဒုံးကျည်များကို ယခုမတ်လအတွင်း ပေးပို့ရေးအတွက်ပြင်ဆင်မှုတွင် အိန္ဒိယနှင့်၎င်း၏ ရေကြောင်းဆိုင်ရာဆွေးနွေးပွဲများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ဖိလစ်ပိုင်သည်လက်ရှိတွင် ရေကြောင်းဆိုင်ရာဆွေးနွေးဖက် ရှစ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မဝေးတော့သည့် အနာဂတ်တွင် အိန္ဒိယနှင့် ရေကြောင်းဆိုင်ရာဆွေးနွေးမှုများ အဆင့်တစ်ဆင့်မြှင့်တင်ရေးအတွက် ကြိုးစားလျက်ရှိသည်။ မကြာမီရောက်ရှိလာမည့် Brahmos ခရုဇ်ဒုံးကျည်များသည် ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့၏ ပစ်စွမ်းအားကို သိသိသာသာအားကောင်းလာစေမည်ဟု မျှော်လင့်ထားကြသည်။ နှစ်နိုင်ငံ အပြန်အလှန်လေးစားမှုကိုပြသသည့်အနေဖြင့် အနောက်ဖိလစ်ပိုင်ပင်လယ်တွင် တရုတ်နိုင်ငံ၏ ကျယ်ပြောလှသော နယ်မြေပိုင်ဆိုင်ကြောင်း တောင်းဆိုမှုများကို ပျက်ပြယ်သွားစေသည့် ဖိလစ်ပိုင်၏ ၂၀၁၆ ခုနှစ် အနုညာတခုံရုံး စီရင်ချက်ကို အသိအမှတ်ပြုခြင်းဖြင့် ဖိလစ်ပိုင်နှင့် စည်းလုံးညီညွတ်မှုကို ပြသခဲ့သည်။ အိန္ဒိယနှင့်ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့များကြား လေ့ကျင့်ရေးအစီအစဉ်များကို လက်ရှိဆောင်ရွက်သည့် ပူးပေါင်းဆောင်ရွက်ခြင်းများ၊ စီစဉ်ထားသည့် အနာဂတ်အစည်းအဝေးများနှင့်အတူ ဆက်လက်ပြုလုပ်ခဲ့သည်။

Stratbase ဖိုရမ်တွင် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အိန္ဒိယ၏ ထိပ်တန်းသံတမန်ရှမ်ဘူကူမာရမ်က အင်ဒို-ပစိဖိတ်ရေကြောင်းပိုင်နက်တွင် စဉ်ဆက်မပြတ်လုံခြုံရေးစိန်ခေါ်မှုများရှိနေချိန်၌ နှစ်နိုင်ငံဆက်ဆံရေးကိုကျော်လွန်၍ နိုင်ငံတကာဆက်ဆံရေးကို ကြည့်ရှုရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ဤမိတ်ဖက်ဆက်ဆံရေး၏ ပထဝီဝင်နိုင်ငံရေးအခြေခံနှင့် ပတ်သက်၍ ရေကြောင်းပိုင်နက်နယ်မြေအတွင်း မကြာသေးမီက ဖြစ်ပေါ်တိုးတက်မှုများကို သိသာထင်ရှားစွာရှုမြင်နိုင်ကြောင်းနှင့် သုံးနိုင်ငံကြားတွင် သုံးပွင့်ဆိုင်အစပျိုးလုပ်ဆောင်သည့် အစီအစဉ်ကို လျင်မြန်စွာပြုလုပ်ရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ ပင်လယ်ရေကြောင်းလုံခြုံရေးသည် အာရုံစိုက်ရမည့် နယ်ပယ်တစ်ခုဖြစ်ပြီး မိမိတို့အလေးပေးသင့်သည်ဟု ယူဆကြောင်း၊ မိမိတို့သုံးနိုင်ငံပူးပေါင်း၍ လုပ်ဆောင်နိုင်ပြီး အချင်းချင်းအပြန်အလှန် ပူးပေါင်းလုပ်ဆောင်မှုများကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း ၎င်းက ဆိုခဲ့သည်။

အိန္ဒိယနှင့်အတူ ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်နှင့် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ဤသုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုသည်စီးပွားရေး၊ စိုက်ပျိုးရေးနှင့်ပြည်သူအချင်းချင်းကူးလူးဆက်ဆံရေးကို အဓိကထားလုပ်ဆောင်ပြီး ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုကို အဓိကအလေးပေးသည်။ တိုးမြှင့်ပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကအလားအလာရှိသော နေရာတစ်ခုအဖြစ် ရေကြောင်းပိုင်နက်နယ်မြေကို မီးမောင်းထိုးပြ၍ကူမာရန်က နှစ်နိုင်ငံကြားတက်ကြွစွာထိတွေ့ဆက်ဆံမှု၏ အရေးပါမှုကို ကိုးကားဖော်ပြခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာဂျပန်သံရုံးမှဒုတိယအကြီးအကဲ ကီနီရှိမက်ဆူဒါက မျှော်မှန်းထားသည့် သုံးနိုင်ငံပါဝင်သော မိတ်ဖက်ဆက်ဆံရေးအတွင်း ပူးပေါင်းဆောင်ရွက်သည့်ကြိုးပမ်းမှုများ၏ အသွင်ကူးပြောင်းရေးအလားအလာကို အလေးပေးပြောကြားခဲ့သည်။ ဂျပန်နိုင်ငံအနေဖြင့် ဖိလစ်ပိုင်နှင့်အိန္ဒိယတို့ကို မရှိမဖြစ်မိတ်ဖက်များအဖြစ် သတ်မှတ်ကြောင်း ၎င်းက ဆိုခဲ့သည်။

ခြုံ၍ဆိုရလျှင် ဒေသတွင်းပထဝီဝင်နိုင်ငံရေးတင်းမာမှုများမြင့်တက်လာခြင်းသည် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများတိုးမြင့်လာမှုကို ဖော်ထုတ်ပြသနေခြင်းဖြစ်သည်။ အနောက်အုပ်စုနိုင်ငံများမှအစပျိုးလုပ်ဆောင်လာခဲ့သည့် အုပ်စုဖွဲ့မှုများသည် ယခုအခါ ဒေသတွင်း၌ အရှိန်အဟုန်တစ်ခုရရှိလာနေသည်ကို တွေ့ရှိရသည်။ အချို့အဖွဲ့များသည် ကနဦး၌ ကာကွယ်ရေးနှင့်လုံခြုံရေးကိုဦးတည်သည့်တိုင် တစ်ချိန်တွင် စစ်အုပ်စုများအဖြစ် ပေါ်ပေါက်လာနိုင်သည့် အခြေအနေကို တွေ့ရှိရသည်။ သို့ဖြစ်၍ ဒေသတွင်းတိုးမြင့်ပေါ်ပေါက်လာသည့်စစ်အုပ်စုများ၊ မဟာမိတ်အဖွဲ့များသည် ဒေသတွင်းလုံခြုံရေးကို ပိုမိုရှုပ်ထွေးစေပြီး ထိရှလွယ်သည့် အခြေအနေသို့ တွန်းပို့ရာရောက်စေမည်ဖြစ်ကြောင်း သုံးသပ်ဖော်ပြလိုက်ရပါသည်။

**ကိုးကား။**

- **Philippines, India, Japan Eye Trilateral Grouping, Indian Defence News, Mar.2 (Sat),**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စု များဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ် တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ် နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သော ကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည် ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန် အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၄၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း မတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၂၄၉၉ ဧက ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၂၆၀၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ဇန်နဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၂၄၉၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ နွေစပါး ဧက ၂၆၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ နွေစပါး ၂၄၉၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ နွေစပါး စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် နွေစပါး စိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း ပညာများ၊ နွေသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ငဖဲမြို့နယ် ရေပုတ်ကျေးရွာတွင် ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းနေမှု စစ်ဆေး

**ငဖဲ မတ် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ပင်ဦးကျေးရွာအုပ်စု ရေပုတ်ကျေးရွာတွင် ကျေးရွာတွင်း ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေပုတ်ကျေးရွာတွင် ၄၀၀ ပို့အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီအရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားကာ ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ် ရေပုတ်ကျေးရွာတွင် ၄၀၀ ပို့ဓာတ်အားလိုင်း ပေ ၃၉၅၀ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၄၇ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၄၂ ဒသမ ၉၃၆ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဖေဖော်ဝါရီ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ငင်မာ**

# ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

ခရီးသွားဆောင်းပါး

# ဦးဦးဖျားဖျား တောင်တော်ရွှေပုပ္ပား

သက်နိုင်(ပြင်ဦးလွင်)

ကမ္ဘာပေါ်မှာရှိတဲ့လူသားတိုင်း အကြောင်းအမျိုးမျိုးအထွေထွေအရ ခရီးသွားလာခြင်းနဲ့ မလွတ်ကင်းကြပါဘူး။ တချို့ကဝါသနာအရ၊ တချို့ကတာဝန်အရ၊ တချို့ကစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့များပြားလှတဲ့ ကိစ္စအဝဝတွေအရ မဖြစ်မနေကော၊ အကြောင်းတိုက်ဆိုင်လို့ကော၊ အပျော်ခရီး၊ လေ့လာရေးခရီးအဖြစ်ကော သွားလာနေကြရပါတယ်။ ဒါပေမဲ့ ဒီလိုခရီးတွေ သွားလာကြတဲ့အခါတိုင်း အဆင်ပြေချောမွေ့မှုတွေရှိနေကြသလို အခက်အခဲဒုက္ခတွေနဲ့လဲ ကြုံတွေ့ရလေ့ရှိနေကြတယ်။ ပျော်စရာခရီးကနေ ဝမ်းနည်းကြေကွဲဖွယ်ခရီးတွေ ဖြစ်သွားတတ်ကြတယ်။ မထင်မှတ်ဘဲနဲ့ အံ့သြစရာ၊ ရင်ခုန်စရာ၊ ပျော်ရွှင်ကြည်နူးစရာ ခရီးစဉ်မျိုးတွေလဲ ပြောင်းလဲဖြစ်ပေါ်သွားတတ်ပါသေးတယ်။ ဒ့ါပြင် မူလစီစဉ်ထားတဲ့ခရီးစဉ်နဲ့ သွေဖည်ပြီး သွားတာတခြား၊ ရောက်တာတခြားတွေလဲ ဖြစ်နေတတ်ပါတယ်။


အခုတစ်ခေါက် မိမိတို့သွားမဲ့ခရီးက အရင်လိုသွားလာနေကျ ခရီးဖော်တွေနဲ့မဟုတ်ဘဲ အိမ်မှာအတူတကွနေထိုင်ကြတဲ့ မောင်နှမအရင်းတွေ၊ တူအရင်းတွေနဲ့ပါ။ ခရီးစဉ်ရဲ့အဓိကရည်ရွယ်ချက်အဖြစ် မင်းဘူးမြို့နယ် ရွှေစက်တော်ဘုရားပွဲကာလမှာ သံဃာတော်တွေကို ဆွမ်းလောင်းကပ်လှူဖို့အတွက် ရည်ရွယ်ထားကြတယ်။ ဒါကြောင့် ရွှေစက်တော်ထိသွားကြပြီး သံဃာတော်တွေကို ဆွမ်းကပ်လှူရင်းနဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ နေရာဒေသတွေကို လေ့လာလည်ပတ်ကြဖို့ စဉ်းစားစီစဉ်ထားလိုက်တယ်။ ရွှေစက်တော်နဲ့ မင်းဘူးကအပြန်မှာ ညီတွေ၊ ညီမတွေ မရောက်တာကြာပြီဖြစ်တဲ့ ပုဂံ- ညောင်ဦးကို ဝင်ရောက်ကြမှာပါ။

သတ်မှတ်ရက်မှာ ခရီးစဉ်အတိုင်း ရွှေစက်တော်ရှိရာကို မနက်စောစောထပြီး ထွက်လာခဲ့ကြတယ်။ ဒီတစ်ခေါက်အသုံးပြုတဲ့ကားကတော့ အရင်ခရီးစဉ်တိုင်းမှာ သွားလာအသုံးပြုနေတဲ့ ခွေးဘီလူးကားလေးမဟုတ်တော့ဘဲ စူပါကာစတန်ကားလေးဖြစ်သွားပါပြီ။ ခရီးရက်ရှည်တွေထွက်တဲ့အခါ ခွေးဘီလူးကားက လူတွေပင်ပန်းပြီး စူပါကာစတန်ကသက်သာပါတယ်။ ဒါပေမဲ့ ဆီစားနှုန်းက ခွေးဘီလူးကားထက် များစွာပိုနေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကားဆီဖိုးငွေ ပိုမိုကုန်ကျတာထက် လူတွေသက်သောင့်သက်သာရှိဖို့က ပိုပြီးအရေးကြီးပါတယ်။

ရွှေစက်တော်ဘုရားရှိရာကို ပြင်ဦးလွင်မြို့ကနေ မန္တလေး- ပြင်ဦးလွင်လမ်းအတိုင်း မောင်းနှင်လာခဲ့ပြီးမှ ထုံးဘို- မြစ်ငယ်ဖြတ်လမ်း တံတားဦးလေဆိပ်လမ်းတွေကနေတစ်ဆင့် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးပေါ်ကို တက်ရောက်လာခဲ့ကြတယ်။ ရာသီဥတုအခြေအနေက မနက်စောစော ပြင်ဦးလွင်ကထွက်လာခဲ့တဲ့အခြေအနေနဲ့ အမြန်လမ်းပေါ်ရောက်တဲ့အခြေအနေတွေ လုံးဝကွာခြားသွားပြီး အမြန်လမ်းပေါ်ကိုရောက်တာနဲ့ ဝတ်ဆင်လာခဲ့ကြတဲ့ အနွေးထည်တွေ ချွတ်ကြရတော့တာပါ။ နွေလတွေဖြစ်တဲ့ မတ်၊ ဧပြီ၊ မေလတွေနဲ့ မြန်မာနိုင်ငံအလယ်ပိုင်း မင်းဘူး၊ မကွေး၊ ချောက် စတဲ့ဒေသတွေမှာ ဘယ်လိုနေကြမယ်မသိပါဘူး။ ရာသီဥတုအခြေအနေ ပြောင်းလဲကွာခြားသွားတာကြောင့် ရွှေစက်တော်ကိုရောက်တာနဲ့ ရေချိုးကြမယ်ဆိုရင် အလျင်စလိုမချိုးကြဖို့ မောင်နှမတွေအချင်းချင်းနဲ့ တူလေးတွေကို လမ်းခရီးမှာကတည်းက ကြိုတင်သတိပေးပြောကြားနေရတယ်။

ဒီတစ်ခေါက် အမြန်လမ်းပေါ်မှာ မောင်းနှင်ရတာ ခွေးဘီလူးနဲ့ လိုက်ထရပ်ကားတွေအပေါ် သတ်မှတ်ထားတဲ့ ကီလိုမီတာ ၆၀ နှုန်းမဟုတ်တော့ဘဲ ကီလိုမီတာ ၁၀၀ နှုန်းထိ မောင်းနှင်ခွင့်ပြုထားတဲ့ စူပါကာစတန်ကားဖြစ်နေတာကြောင့် မိတ္ထီလာမြို့အနီး ကျောက်ပန်းတောင်းလမ်းခွဲကို မြန်မြန်ဆန်ဆန်ရောက်ရှိလာခဲ့တယ်။ သတ်မှတ်မောင်းနှင်နှုန်း ကီလိုမီတာ ၁၀၀ ကို ကျော်သွားတဲ့အချိန်တိုင်းမှာလဲ သတိထားလျှော့မောင်းလာခဲ့ရတယ်။ ကီလိုမီတာကျော်ပြီး မောင်းနှင်မိလို့ အမြန်လမ်းပေါ်မှာ အဖမ်းခံရရင် ပေးဆောင်ရတဲ့ဒဏ်ကြေးငွေက မသက်သာလှပါဘူး။

ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်ကနေ ကျောက်ပန်းတောင်း လမ်းခွဲအတိုင်း မောင်းနှင်နေရတဲ့အချိန်မှာ အမြန်လမ်းမကြီးလို အသွား၊ အပြန်ခွဲခြားထားတဲ့လမ်းမဟုတ်တော့ဘဲ နှစ်လမ်းသွားလမ်းကျဉ်းဖြစ်နေတာရယ်၊ လမ်းပေါ်မှာ ချိုင့်တွေခွက်တွေ ဟိုနားတချို့ ဒီနားတချို့ အနည်းငယ်ရှိနေတာရယ်၊ ရေကျော်တွေကို မကြာခဏ ဖြတ်သန်းမောင်းနှင်နေရတာရယ်ကြောင့် အရှိန်လျှော့ပြီး ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာခဲ့ရတယ်။ လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှာတော့ အပူပိုင်းဒေသရဲ့ထုံးစံအတိုင်း ထန်းပင်တွေ၊ ဆူးချုံတွေ၊ တောင်သူတွေစိုက်ပျိုးထားကြတဲ့ ပဲစိုက်ခင်းတွေအပြင် တမာပင်၊ ထနောင်းပင်၊ ဆူးဖြူပင်၊ လက်ပံပင်၊



ပေါက်ပန်းပင်တွေကို အဆက်မပြတ် တွေ့မြင်နေရတယ်။ လက်ပံပင်တွေနဲ့ ပေါက်ပန်းပင်တွေမှာ နီနီရဲရဲအဖူးအပွင့်တွေ ဖူးပွင့်နေကြပြီး အပင်တွေအောက် မြေပြင်ပေါ်မှာလဲ ကြွေကျနေတဲ့ ပန်းပွင့်တွေ အများအပြားရဲရဲနီလို့ပါ။ တချို့လက်ပံပင်တွေအောက်မှာ လက်ပံပွင့်ကောက်နေကြသူတွေကိုလဲ ရံဖန်ရံခါ တွေ့မြင်နေရတယ်။ အခြောက်ခံနေလှန်းထားပြီးဖြစ်တဲ့ လက်ပံခေါင်းချဉ်ရည်ဟင်းကိုတော့ ဘယ်အချိန်၊ ဘယ်နေရာမှာ စားသောက်ရမယ်ဆိုတာကို မသိရသေးပါဘူး။

နေ့လယ်စာထမင်းကို မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်မှာရှိတဲ့ နာမည်ကျော်လက်ပံပျားရွာက စားသောက်ဆိုင်တစ်ဆိုင်မှာ ကြက်သားကြော်၊ ကြက်ခွေးတောက်ဟင်းရည်နဲ့ ပူပူနွေးနွေးစားသောက်လိုက်ကြတယ်။ ထမင်းစားသောက်ထွက်လာခဲ့ပြီး မကြာခင် လမ်းရဲ့ယာဘက် အဝေးတစ်နေရာက မှိုင်းမှိုင်းညို့ညို့ ပုပ္ပားတောင်ကြီးကို နွေဦးကာလထွက်ပြူခါစ မြူတွေအကြား တွေ့မြင်လိုက်ရတာနဲ့တစ်ပြိုင်နက် ကားပေါ်မှာ လိုက်ပါလာတဲ့တူလေးတွေက မရောက်ဖူးသေးလို့ လိုက်ပို့ပေးပါ၊ မျောက်တွေကို ကြည့်ချင်လို့သွားချင်ပါတယ်ဆိုပြီး တောင်းဆိုပူဆာကြတာနဲ့ မူလခရီးစဉ်မှာမပါတဲ့ ပုပ္ပားတောင်ရှိရာကို ဦးတည်မောင်းနှင်လိုက်ရတော့တယ်။ ခရီးတွေထွက်ခွာသွားလာကြတဲ့အခါတိုင်း ခရီးစဉ်လမ်းကြောင်းကို ဘယ်လိုပဲ၊ ဘယ်လောက်ပဲ တိတိကျကျစီစဉ်ရေးဆွဲထားတာဖြစ်နေပါစေ တစ်ခါတစ်ရံမှာ ရေးဆွဲသတ်မှတ်ထားတဲ့လမ်းကြောင်းနဲ့သွေဖည်ပြီး မူလခရီးစဉ်မှာ မပါဝင်တဲ့ နေရာဒေသတွေကို ကြုံကြုံဖန်ဖန်ကော၊ လမ်းမှားသွားလို့ကော၊ အကြောင်းမညီညွတ်လို့ကော နည်းမျိုးစုံနဲ့ ရောက်ရှိသွားတတ်တယ်ဆိုတာ အခုခရီးစဉ်က သက်သေပါ။

ပုပ္ပားတောင်ကလပ်ကိုသွားဖို့အတွက် ကျောက်ပန်းတောင်းမြို့ကို ဝင်ရောက်လာပြီး ပြသလမ်းညွှန်ထားတဲ့မြားအတိုင်း ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ အခုမောင်းနှင်လာခဲ့တဲ့လမ်းက ဘုန်းတော်ကြီးကျောင်းတွေ၊ လူနေအိမ်တွေကြားကနေ ဖောက်လုပ်ထားတဲ့ အတက်ကြမ်းကြမ်း၊ လမ်းကျဉ်းကျဉ်း၊ အကွေ့အကောက်လဲ အလွန်များတဲ့ရွာတွင်းလမ်းကလေးဖြစ်ပြီး တောင်တက်လမ်းဆုံးသွားတာနဲ့ တောင်ကလပ်ပေါ်ကို တက်တဲ့လှေကားရင်းကို ရောက်လာခဲ့တယ်။ ပုပ္ပားတောင်ကလပ်ကို မရောက်ဖူးသေးတဲ့ တူလေးတွေနဲ့ အတူ တောင်ကလပ်ပေါ်ကို တက်တဲ့သူကတက်၊ တောင်ကလပ်ပေါ်ကို မတက်တော့ဘဲ ကားစောင့်ရင်း၊ နားနေရင်း ကျန်ခဲ့တဲ့သူကကျန်နဲ့ မိမိကတော့ တောင်တက်ရတာကိုကြိုက်နှစ်သက်တဲ့အတိုင်း တူလေးတွေကို လက်ဆွဲပြီး တောင်ကလပ်ပေါ်ထိ တက်ရောက်လာခဲ့တယ်။ ပုပ္ပားတောင်ကလပ်က ဘုရားပန်းရောင်းနေသူတွေ၊ မျောက်စာရောင်းနေသူတွေ၊ ဆေးပုလင်း၊ စံကားဝါပန်းနဲ့ ဒေသထွက်ကုန်ပစ္စည်းရောင်းချနေသူတွေနဲ့ အရင်အခေါက်တွေကလာခဲ့တဲ့အတိုင်း ထူးထူးခြားခြား ပြောင်းလဲမသွားပေမဲ့ မျောက်တွေရဲ့လုယက်သောင်းကျန်းမှုတွေကတော့ လွန်လွန်ကဲကဲဆိုးရွားနေတာကို တွေ့မြင်နေရတယ်။ အရင်တုန်းက အစားအစာတွေကိုသာ လုယက်စားသောက်တတ်တဲ့မျောက်တွေက အခုအချိန်မှာ ဦးထုပ်၊ မျက်မှန်၊ လက်ကိုင်ဖုန်း၊ ပိုက်ဆံအိတ် စတဲ့ပစ္စည်းတွေနဲ့ လက်ထဲမှာကိုင်ဆောင်လာကြတဲ့ ဘုရားကပ်လှူဖို့ ဘုရားပန်းတွေကိုပါမကျန် လုယက်နေကြတော့တာပါ။

ဆော့ကစားကြရင်း တောင်ကလပ်ပေါ်ကို ပြေးပြေးလွှားလွှား တက်ရောက်တဲ့လူငယ်လေးတွေနဲ့ အတူတူ မြန်မြန်တက်၊ မြန်မြန်ဆင်းနဲ့ အချိန်မကုန်တော့ဘူးလို့ ထင်မှတ်ထားပေမဲ့ မိမိထက် အသက်ငယ်လွန်းတဲ့တူလေးတွေကိုစောင့်ပြီးတက်၊ စောင့်ပြီးဆင်းနဲ့အချိန်တွေကုန်ရတော့တယ်။ ကလေးတွေက လှေကားတစ်ခုတက်ပြီးတိုင်း အကွေ့တစ်ခုကိုရောက်တိုင်းမောလို့၊ ညောင်းလို့နဲ့ မကြာခဏနားနေ အမောဖြေနေရတာတွေက စာသင်ခန်းတွေထဲမှာ တစ်နေကုန် တစ်နေခန်း ကျောင်းပြီးရင် ကျူရှင်၊ ကျူရှင်ပြီးရင် ကျောင်းနဲ့ မနက်မိုးလင်းကတည်းက ညမိုးချုပ်တဲ့ထိ ထိုင်နေခဲ့ရတဲ့ အကျိုးတွေ၊ အချိန်ရှိတိုင်း ရုပ်မြင်သံကြားစက်ရှေ့ကမခွာ၊ ဖုန်းတွေကို လက်ကမချ၊ ကိုယ်လက်လှုပ်ရှားမှုမရှိသလောက် နည်းပါးမှုတွေနဲ့ သက်ဆိုင်နေတယ်လို့ ထင်လိုက်မိတယ်။ အမှန်တကယ်မှာလဲ မိမိရဲ့တူလေးတွေအနေနဲ့ မနက် ၅ နာရီ အိပ်ရာကထပြီး နိုင်ငံခြားဘာသာသင်ကျောင်းကို သွား၊ ပြန်လာပြီးတာနဲ့ မြန်မာအတန်းကျောင်းကို မြန်မြန်သွက်သွက်သွား၊ ကျောင်းဆင်းရင် နိုင်ငံခြားဘာသာသင်ကျောင်းကိုပြန်သွား၊ ပြီးရင် သက်ဆိုင်ရာကျူရှင်တွေဆက်တက်နဲ့ ည ၉ နာရီထိုးမှ စာသင်ခြင်းလုပ်ငန်းတွေရပ်ပြီး နားကြရတော့တယ်။ ဒီအချိန်မှာလဲ ဘာမှဆက်မလုပ်နိုင်ကြတော့ဘဲ ဗိုက်ဝအောင်စားသောက်ပြီးကြတာနဲ့ အိပ်ရာထဲကို တန်းဝင်သွားကြတော့တာပါ။ ကျောင်းပိတ်တဲ့တနင်္ဂနွေရက်တွေမှာ ရုပ်ရှင်၊ ဗီဒီယိုကြည့်၊ ဖုန်းဆော့၊ ဂိမ်းကစားနဲ့ထိုင်ရာကမထဘဲ အချိန်တွေကုန်နေကြရတယ်။ ဒါကြောင့် ကိုယ်လက်လှုပ်ရှားမှု အားကစားလေ့ကျင့်ခန်း၊ ပြေးလွှားဆော့ကစားခြင်းလုံးဝမရှိတော့တဲ့ ကလေးတွေ၊ ကျောင်းသားလူငယ်တွေ ပုပ္ပားတောင်ကလပ်ကို ဖြောင့်ဖြောင့်တန်းတန်း၊ မမောမပန်း၊ မနားမနေ တက်ရောက်နိုင်ခြင်းမရှိကြတော့ပါဘူး။ တူလေးတွေနဲ့အတူ ပုပ္ပားတောင်ကလပ်ကို တက်ရောက်လိုက်မှ သူတို့တွေကို ပြုပြင်ထိန်းကျောင်းရတော့မယ်ဆိုတဲ့အသိက မျက်ဝါးထင်ထင်တွေ့မြင် ပေါ်ပေါက်လာခဲ့ရတယ်။ မြန်မာနိုင်ငံအတွင်းမှာ ဒီလိုမျိုး ကျောင်းနဲ့အိမ်၊ အိမ်နဲ့ကျောင်း၊ အိမ်နဲ့ကျူရှင်၊ ကျူရှင်နဲ့အိမ် တစ်နေကုန်မနားတမ်းသွားလာနေရပြီး ပုပ္ပားတောင်ကလပ်လိုမျိုးကို မောလို့မတက်နိုင်တော့ဘူး၊ နားပါရစေအုံးဆိုတဲ့ ကျောင်းသားအရွယ်လူငယ်တွေ အများအပြားရှိနေကြမှာ အမှန်ဖြစ်နေတာကြောင့် မိမိတို့တစ်တွေ သတိထားကြရပါတော့မယ်။

တောင်ကလပ်ပေါ်ကို တက်တဲ့အချိန်တုန်းကလဲ လှေကားထိပ်တွေမှာ ခြေပစ်လက်ပစ်၊ တောင်အောက်ကို ပြန်ဆင်းလာတဲ့အခါမှာလဲ လှေကားအောက်တွေမှာ ခြေကုန်လက်ပန်းကျသွားကြတဲ့ တူလေးတွေကို အချိုရည်တိုက်လိုက်၊ အားပေးလိုက်၊ ရေအေးတိုက်လိုက်နဲ့ ကားရှိရာကိုရောက်အောင် ခေါ်လာခဲ့ရတယ်။ ကားပေါ်ကိုရောက်ပြီး မကြာခင်မှာ မောင်နှမတွေ စုံစုံလင်လင်ဖြစ်တာနဲ့ တောင်ခြေကနေ ပြန်လည်ထွက်ခွာလာခဲ့ကြတယ်။ ပြန်လည်မောင်းနှင်လာတဲ့လမ်းက အလာတုန်းကလမ်းမဟုတ်တော့ဘဲ ပုပ္ပားမြို့ကိုသွားတဲ့လမ်းအတိုင်း နောက်ထပ်တစ်လမ်းကနေ မောင်းနှင်လာခဲ့လိုက်တာပါ။ ပုပ္ပားတောင်ကလပ်နဲ့ ဝေးကွာခြင်းမရှိတဲ့ ပုပ္ပားမြို့ကို မကြာခင်မှာရောက်ရှိလာသလို မြို့ဆိုင်းဘုတ်နဲ့ အမှတ်တရဓာတ်ပုံရိုက်တာတွေ၊ ဈေးဝယ်တာတွေကို လုပ်ကြရတယ်။ ပုပ္ပားမြို့က ဒေသထွက် လတ်လတ်ဆတ်ဆတ်အသီးအနှံတွေပေါပြီး လက်ဆောင်အဖြစ်ကော၊ သရေစာအဖြစ်ပါ ပေးလို့စားလို့ကောင်းတဲ့ စားသောက်စရာမုန့်တွေစုံလင်တယ်။ ပုပ္ပားမှာ လတ်ဆတ်တဲ့မာလကာသီး အလုံးကြီးကြီး ခြောက်လုံးကို ငွေကျပ် ၁၀၀၀၊ ခရမ်းချဉ်သီးအလုံးလှလှတွေ တစ်ပိဿာကို ငွေကျပ် ၅၀၀၊ သင်္ဘောသီးကြီးတွေတစ်လုံးကို ငွေကျပ် ၁၀၀၀၊ ၁၅၀၀ တွေနဲ့ ရောင်းချနေတာ မိမိတို့ပြင်ဦးလွင်မြို့နဲ့နှိုင်းစာရင် အလွန်ဈေးသက်သာတယ်လို့ ပြောရမှာပါ။ ဒါကြောင့် ခရီးစဉ်ရဲ့ပထမဦးဆုံးရက် အိမ်ပြန်ဖို့နေ့ရက်အချိန်တွေ လိုနေသေးပေမဲ့ လမ်းခရီးတစ်လျှောက်မှာရှိတဲ့ မိတ်ဆွေသူငယ်ချင်းတွေကို လက်ဆောင်အဖြစ်ပေးလို့ရအောင် ဝယ်သင့်တာတွေကို တစ်နိုင်တစ်ပိုင်ဝယ်ယူလာခဲ့ကြတယ်။

ပုပ္ပားမြို့ကနေ ပြန်ထွက်လာပြီး မကြာခင်လမ်းအကွေ့တစ်နေရာမှာ ညနေခင်းနေရောင်တွေနဲ့ လှလှပပဖြစ်နေတဲ့ ပုပ္ပားတောင်ကလပ်ကြီးကို မြင်တွေ့ရပြန်တယ်။ တောင်ကလပ်ကြီးကို မြင်တွေ့နေရတာက ပီပီသသ ထင်ထင်ရှားရှားပါ။ တောင်ခြေရင်းကနေ မြင်တွေ့နေရတာကြောင့်လဲ တောင်ကလပ်ကြီးက အလွန်မြင့်မားနေတယ်။ ဒါကြောင့်လဲ ကားပေါ်မှာပါတဲ့တူလေးတွေက ဒီတောင်ကြီးပေါ်ကို သားတို့တက်ခဲ့ကြတာပေါ့၊ အပေါ်ဆုံးထိပ်အထိရောက်ခဲ့ကြတာပေါ့၊ ဒီလောက်ထိ မြင့်လိမ့်မယ်လို့ထင်မထားဘူးဆိုပြီး အံ့သြကုန်ကြတယ်။ ဒ့ါပြင် သူတို့လေးတွေကိုလဲ ပုပ္ပားတောင်အကြောင်း ကားမောင်းနေရင်း ရှင်းပြခွင့်ရခဲ့တယ်။ အခုခရီးစဉ်မှာ ပထမဆုံး ဦးဦးဖျားဖျားအနေနဲ့ တောင်တော်ရွှေပုပ္ပားကိုရောက်ခဲ့ကြပြီးပါပြီ။ ဆက်လက်ပြီး မကွေး၊ မင်းဘူးနဲ့ ရွှေစက်တော်ဘုရားရှိရာကို သွားရောက်ဖူးမြော်လေ့လာလိုက်ကြပါအုံးမယ်။

# စနေနေ့ညကစားမဲ့ ဥရောပပြိုင်ပွဲတွေထဲက ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ ပဲလေ့စ်အသင်း၊ အင်တာမီလန်အသင်းနဲ့ ဗလင်စီယာအသင်းတို့ကို အားပေးရမှာပါ



ဥရောပအမှတ်ပေးပြိုင်ပွဲတွေပြီးဆုံးဖို့ နီးကပ်လာချိန်မှာ အသင်းတိုင်းဟာ ရမှတ်ရှာဖွေဖို့အတွက် ရေကုန်ရေခန်းယှဉ်ပြိုင်လာကြတာကို တွေ့ရမှာပါ။ အသင်းငယ်တွေဟာ အမှတ်ပေးပြိုင်ပွဲမှ တန်းမဆင်းရဖို့ကြိုးစားနေသလို အသင်းကြီးတွေကလဲ ဥရောပပြိုင်ပွဲဝင်ခွင့်ရဖို့ ကြိုးစားနေတာကြောင့် အခုကာလဟာ အသင်းကြီး၊ အသင်းငယ်အားပြိုင်တဲ့ကာလလို့ဆိုရမှာပါ။ လက်ရှိကစားနေတဲ့ ဥရောပထိပ်သီးလိဂ်ငါးခုမှာတော့ အသင်းအများစုဟာ ဒဏ်ရာရကစားသမားတွေများနေတာကြောင့် အရန်ကစားသမားစုဖွဲ့မှုနဲ့ အဓိကကစားသမားတွေ ပွဲထွက်ကစားနိုင်မှုက ရလဒ်ကောင်းဖို့အတွက် အဓိကအချက်ဖြစ်နေလို့ စနေနေ့ညပွဲစဉ်တွေမှာလဲ ကစားသမားစုဖွဲ့မှုအားကောင်းတဲ့အသင်းတွေကိုပဲ အားပေးရမှာပါ။

**ပဲလေ့စ်အသင်း ရလဒ်ကောင်းမှာပါ**

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ပဲလေ့စ်အသင်းနဲ့ လူတန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပဲလေ့စ်အသင်းဟာ နည်းပြပြောင်းလဲပြီးနောက်ပိုင်း တိုက်စစ်ကစားပုံထက်မြက်လာပေမဲ့ ပြီးခဲ့တဲ့ပွဲစဉ်မှာတော့ စပါးအသင်းနဲ့ တွေ့ဆုံခဲ့တာကြောင့် သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ ဦးဆောင်ဂိုးသွင်းယူပြီး စပါးအသင်းကို တောက်လျှောက်ဖိအားပေးနိုင်ခဲ့ပေမဲ့ ပွဲကစားချိန် မိနစ် ၇၀ ကျော်မှာတော့ စပါးရဲ့တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်မှုမရှိဘဲ သုံးဂိုးထိခွင့်ပြုခဲ့ရလို့ ရှုံးခဲ့တယ်လို့ဆိုရမှာပါ။ အခုပွဲစဉ်ဟာ ကစားအားကျဆင်းနေတဲ့ လူတန်အသင်းကို အိမ်ကွင်းအားသာချက်လဲရှိနေတာကြောင့် ပဲလေ့စ်အသင်း မဖြစ်မနေနိုင်ပွဲရဖို့ကြိုးပမ်းမှာဖြစ်ပါတယ်။ နည်းပြဂလက်စ်နာဟာလဲ ၃-၄-၂-၁ ကစားကွက်မှာ မာတီတာကို အထောင်ထားပြီး ဂျော်ဒန်အရူးနဲ့ အီဒိုအာ့ဒ်တို့ကို နောက်ချန်တိုက်စစ်မှာ တွဲဖက်အသုံးပြုနေတာကြောင့် ပွဲတိုင်းဂိုးရရှိခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ ကစားသမားခုနစ်ဦးထိ ဒဏ်ရာကြောင့်မပါနိုင်ပေမဲ့ လူတန်လို ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းကိုတော့ ပွဲချိန်ပြည့်ဖိအားပေးပြီး ထိန်းချုပ်ကစားနိုင်မှာ သေချာပါတယ်။

လူတန်အသင်းဟာ အခုနှစ်မှ ပရီးမီးယားလိဂ်ကိုတန်းတက်လာပေမဲ့ အမှတ်ပေးပွဲ ၂၆ ပွဲအပြီးမှာ ရမှတ် ၂၀ သာရခဲ့လို့ တန်းဆင်းဇုန်မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမြင့်ဘောတွေကစားတာကောင်းပေမဲ့ ခံစစ်ပိုင်းကလိုအပ်ချက်တွေရှိနေတာကြောင့် ပွဲချိန်ကြာလာတာနဲ့ ပြိုင်ဘက်ကိုမထိန်းချုပ်နိုင်ဘဲ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ အဓိကတိုက်စစ်မှူး အဒီဘာယို၊ ခံစစ်ကအိုရှိုတို့အပါအဝင် ကစားသမားကိုးဦးထိ ဒဏ်ရာရနေတာကြောင့် ရလဒ်ကောင်းဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံခြောက်ပွဲမှာ နိုင်ပွဲပျောက်ခဲ့ပြီး ခံစစ်ကပေးဂိုး ၂၂ ဂိုး ထိရှိခဲ့တာကို တွေ့ရမှာပါ။ လူတန်အသင်းဟာ အဘက်ဘက်က လိုအပ်ချက်တွေများနေချိန်မှာ ကစားပုံတိုးတက်လာတဲ့ ပဲလေ့စ်နဲ့ကစားရမှာဖြစ်တာကြောင့် အခုပွဲစဉ်မှာလဲ ရမှတ်ခွဲယူဖို့တောင် ရုန်းကန်ရမှာသေချာပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းမှာသာလွန်နေတဲ့ အိမ်ရှင်ပဲလေ့စ်ပဲ ရလဒ်ကောင်းမှာပါ။

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၄ | - | ၁ | ပဲလေ့စ် |
| ပဲလေ့စ် | ၁ | - | ၃ | ချဲလ်ဆီး |
| အဲဗာတန် | ၁ | - | ၁ | ပဲလေ့စ် |
| ပဲလေ့စ် | ၃ | - | ၀ | ဘန်လေ |
| စပါး | ၃ | - | ၁ | ပဲလေ့စ် |

**လူတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | ၁ | - | ၃ | ရှက်ဖီး(ယူ) |
| လူတန် | ၁ | - | ၂ | မန်ယူ |
| လီဗာပူး | ၄ | - | ၁ | လူတန် |
| လူတန် | ၂ | - | ၆ | မန်စီးတီး |
| လူတန် | ၂ | - | ၃ | အေဗီလာ |

**အင်တာမီလန်အသင်း နိုင်ပွဲရသွားမှာပါ**

အီတလီစီးရီးအေပွဲစဉ် ၂၈ မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဘိုလော့နာနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘိုလော့နာအသင်းဟာ အသင်းလိုက်ကစားအားကောင်းနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ အမှတ်ပေးပွဲခုနစ်ပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြမော်တာတာဝန်ယူပြီးနောက်ပိုင်း ရလဒ်ကောင်းခဲ့တာကြောင့် အသင်းရဲ့ယုံကြည်မှုမြင့်တက်လာခဲ့တာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးပွဲ ၂၇ ပွဲအပြီးမှာ ဘိုလော့နာဟာ ရမှတ် ၅၁ နဲ့ အဆင့်(၄) ထိတက်ရောက်ခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်အတွက် မျှော်လင့်ချက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အင်တာမီလန်နဲ့ယှဉ်ရင် တိုက်စစ်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုက အားနည်းချက်ရှိနေတာကြောင့် စီးရီးအေမှာ တိုက်စစ်အကောင်းဆုံးဖြစ်တဲ့ အင်တာမီလန်ကို ထိန်းချုပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ တိုက်စစ်မှူးဇက်ခ်ဇီးဟာ သွင်းဂိုး ၁၀ ဂိုးထိသွင်းယူပြီး အသင်းရဲ့ဂိုးသွင်းအများဆုံးကစားသမားဖြစ်နေပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းခုနစ်ပွဲဆက်မှာ တစ်ဂိုးမှသွင်းယူနိုင်ခဲ့တာမရှိပါဘူး။ ဒါကြောင့် ဘိုလော့နာ တိုက်စစ်ဂိုးရဖို့ ရုန်းကန်ရနိုင်လို့ ရမှတ်ခွဲယူဖို့တောင် ခက်ခဲမှာသေချာပါတယ်။

နည်းပြအင်ဇာဂီရဲ့ အင်တာမီလန်အသင်းဟာ ပြိုင်ပွဲစုံမှာ ရလဒ်ကောင်းတွေရယူနိုင်ခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ ၁၄ ပွဲဆက်ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာလဲ ခံစစ်ပိုင်းက ပေးဂိုးငါးဂိုးသာရှိခဲ့ပြီး တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိ အမှတ်ပေးဇယားမှာလဲ ရမှတ် ၇၂ မှတ်ရယူနိုင်ခဲ့ပြီး ဒုတိယနေရာက ဂျူဗင်တပ်အသင်းကို ရမှတ် ၁၅ မှတ်ထိဖြတ်တောက်နိုင်ခဲ့တာကြောင့် အမှတ်ပေးဆုဖလားရဖို့ သေချာသလောက်ရှိနေတာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ပထမအကျော့မှာ အေတီကိုအနိုင်ရခဲ့တာကြောင့် လာမဲ့ဒုတိယအကျော့မှာ သရေကစားနိုင်တာနဲ့ နောက်တစ်ဆင့်ကိုတက်ရောက်ဖို့ အခြေအနေကောင်းနေပါတယ်။ နည်းပြအင်ဇာဂီဟာ ပြိုင်ပွဲအတွင်းမှာ နည်းစနစ်ပိုင်းပြောင်းလဲမှုများတာကြောင့် ကစားသမားစုဖွဲ့မှုအားနည်းတဲ့အသင်းတွေကတော့ အင်ဇာဂီရဲ့ကစားပုံကို ထိန်းချုပ်နိုင်မှုမရှိဘဲ ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ ကွင်းလယ်အားပြုကစားတဲ့ ဘိုလော့နာအသင်း အင်တာမီလန်ရဲ့ပြိုင်ပွဲအတွင်း ကစားကွက်အပြောင်းအလဲကြောင့် အခက်တွေ့နိုင်လို့ တိုက်စစ်ထက်မြက်နေတဲ့ အင်တာမီလန်အသင်းပဲ နိုင်ပွဲရသွားမှာပါ။

**ဘိုလော့နာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုလော့နာ | ၄ | - | ၀ | လက်ချီ |
| ဘိုလော့နာ | ၂ | - | ၀ | ဖီအိုရင်တီးနား |
| လာဇီယို | ၁ | - | ၁ | ဘိုလော့နာ |
| ဘိုလော့နာ | ၂ | - | ၀ | ဗီရိုနာ |
| အတ္တလန်တာ | ၁ | - | ၂ | ဘိုလော့နာ |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၄ | - | ၀ | ဆလာနီတာနာ |
| အင်တာမီလန် | ၁ | - | ၀ | အေတီကို |
| လက်ချီ | ၀ | - | ၄ | အင်တာမီလန် |
| အင်တာမီလန် | ၄ | - | ၀ | အတ္တလန်တာ |
| အင်တာမီလန် | ၂ | - | ၁ | ဂျီနိုအာ |

**ဗလင်စီယာအသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေမှာ အကြိုက်တွေ့မိတာကတော့ ဗလင်စီယာနဲ့ ဂီတာဖေးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရီးရဲလ်မက်ဒရစ်အသင်းကို အိမ်ကွင်းမှာ သရေကစားနိုင်ခဲ့လို့ ယုံကြည်မှုအားကောင်းနေတယ်လို့ ဆိုရမှာပါ။ အဲဒီပွဲစဉ်မှာ သူတို့အသင်းဟာ ဦးဆောင်ဂိုးတွေရခဲ့ပေမဲ့ ခံစစ်ပိုင်းက အမြင့်ဘောတွေရှင်းမထုတ်နိုင်တာကြောင့် ချေပဂိုးပြန်ပေးလိုက်ရတာကို တွေ့ရမှာပါ။ လက်ရှိ ဗလင်စီယာအသင်းဟာ အပေးအယူအချိတ်အဆက်တိကျမှုတွေကြောင့် ပွဲကျပ်ကစားခဲ့ရပေမဲ့ ရလဒ်ကောင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ အယ်မာရီယာကို နှစ်ဂိုးတစ်ဂိုး၊ ဆီဗီလာကို ဂိုးမရှိသရေ၊ ရီးရဲလ်မက်ဒရစ်ကို နှစ်ဂိုးစီသရေကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၂၆ ပွဲအပြီးမှာ ရမှတ် ၃၇ မှတ်သာရခဲ့တာကြောင့် အဆင့်(၉) မှာရောက်နေပေမဲ့ အဆင့်(၆) ကဘက်တစ်နဲ့ ရမှတ်ငါးမှတ်သာကွာဟနေတာကြောင့် ယူရိုပါကွန်ဖရင့်လိဂ်ဝင်ခွင့်ရဖို့ အခြေအနေကောင်းနေတာဖြစ်ပါတယ်။ လက်ရှိ ဒဏ်ရာရကစားသမားတစ်ယောက်သာရှိတဲ့ သူတို့အသင်းဟာ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကိုရပ်တန့်ဖို့ အခုပွဲစဉ်ကို နိုင်ပွဲရဖို့ ရေကုန်ရေခန်းကစားလာပြီး ဥရောပဝင်ခွင့်ရဖို့ကြိုးစားမှာဖြစ်ပါတယ်။

ဂီတာဖေးအသင်းဟာ အခုရာသီမှာ ကစားသမားခေါ်ယူမှုမှန်ကန်ခဲ့တာကြောင့် ရလဒ်ကောင်းတွေရရှိခဲ့ပေမဲ့ နောက်ပိုင်းမှာ ခံစစ်ကစားပုံကျဆင်းသွားလို့ ရမှတ်တွေဆုံးရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၂၀၂၄ ခုနှစ်အတွင်း ကစားတဲ့ပွဲစဉ်တွေမှာ ခံစစ်ပိုင်းကျဆင်းသွားတာကြောင့် လက်ရှိအချိန်ထိ နိုင်ပွဲသုံးပွဲသာရခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာဆိုရင် သုံးဂိုးတစ်ဂိုးနဲ့ ဦးဆောင်ထားပေမဲ့ ဒုတိယပိုင်း မိနစ် ၅၀ ကျော်မှာ နှစ်ဂိုးဆက်တိုက်ပေးခဲ့ရလို့ သုံးဂိုးစီနဲ့ ရမှတ်ခွဲပေးလိုက်ရတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဂရင်းဝုဒ်ဟာ အနီကတ်ထိထားတာကြောင့် လွဲချော်မှာဖြစ်သလို အသင်းရဲ့ဂိုးသွင်းအများဆုံးတိုက်စစ်မှူး မေရီရယ်လဲ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်လို့ ဗလင်စီယာကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့ မလွယ်ပါဘူး။ ဗလင်စီယာအသင်းကလဲ အခုရာသီ အိမ်ကွင်း ၁၃ ပွဲမှာ နှစ်ပွဲသာရှုံးထားသလို အကျောပေးမှုကလဲ သရေကျရင် အပြည့်ရှုံးမဲ့အခြေအနေက နိုင်ပွဲရဖို့ သေချာနေတဲ့ အိမ်ရှင်ဗလင်စီယာအသင်းကိုပဲ အားပေးရမှာပါ။

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၂ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၂ | - | ၁ | အယ်မာရီယာ |
| လက်ပါးမက် | ၂ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၀ | - | ၀ | ဆီဗီလာ |
| ဗလင်စီယာ | ၂ | - | ၂ | ရီးရဲလ်မက်ဒရစ် |

**ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၁ | - | ၁ | ဂီတာဖေး |
| ဂီတာဖေး | ၃ | - | ၂ | ဆဲလ်တာဗီဂို |
| ဗီလာရီးရဲလ် | ၁ | - | ၁ | ဂီတာဖေး |
| ဘာစီလိုနာ | ၄ | - | ၀ | ဂီတာဖေး |
| ဂီတာဖေး | ၃ | - | ၃ | လက်ပါးမက် |

# ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ပေးဆပ်ဝံ့သည် ဘာမထီ** ပထမဆု
တပ်ကြပ်လှိုင်ဝင်းထွန်း

၂။ **နှလုံးလှစစ်သည်များ** ဒုတိယဆု
မြင့်မိုရ်ဦး

၃။ **တပ်မတော်ဂုဏ်ရည်သမိုင်းတည်** တတိယဆု
မျိုးဝင်း(MWD)

၄။ **ပြည်သူ့တပ်မတော်ဇာနည်မော်** စတုတ္ထဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၅။ **မြန်မာပြည်ထောင်စုရဲ့တပ်မတော်** ပဥ္စမဆု
တပ်ကြပ်ကြီးဇော်မျိုးထွန်း

**စစ်သည်တေးသီချင်း**

၁။ **ရပ် ရပ် စစ်ဆိုသည်ကား** ပထမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၂။ **ရွှေရောင်အနာဂတ်ဆီသို့** ဒုတိယဆု
ဇာမဏီ

၃။ **ရွှေသို့ချီမည် ပန်းတိုင်ဆီ** တတိယဆု
မျိုးမြင့်ရန်နောင်

၄။ **ငြိမ်းချမ်းပါစေ တောင်းဆုဝေ** စတုတ္ထဆု
ကျော်ကျော်သိန်း(KKT)

၅။ **သမိုင်းအဆက်ဆက် နှံ့နစ်မခံ** ပဥ္စမဆု
တပ်ကြပ်ဇော်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ပြည်ချစ်မြတ်မော် အောင်တပ်မတော်** ပထမဆု
တာရာ

၂။ **အစဉ်အလာ ၁၂ ပါး စောင့်ထိန်းထားသည့် ပြည်သူ့သားကောင်း တပ်မတော်** ဒုတိယဆု
မျိုးချစ်မောင်သောင်း

၃။ **နိုင်ငံတော်သစ် တိုးတက်ဖြစ်တည် ရွှေသို့ချီအံ့** တတိယဆု
ညိမ်းညို

၄။ **တပ်မတော်ဂုဏ်ရောင်ဖော်ညွှန်း ရင်တွင်းဖြစ်ကမ္ဗည်းမော်ကွန်း** စတုတ္ထဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၅။ **အောင်ကြောင်းဖြာစေ မြန်မာပြေ(ပြည်) မြန်မာ့တပ်မတော် ကြည်း ရေ လေ** ပဥ္စမဆု
ဇီးကုန်းအေးမော်

၆။ **ညအမှောင်ခွင်း လမင်းသာပါစေ နေ့အရှက်ကျင်း နေမင်းဖြစ်ပါစေ** အထူးဆု(၁)
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၇။ **ပြည်ချစ်တပ်မတော် ပွဲတိုင်းကျော်** အထူးဆု(၂)
ညွှန့်ဝင်း(နတ်တလင်း)

၈။ **မိုးထက်ဝယ်ထွန်း ဖြိုးလက်ကြယ်နန်း** အထူးဆု(၃)
ဟန်ညွှန့်(ယဉ်ကျေးမှု)

**ကဗျာ(အလွတ်တန်း)**

၁။ **အလေးပြုပါသည်** ပထမဆု
စန္ဒကူးသစ္စာ

၂။ **ကန္တာရဝတီ သိပါသည်** ဒုတိယဆု
ကိုကို(ရေနံ့သာ)

၃။ **နိုင်ငံ့ဂုဏ်ဆောင် အောင်တပ်မတော်** တတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၄။ **ညီညာစည်သာ ပြည်မြန်မာနှင့် စဉ်လာဂုဏ်ဖြပ်မြင့်မြတ်ထင်ပေါ်တပ်မတော်** စတုတ္ထဆု
မနောဖြူ

၅။ **အလံစောင့်၏သစ္စာ** ပဥ္စမဆု
မြခြူးအိမ်

၆။ **တို့တိုင်းဌာနီ မြန်မာပြည်** အထူးဆု(၁)
မြတ်ထွဋ်နောင်

၇။ **သွေးသစ္စာ ရင်မှာနှင်းကာဖြင့်** အထူးဆု(၂)
ယိမ်းနွဲ့

၈။ **ရဲဝံ့စွာချီပါလေ** အထူးဆု(၃)
မျိုးစစ်သည်

**ဝတ္ထုတို**

၁။ **ညာခြေတစ်ဖက် ပေးဆက်ခဲ့ရသည့်တိုင်** ပထမဆု
ရဲမင်းစိုး

၂။ **နှလုံးသားတိုက်ပွဲ** ဒုတိယဆု
ပင်မြင့်စံ(ရွှေဘို)

၃။ **အရိုင်းပန်းတွေ မွှေးပြီလေ** တတိယဆု
မောင်စူးရှ(အနောက်ရိုးမ)

၄။ **နှောင်းနောင်တတို့ ရောင်နီသစ်ချိန်** စတုတ္ထဆု
ချစ်ခြင်းဖြူ

၅။ **ရိုးတန်မဲ့သစ္စာပန်းတို့၏အဓိဋ္ဌာန်** ပဥ္စမဆု
ထက်ပိုင်ဦး(သစ္စာမြေ)

၆။ **မြင်ထောင့်မတူသည့် ရဲဘော်စိတ်** အထူးဆု(၁)
မျိုးမြင့်ရန်နောင်

၇။ **သွေးအသက်တို့ ပေးဆက်ကာသာ** အထူးဆု(၂)
အမောင်

၈။ **ကြွေသော်လည်းဝေ** အထူးဆု(၃)
ချမ်းမြအောင်

**ဝတ္ထုရှည်**

၁။ **တိမ်ယံထက်ကကြယ်** ပထမဆု
ခန့်ပိုင်

၂။ **မန္တမ်းသောပန်း မခန်းသောရေ** ဒုတိယဆု
ညိမ်းညို

၃။ **အမိရောဝတီ စီးဆင်းတည်ရှိနေသမျှ** တတိယဆု
တက္ကသိုလ်မြမဥ္ဇူ

၄။ **ကြယ်တစ်ပွင့်ရဲ့မပြယ်လွင့်တဲ့သစ္စာ** စတုတ္ထဆု
မနောဖြူ

၅။ **ကြယ်တစ်စင်း၏စွန့်လွှတ်ခြင်းအသချေ** ပဥ္စမဆု
အမေ့သား(နတ်မောက်)

၆။ **ခိုင်ကြည်သောသစ္စာဖြင့်** အထူးဆု(၁)
မုန်းမောင်မောင်

၇။ **သွေးနှစ်စက်၏ဆုံမှတ်** အထူးဆု(၂)
ကျော်တေဇ(ဥက္ကလာ)

၈။ **လွမ်းစိမ့်စိမ့် စီစီရီ** အထူးဆု(၃)
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်း ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချရာတွင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ တစ်လအတွင်း ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဆန်အပါအဝင် လယ်ယာထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်းမှာ ဆန်ကြမ်း ၂၄ ပြည်ဝင်အိတ် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာ ဒီဘက်ကဆန်တွေကို ရန်ကုန်ဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီက ဆန်၊ စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်တွေအများစုက စပါးအတိုင်း တင်ပို့ရောင်းချတာရှိသလို စပါးတွေကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် တင်ပို့ရောင်းချနေတာလဲရှိပါတယ်။ ဆန်တွေအရောင်းအဝယ်ကောင်းလာတဲ့အတွက် တောင်သူတွေ၊ ကုန်သည်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေပါတယ်"ဟု မအူပင်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။



မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကြမ်းအမျိုးအစားများအနေဖြင့် မနောသုခ၊ ထိုင်းဘောကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နံ့ကား၊ ရောမင်း၊ ဆင်းသုခ၊ နယူးရောတို့ဖြစ်ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားများ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀ မှ ၈၈၀၀၀ ထိ ဈေးပေါက်နေကြောင်း မအူပင်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**







## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့၊ လုံးပျဉ် ကျေးရွာနေ မနန်းနီလာမွှေး (၁၃/ပလန(နိုင်)၁၀၄၉၄၃) ၏ဖခင်မှာ ခွန်မောင်ငယ် (၁၃/ပလန(နိုင်)၀၄၇၉၂၇) နှင့် ဦးမောင်ငယ် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ခွန်မောင်ငယ်(ခ)ဦးမောင်ငယ်(၁၃/ပလန(နိုင်)၀၄၇၉၂၇)**

## အမည်မှန်/ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ ရဲကြီးကွေ့(အမက)မှ Grade-5 တန်းတွင်ပညာသင်ကြားနေသော မဇင်ဇင်သော်ဝေ၏အမည်မှန်မှာ မဇင်သော်သော်ဝေ ဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းထိုက်စိုး ဖြစ်ပါကြောင်း။

**မဇင်သော်သော်ဝေ၊ဦးသိန်းထိုက်စိုး(၉/ကဆန(နိုင်)၁၃၁၆၂၄)**

## အမည်မှန်

ကျောက်ဆည်မြို့နယ်၊ ယူနတီ ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးမြင့်ထွန်း ၏သမီးဖြစ်သူ မဆုပုံထွန်း ၏အမည်အား အမည်မှန် မစုပုံထွန်း ဟု ပြောင်းလဲခေါ်ပါရန်။

**မစုပုံထွန်း (၉/ကဆန(နိုင်)၂၃၃၇၃၆)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်နေ ဒေါ်ဝါဝါလှိုင် (ဘ) ဦးသန်းဆွေ (၉/မနတ(နိုင်)၀၀၇၅၇၉)၏ နိုင်ငံကူးလက်မှတ် အမှတ် (ME-478790) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၁၃၀၁၂၀

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ မှိုတ်စုရပ်နေ ဒေါ်နွယ်နွယ်မိုး (ဘ) ဦးတင်အောင် (၅/ကဘလ(နိုင်)၁၂၂၀၅၈) သည် မန္တလေး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ မှိုတ်စုရပ်နေ ဒေါ်အေးခိုင်စန်း (ဘ) ဦးသောင်းကြည် (၉/အမရ(နိုင်)၀၈၅၁၇၅)ပိုင်ဆိုင်သော အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ မှိုတ်စုရပ်ရှိ အကွက်(၅၉၇/၁)၊ ဦးပိုင်အမှတ်(၁၂-င)၊ (၀. ၀၁၉)ဧကရှိ ဂရန်မြေကွက်နှင့် (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နွယ်နွယ်မိုး (၅/ကဘလ(နိုင်)၁၂၂၀၅၈)**
**အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ မှိုတ်စုရပ်**
**၀၉-၄၀၂၅၄၂၄၁၆**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မထိခိုက်စေဘဲ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကမ္ဘာပေါ်တွင် **Food Security** အတွက် လိုအပ်ချက်များရှိ...

❖ အဆိုပါစားနပ်ရိက္ခာလိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို...

❖ အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ရာခိုင်နှုန်း ၃၀၀ ကျော်ခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာရှိ...

❖ ထို့ကြောင့် သီးထပ်စွမ်းအားများတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇက်တင်ဘာ ၂၉ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှုကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၃-၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေး





**နေပြည်တော် မတ် ၇**

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မျိုးဆက်သစ် ဝူရှူးအားကစားသမားများပေါ် ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝူရှူးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခုပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားမောင်မယ်များသည် မိမိတို့၏အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုယှဉ်ပြိုင်သည့် အသင်းအောင်နိုင်ရေးအတွက် အနိုင်မခံ အရှုံးမပေးသော ဇွဲ၊ စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားကြစေလိုကြောင်း၊ **စာမျက်နှာ ၂၀ ကော်လံ ၁**☆

စာမျက်နှာ ၂၀ ကော်လံ ၁


ပဒုမ္မာဆပ်ပြာ
ရေမှာဆို "ကြာ"
ဆပ်ပြာမှာ "ပဒုမ္မာ"

